www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မအေးလေး

## နှင်းဆီနီ... နှလုံးသား

စာမူခွင့်ပြုချက်အမှတ် - ၃၉၀/၂၀၀၃ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၇၃/၂၀၀၃ (၄)

၂၀၀၃ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်

တန်ဖိုး - ၃၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၀၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

နမော်တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မအေးလေး

# နှင်းဆီနီနှလုံးသား





မောင်ကျော်လှိုင် စေတနာစာပေမှ
စီစဉ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လောကမှာ
လုံးဝတဲ့ရဲ့ခံရသော ယောကျ်ား(မိန်းမ)
လုံးဝချစ်မွှမ်းခံရသော ယောကျ်ား(မိန်းမ)သည်
ရှေး၌လည်းမရှိခဲ့
ယခုလည်းမရှိ
နောင်လည်းရှိလိမ့်မည်မဟုတ်
(ဓမ္မပဒ)

## အခန်း(၁)

BURMESE CLASSIC

"ဝေသျှန် . . ဝေသျှန် မဟုတ်လား"

"ဟုတ်တယ် . . ဝေသျှန်လေ . . အဲဒါ . . ဝေသျှန်ပေါ့
ရှစ်ရှင်မင်းသမီး ပြည့်ဝေသျှန်"

ဆိုတာ . . တိကျသေချာစွာသိလိုက်ပြီးနောက်မှာတော့ . . လူတွေ တစ်စုတဝေးကြီး 'သျှန်'ဆီနံဘေးမှာ စုဝေးရောက်ရှိလာကြခြင်းလောက် . . 'ဝေသျှန်'စိတ်ပျက်တာမရှိတော့ပါ။

"ဝေသျှန် . . ဝေသျှန်"

အော်ဟစ်နှုတ်ဆက်ကြ၊ လက်ပြနှုတ်ဆက်ကြ



www.burmeseclassic.com

www.burmeseclassic.com



အော်တို ရေခိုင်းကြခြင်းတို့ ဟိုးအရင်တုန်းကတော့ . . 'သျှန်' ကြည်နူးရွှင်မှုရှိခဲ့ပါသည်။

အောင်မြင်ခြင်းအတွက် ဂုဏ်ယူတက်ကြွမာန တက်ခဲ့ပါသည်။

ယခုအချိန်မှာတော့ . . 'သျှန်'သည် အားလုံးနှင့်ဝေးရာသို့ပြေးချင်ခဲ့ပြီ။

လူသူတင်းမဲ့ရာ . . တိတ်ဆိတ်ငြိမ်သက်ရာ နေရာတစ်နေရာလောက်တောင်မှ 'သျှန့်'အတွက် နေရာမရှိတော့ပြီလား။

အထူးသဖြင့် . . .

'သျှန့်'ကိုမြင်လို့တောင်မှ ရှုပ်ရှပ်မင်းသမီး . . 'မြည့်ဝေသျှန်'ရယ်လို့ လူမသိနိုင်သောနေရာတစ်ခုခုမှာ 'သျှန်' တိတ်ဆိတ်ငြိမ်သက်စွာ ခိုအောင်းချင်လှပါသည်။ အဲဒီနေရာက ဘယ်နေရာမျိုးဖြစ်နိုင်ပါသလဲ။

"နောင်ရိုး . . . ရယ်"

ယခုအချိန်မှာ သတိရမိသူက နောင်ရိုးပဲဖြစ်၏။ နောင်ရိုးက သျှန်၏ဘဝတာစ်စိတ်တစ်ဒေသဖြစ်ခဲ့တာ ဘယ်လိုမှမငြင်းပယ်နိုင်ပါ။





ဖြစ်ပျက်ခဲ့သမျှသော အဖြစ်အပျက်မှန်သမျှကို 'နောင်ရိုး'၏ရှေ့မှာဖွင့်ပြောပြပြီး အားရပါးရ ငိုချလိုက်ရလျှင် စိတ်ထဲမှာ နင့်သီးစွာခံစားနေရသမျှအားလုံး ပြေပျောက်တောင်း ပြေပျောက်နိုင်မည်ထင်ပါရဲ့။

ရင်မှာပေါ့ပါးသွားနိုင်မည်ထင်ပါရဲ့။

မျက်စိအကြည့်က 'နောင်ရိုး'နှင့်ပန်းချင်းတိုက် ရယ်မောနေစဉ်ရိုက်ထားသောဓာတ်ပုံကိုအကြည့်ရောက်၏။

"ဒီကောင်နဲ့တွဲရိုက်ထားတဲ့ဓာတ်ပုံကို တခမ်းတနားချိတ်ထားရလောက်အောင် ဒီကောင်က မင်းအတွက်အရေးပါနေလို့လား 'သျှန်'၊ အဲဒီလူက ဘယ်သူလဲလို့မေးကြပြောကြ . . အမိပွါယ်အမျိုးမျိုးနဲ့ကြည့်ကြတာကို မင်းက တော်တော်သဘောကျနေတယ်ပေါ့ . . ဟုတ်လား"

'ကို'ထံမှ မလိုတမာသံကို . . ယခုပင် နားမှာကြားရသလို . . ပြန်လည်ကြားယောင်လာခဲ့၏။

"ဖုန်းမြင့်နိုင်"ဟူသော 'ကို'က သေသျှန်၏ဘဝ သေသျှန်၏နှလုံးသားတို့သာမက . . စိတ်ကိုပါ စိုးမိုးချင်သူလည်း ဖြစ်ခဲ့၏။

အရာခပ်သိမ်းကို ကြွေလွှမ်းမိုးခြယ်လှယ်ချင်



www.burmeseclassic.com

www.burmeseclassic.com



သူလည်းဖြစ်၏။

"ဘာဖြစ်သလဲ . . မေးတော့လည်း ဖြေလိုက်မှာပေါ့ ကိုရဲ့ 'နောင်ရိုး'က 'သျှန်'ရဲ့ငယ်သူငယ်ချင်းပဲ အမြဲတမ်းပဲ သျှန့်ကိုကူညီခဲ့တဲ့သူငယ်ချင်းလေ၊ သျှန် ဘယ်လိုမှပစ်ပယ်မထားသင့်တဲ့ သူငယ်ချင်းနဲ့တွဲရိုက်ထားတဲ့ ဓာတ်ပုံကို 'သျှန့်'ညည်ခန်းထဲမှာချိတ်ထားတာ ဘာဖြစ်သလဲ"

"ချိတ်ကွာ . . ချိတ်၊ ဧည့်ခန်းထဲမှာမဟုတ်ဘူး . . အိပ်ခန်းထဲမှာပါချိတ် . . ချိတ်ချင်တဲ့နေရာမှာ ချိတ်"

အော်ကြီးဟစ်ကျယ် . . ဒေါသထွက် စိတ်ဆိုးသဝန်တိုခဲ့စဉ်က . . .

ဪ . . 'ကို'က သျှန့်ကို အရမ်းချစ်ရှာလို့ သဝန်တိုပေတာပဲဟု . . . 'သျှန်' သည်းခံခွင့်လွှတ်နိုင်ခဲ့ပါသည်။

"ချစ်ရှာတယ်"ဟု သဘောကျကျေနပ်ခဲ့ပါသည်။

ယခုတော့ကွယ် . . .

တဖားဖား . . အသံထွက်အောင် အော်ရယ်မိ၏။ စိတ်ရှိလက်ရှိအော်ဟစ်ရယ်မောရင်းက မျက်ရည်တွေ စီးဆင်းကျကာ ငိုနေမိတာ . . .



နောင်ရိုးရယ် . . . မင်းသိပါရဲ့လား။

သျှန် . . အားရပါးရ ရယ်မောရာမှ စားပွဲပေါ် မျက်နှာမှောက်ငိုနေတာကို . . အိမ်ဖော်ကောင်မလေးနှစ်ယောက်က အခန်းဝနားမှာ ပြူတစ် ပြူတစ်လာကြည့်ကြတာကလွဲလို့ 'သျှန့်'ကို အားပေးနှစ်သိမ့်နိုင်မယ့်သူရယ်လို့ ဘယ်သူမှ မရှိကြပါ။

'သျှန်' ရင်ဖွင့်စကားပြောရမည့်သူရယ်လို့ . . ဘယ်သူမှမရှိကြပါ။

'နောင်ရိုး'ကို ဖြိုးပြစွာသတိရ၏။

ယခုအချိန်မှာ . . 'သျှန်'အတွေ့ချင်ဆုံးက 'နောင်ရိုး'ပဲဖြစ်ပါသည်။

နောင်ရိုးရယ် . . .

ငါ . . ရင်ကွဲချိန်ကျမှ နင့်ကိုသတိရမိတာ . . ခွင့်လွှတ်ပါတော့။

ကုန်လွန်ခဲ့ပြီဖြစ်သော အချိန်ကာလများစွာက လူတွေ၏ဘဝကို ပြောင်းလဲမှုများစွာဖြစ်ထွန်းစေခဲ့၏။

မေ့လျော့ထား၍မရသောအကြောင်းတရားများစွာတွင် လူတိုင်းအတွက် 'အတိတ်'သည် ထိပ်ဆုံးကပါရှိသော 'သျှန်'အသိဆုံးပဲဖြစ်လေသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂)

အချိန်ကာလတွေကုန်ဆုံးပျောက်ကွယ်သွားသည့်တိုင် . . မပျောက်ကွယ်ဘဲ အိုမင်းဟောင်းနွမ်းစွာကျန်ရှိနေသောနေရာကလေးက 'သျှန်'၏အတိတ်ကို နက်ရှိုင်းစွာတူးဆွဖော်ထုတ်စေနိုင်သည့် . . 'ဝါးရိုပ်' စားသောက်ဆိုင်ကလေးပဲဖြစ်၏။

'ကျဲ'နေ၏ ဆည်းဆာရောင်က . . 'ဝါးရိုပ်'၏အကျည်းတန်စွာ သိမ်ငယ်နုံချာခြင်းကို ဘယ်လိုမှ ဖုံးကွယ်နိုင်စွမ်း မရှိနိုင်ပေ။

ပြုပြင်ခြင်းကင်းမဲ့စွာ အရောင်ဖျော့သင်းတာမဲ့



www.burmeseclassic.com

www.burmeseclassic.com



နေသည့်ပြင်၊ နှစ်ရှည်ကြာလှပြီဖြစ်သာ 'ဝါး'တိုင်အချို့က ယိမ်းယိုင်စပြုလာခဲ့ပြီဖြစ်၏။

ဒါတောင် . . ဝါးပိုးဝါးကြီးတွေနှင့် အခိုင်အမာတည်ဆောက်ထားခဲ့တာဖြစ်၏။ ဟိုးအရင်ကတော့ ကာရံထားသော 'ဝါးကပ်'ကို ရေနံချေးဝနေအောင်သုတ်ထားသဖြင့် . . အရောင်အဆင်းရှိရှိ တောင့်တင်းခိုင်မာမှုအပြည့်ဖြင့် . . 'ဝါးရိပ်' စားသောက်ဆိုင်ကလေးက အထိုက်အလျောက်အားဖြင့် တင့်တယ်မှုရှိခဲ့ပါသည်။

သက်ကယ်မိုးထားသော အမိုးအောက်ရှိ သပ်ရပ်စွာခင်းကျင်းပြင်ဆင်ထားသော 'ဝါးရိပ်'သည် အမှန်တကယ်ကို အေးချမ်းနှစ်လိုဖွယ်ရှိခဲ့ပါသည်။

အပြင်မှဝင်ရောက်လာသူကို အေးငြိမ်းမှုအမှန်တကယ်ပေးခဲ့ပါသည်။ 'ဝါးရိပ်'၏အရိပ်ကို မှီခိုခဲ့သူထဲမှာ 'သျှန်'တို့လည်းပါခဲ့သည်ပဲ။

သျှန်သည် ကားပေါ်မှာငြိမ်သက်စွာထိုင်နေရင်းမှ 'ဝါးရိပ်'ကို အတန်ကြာငေးမောကြည့်ရှုနေမိ၏။

လူမှရှိပါရဲ့လားဟုထင်ရလောက်အောင် . . 'ဝါးရိပ်'ခြောက်ကပ်ခြင်းက . . 'သျှန်'၏စိတ်ကိုဆိမ့်ကိုက်စေလေ





သည်။

သျှန်သည် ခေါင်းမှာဆောင်းထားသော ဦးထုပ်ပျော့ကလေးကိုချွတ်လိုက်၏။

ထိုအခါ . . ဦးထုပ်ပျော့ကလေးထဲ၌စုစည်းထားခဲ့သည့် 'သျှန်'၏ဆံနွယ်ရှည်များက ဖွာခနဲလွင့်ကျလာခဲ့၏။

ပိုးသားလို နူးညံ့ဖြောင့်စင်းလှပသောဆံရှည်များက သျှန်၏ထူးခြားစွာလှပသည့် အလှတရားထဲမှ အလှအဝတစ်ခုအဖြစ်ထင်ရှားခဲ့၏။

ပန်းခရမ်းရောင်ဖျော့ဖျော့ အဆရောင်သွေးထားသည့်မျက်မှန်ကို သျှန်က ချွတ်မည်ပြုပြီးမှ စိတ်ပြောင်းကာ မချွတ်ဖြစ်တော့ပေ။

ချည်သားပျော့ပျော့ ခရမ်းဖျော့ဖျော့နှင့် နီညိုရောင်အကွက်စိတ်ရှပ်အင်္ကျီကို စတိုင်လ်ဘောင်းဘီနက်ပြာရောင်နှင့်တွဲဝတ်ထားသော ပြည့်ဝေသျှန်ကို ကားအနီးမှဖြတ်သွားသော တစ်ယောက်စ နှစ်ယောက်စလောက်က အမှတ်မထင်ငေးစိုက်ကြည့်သွားကြ၏။

ဝီလို . . ချောက်တီးချောက်ချက် ချောင်ကျကျ စားသောက်ဆိုင်ကလေးကို နာမည်ကျော်ကြားလှပါများသော



www.burmeseclassic.com

www.burmeseclassic.com



ရှပ်ရှင်မင်းသမီးတစ်ယောက်တည်းရောက်လာလိမ့်မယ်လို့ . . ဘယ်သူက ထင်မတဲ့လဲကွယ်။

'သျှန်' ကားပေါ်မှခြေချဆင်းချိန်မှာ မှောင်ရီပျိုးစပြုပြီဖြစ်၏။ ဆိုင်ထဲမှ မီးရောင်မှိန်ဖျော့ဖျော့ကလေးက . . ပိုးအရင့်တုန်းကထက်တောင် အားနည်းဖျော့တော့နေ၏။

ဆိုင်နားသို့ 'သျှန်'ရောက်လာချိန်မှာ အသံဝီသကြည်လင်ချိုမြခြင်းမရှိလှသော သီချင်းသံကို စတင်ကြားရ၏။

'သျှန်'သည် လှမ်းလက်စခြေလှမ်းကိုရပ်မိ၏။ ဒီနေရာမှ ချာခနဲ လှည့်ထွက်ပြေးချင်စိတ်ဖြစ်ထွန်း၏။ ရင်မှာနာကျင်စွာခံစားရသောဝေဒနာတွေထဲမှာ ဒီဝေဒနာက အကြီးမားဆုံးပဲဖြစ်လေသည်။ အခံရ အခက်ဆုံးလည်းဖြစ်လေသည်။

သို့သော် . . .

ဒီဆိုင်ကလေးကို 'သျှန်'မလာဘဲလည်း မနေနိုင်ပါ။ မကြာခဏဆိုသလို ရောက်ရောက်လာမိလေသည်။

❀ ❀ ❀

ချောင်ကျကျနေရာ၌ 'သျှန်'ဝင်ထိုင်ချိန်မှာ





ဆိုင်မှအလုပ်သမားလေးက အပြေးရောက်လာ၏။ 'သျှန်'ကိုမြင်သောအခါ ရွှင်ပျသွား၏။

"ဟာ . . မမပဲ"

တဲ့ခြံဝမ်းသာစွာဆိုရင်း မျက်လုံးတကြည့်က ခပ်လှမ်းလှမ်းမှာရပ်ထားသော 'သျှန်'၏ကားကိုမြင်တွေ့သွား၏။

"ဘစိုရော . . မတွေ့ပါလား"

သျှန်က ဆိုင်ကိုမျက်လုံးတစ်ချက်စေ့ကြည့်ရာက မေးလေးဆတ်မေးမှ . . ကောင်လေးက ဟိုဇီလှမ်းကြည့်ရာမှ ခေါင်းကုတ်၏။

"ခုနပဲရှိသေးတယ် . . ဘယ်ရောက်သွားလဲမသိဘူး။ ကျွန်တော်သွားရှာလိုက်မယ်"

ကောင်လေးက ချာခနဲလှည့်ပြေးမည်အပြု . . 'သျှန်'က တမျှကယာ ဟန့်တားရ၏။

"မရှာနဲ့ နေပေ့စေ . . ကိစ္စမရှိဘူး။ 'ဘစို'နဲ့လာတွေ့တာမဟုတ်ဘူး။ ခါတိုင်းလိုပဲ လက်ဖက်ရည်ကောင်းကောင်းတစ်ခွက်ဖျော်ပေး"

"ဟုတ်"

ကောင်လေးက နေရာမှ လှစ်ခနဲပြေး၏။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ပုံစံလေးက 'သျှန်'နှင့်စကားပြောခွင့်ရသည်ကို ကျေနပ်ပျော်ရွှင်သွားပုံရ၏။

သူတို့ဆိုင်သေးသေးလေးကို 'သျှန်'ရောက်လာခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပုံလည်းရ၏။

ခါတိုင်းကတော့ . . 'သျှန်'ရောက်လာလျှင် အပိုနဲ့ပဲစကားပြောဆိုသွားတာလေ။ ဒီတစ်ခါပဲ သူနှင့်ထိပ်တိုက် စကားပြောခွင့်ရခြင်းအတွက် အရမ်းကို ကျေနပ်နေ၏။

'သျှန်'ကတော့ မေးကို လက်ဖဝါးလေးဖြင့်ပင့်ကိုင်ကာ စားပွဲပေါ် လက်ထောက်တင်ပြီးမှ . . အရောင်အဆင်းတင်းမဲ့ညစ်ပတ်နေသောစားပွဲခုံကိုသတိရကာ လက်ကလေးရုတ်သွား၏။

ပိုက်ဆံအိတ်ထဲမှ တစ်သျှူးထုတ်ကာ စားပွဲခုံမျက်နှာပြင်ကိုသုတ်ရင်း . . ဟိုးအရင်တုန်းက ဒီစားပွဲပြင်၏မျက်နှာပြင်ပေါ် လက်တင်လျက် ခေါင်းလေးတစ်ခြမ်းစောင်းအိပ်ခဲ့ဖူးတာသတိရကာ စိတ်က ထိုအချိန်ကိုပြန်ရောက်သွားလေသည်။

❀ ❀ ❀



## အခန်း(၃)

'သျှန်'၏အမည်အရင်းက 'အရိပ်' ဖြစ်၏။ 'အရိပ်'ဆိုသောအမည်ကို သျှန်၏မေမေကမှည့်ပေးခဲ့တာဖြစ်လေသည်။

"ဟဲ့ . . နာမည်ကလည်း 'အရိပ်'ရယ်လို့ ဘယ်လိုနာမည်ကြီးလဲ၊ ကလေးကို တခြား နာမည်လှလှပြောင်းပေးပါ အပြုံးရာ၊ အရိပ်ဆိုတာ အလင်းရောင်တစ်ခုခုနဲ့တွေ့ထိမှထွက်လာတဲ့ပုံရိပ်ဟ၊ ကိုယ်ပိုင်ဂုဏ်ဖြပ်တစ်ခုမှ မရှိတာကြီး"

'ဝါးရိပ်'စားသောက်ဆိုင်လေးမှ ဘကြီး သျှန်၏

www.burmeseclassic.com



နာမည်ကို လုံးဝနှစ်ခြိုက်ခြင်းမရှိခဲ့ပေ။ မေမေက ဝါးရိပ်စားသောက်ဆိုင်ကလေးမှာ လက်ဖက်ရည်ကူဖျော်ပေးရသော စားပွဲထိုးပေး၊ စိုက်ဆံသိမ်းပေးရသော အရောင်းဝန်ထမ်းဖြစ်၏။

အပြုံးဆိုသောနာမည်နှင့်လိုက်ဖက်လှစွာ . . သီချင်းလေး တအေးအေးညည်းရင်း မျက်နှာလေးပြုံးချိုနေသော ကောင်မလေးကြောင့် 'ဝါးရိပ်'ဆိုင်မှာ ပိုမိုဝင်ကြွားတောက်ပလာ၏။

"ကက်ဆက်မလိုဘူး . . ရေဒီယို မလိုဘူးဗျာ၊ ကျွန်တော်တို့က အပြုံးသီချင်းသံကြားချင်လို့ကို လာတာ"

အဲဒီအချိန်တုန်းကတော့ လက်ဖက်ရည်ဆိုင်ဆိုတာ ကက်ဆက်သံ တညံညံရှိလေ လူစည်လေအချိန်မျိုးပါ။

တချို့က လက်ဖက်ရည်တစ်ခွက် ရေနွေးကြမ်းကရားတစ်ဘိုးနှင့် သီချင်းနားထောင်ကြ၏။ တချို့က သူတို့နားထောင်ချင်သောသီချင်းခွေကလေးတွေယူဆောင်လာကာ ဖွင့်ခိုင်းတတ်ကြ၏။

ထိုအချိန်မှာ . . .

ပြုံးက အလုပ်လုပ်ရင်းမှ သီချင်းလိုက်ညည်းဓိ၏။ ပြုံး၏အသံက ငြိမ်၏။ အသံအေးဖြစ်၏။ ကြားရသူတိုင်း





စိတ်နှလုံးအေးချမ်းစေသောအသံလည်းဖြစ်၏။

"တာ . . မဟုတ်တာ၊ ပြုံးက . . သီချင်းကို ဒီအတိုင်းအလွတ်ဆိုတတ်တာမှ မဟုတ်တာ၊ သီချင်းဖွင့်ထားမှ လိုက်ဆိုတာမျိုးပဲရတာ"

ပြုံးက ရှက်တက်တက်မျက်နှာလေးဖြင့် ငြင်း၏။ ဒါကို 'ဘပို'ဟု သျှနိတ္တိခေါ်ကြရမည့် ဦးလေး ချစ်ပိုက . . "ဒီကောင်မလေး အဆိုပညာမဆိုးဘူး"ဟု သတိထားမိ၏။

"ဒီလိုလုပ်ပါလား . . ဟိုဆရာက ဂစ်တာတီးဗျာ၊ မပြုံးက ဆို မကောင်းဘူးလား"

'ဘပို'ဖြစ်လာမည့် ဦးချစ်ပိုက ပရိသတ်ပွဲဆောင်းရာကို အာရုံရောက်၏။ လက်ဖက်ရည်လာသောက်သူထဲမှာ ဂစ်တာကိုင်လာသူပါနေခဲ့၏။

"မဟုတ်တာ . . ပြုံး မဆိုတတ်ပါဘူး"

ပြုံးက ဦးချစ်ပိုကို မှမ်းကြည့်ကာ ရယ်မောပြီး ငြင်းဆိုလေသည်။ ပြုံးက အလုပ်သမားဖြစ်၏။ ဦးချစ်ပိုက အလုပ်ရှင်ဖြစ်၏။ ပြုံးကဆိုချင်သည့်တိုင် . . ဦးချစ်ပို ခွင့်ပြုမှဆိုရမှာလည်းဖြစ်လေသည်။

"ကဲ . . ဦးလေးချစ် . . ဘယ်လိုလဲ၊ မြိုင်မြိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



လေးဖြစ်သွားအောင်ဗျာ၊ မကောင်းဘူးလား"

ဇီနွေညက လပြည့်ညဖြစ်၏။ လရောင်က ဆိုင်ပတ်ဝန်းကျင်မှာ ဖြာကျလို့နေ၏။ ဂစ်တာဆရာလေးမှ ဂစ်တာစမ်းလိုက်သံသည် သာယာစွာထွက်ပေါ်လာလျက် စိတ်နှလုံးကို ပျော့ပျောင်းနူးညံ့စေခဲ့ပါသည်။

"လုပ်ကြလေ ... သူ့ဆိုမယ်ဆိုရင် သူ့သဘောပဲပေါ့ ... ကျုပ်ကဘာပြောစရာရှိမှာလဲ"

'ဟေး'ခနဲ အော်ဟစ်ပျော်မြူးသံ။

လက်ခုပ်တီးသံ ညံသွား၏။

"မပြုံး ဆိုဗျာ .. ဆိုစမ်းပါ၊ ခင်ဗျားအသံကောင်းလွန်းလို့ ပွဲတောင်းကြတာဗျ .. ခင်ဗျားကလည်း"

'ငိုချင်ရက် လက်တို့'ဆိုသောစကားရှိပါ၏။

ပြုံးကျတော့ .. 'ဆိုချင်ရက် လက်တို့'ဟုပြောရပါမည်။ ရေငတ်တုန်း ရေတွင်းထဲကျသူလို .. 'ပြုံး'ကိုနောက်ထပ်တိုက်တွန်းစရာမလိုဘဲ သီချင်းဆိုဖြစ်စေ၏။

ခပ်ကြွားကြွားကလေးပြောရရင်တော့ .. စားသောက်ဆိုင်တွေမှာ သီချင်းဆိုဖျော်ဖြေမှုက 'ဝါးရိပ်'ကစတင်ခဲ့တာလို့တောင် ပြောလို့ရမည်ထင်ပါသည်။





ဒီကစလို့ .. 'ဝါးရိပ်'၏အခြေအနေက ပုံစံတစ်မျိုးပြောင်းခဲ့၏။

လက်ဖက်ရည်ဖျော်၊ စားပွဲထိုး၊ ငွေသိမ်း ကြုံသလို အလုပ်ဝင်လုပ်ရသော 'ပြုံး'က သီချင်းဆိုသော အဆိုတော်ကလေးဖြစ်မှန်းမသိ ဖြစ်လာ၏။

ကက်ဆက်သံအစား 'ပြုံး'၏အသံသာသာလေးက ထူးခြားဆန်းပြားစွာ ညို့ငင်ဆွဲဆောင်နိုင်စွမ်းရှိ၏။

ဝါသနာရှင်တချို့အတွက်လည်း ဝင်ရောက်တီးခတ်သီဆိုနိုင်ခြင်းအတွက် 'ဝါးရိပ်'မှာ လူစည်ကားလာ၏။

နောက်ပိုင်းမှာတော့ ဝါးရိပ်၏တီးဝိုင်းလေးက [illegible]ကျယ်ပြန့်လာခဲ့၏။ 'ဝါးရိပ်'၏နာမည် လူသိများလာသလို .. ဆိုင်၏ရောင်းအားက ပိုမိုကောင်းမွန်လာခဲ့၏။

ပြုံးကြောင့် စီးပွားဖြစ်ထွန်းလေသည်ဟု ဦးချစ်ဖိုးနှင့် ဇနီးသည်ဒေါ်ညွန့် (အများကအမေညွန့်ဟုခေါ်ကြပါသည်)က ပြုံးကို ပိုမိုအရေးပေး၏။

မိဘမဲ့တစ်ကောင်ကြွက်ဖြစ်သော ပြုံးကို 'သမီး'ရင်းနှင့်မခြား ချစ်ကြ၏။

ထိုအချိန်မှာ ကိုသန့်စင်နော ... သို့ 'ပြုံး'က



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကောက်ပါအောင်လိုက်သွားခဲ့သဖြင့် ဦးချစ်ပိုနှင့် ဒေါ်ညွန့်မှာ အံ့ဩတကြီးဖြစ်ရလေသည်။

"ဘယ်လိုဖြစ်တာလဲကွယ် . . တကယ်ဆို . . သူတို့ချင်း မေတ္တာမျှတယ်လို့ဖွင့်ပြောရင် တို့များက တစ်ခုခု မစီစဉ်ပေးရပါလား၊ မင်း တစ်ခုခုများပြောမိသလား"

ဦးချစ်ပို . . စိတ်မကောင်းဖြစ်သလို ဒေါ်ညွန့် မျက်နှာပျက်၏။

"သူတို့ချင်းမေတ္တာရှိနေမှန်းသိလို့ မောင်သန့်စင်ရဲ့ နောက်ကြောင်းကို နည်းနည်းပါးပါးလေးမေးမြန်းစုံစမ်း ကြည့်ဖို့ . . ပြုံးကိုတော့ သတိပေးစကားပြောမိတာပဲ ကိုချစ်ရယ်၊ ဆိုင်တိုလာလို့သာ တွေ့ကြ သိကြတာဆို တော့ ဇာစ်မြစ်ကလေးလောက်တော့ သိသင့်သလားလို့ ပါ"

"အဲဒီတော့ . . ဘာပြောသလဲ"

"မောင်သန့်စင်ကိုမေးကြည့်မယ်ပြောတာပဲ၊ ဒီလိုလိုက် သွားမယ်မှန်းသိရင် ဘာစကားမှ ပြောမနေပါဘူး"

ဒေါ်ညွန့်အသံက စိတ်မကောင်းဖြစ်လွန်းသဖြင့် တိမ်ဝင်သွား၏။





"ကွာ . . ဒီလောက်ကတော့ မေးမြန်းစုံစမ်းတာ ဘာဖြစ် သလဲ၊ ဒါ . . မင်းအပြစ်လည်းမဟုတ်ပါဘူး ညွန့်ရဲ့ ထားလိုက်၊ အချိန်တန်ရင် ပြန်ရောက်လာလိမ့်မယ်"

ပြုံးနှင့် 'စ'ခဲ့သော တီးဝိုင်းကလေး ပြိုကွဲမပျက် စီးသွားဖို့ ဂစ်တာဆရာငှား၊ သီချင်းဆိုတတ်သူခေါ်ဖြင့် . . 'ဝါးရိပ်' ကို ဆက်လက်ထိန်းထားခဲ့၏။

ဒီလိုနှင့် . . တစ်နှစ်ပြီးတစ်နှစ် အချိန်တွေကုန် ဆုံးသွားခဲ့၏။ 'ဝါးရိပ်'မှာ ပြုံး၏နာမည်ကို မေ့စပြုလာခဲ့၏။

ဒီအချိန်မှာ . . 'ဝါးရိပ်'၏တံခါးဝမှာ ကလေး လက်ဆွဲလျက် ဘွားခနဲပေါ်လာသူက ဦးချစ်ပို ဘယ်လိုမှ မျှော် လင့်မနေတော့သော ပြုံးဖြစ်နေလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၄)

"လာကွဲ့ . . ထိုင် . . ဘာသောက်မလဲ"

ဦးချစ်ပိုက လူရိပ်မြင်တာနှင့် ဆီးကြိုခေါ်တာ အကျင့်ဖြစ်နေ၏။

"လက်ဖက်ရည်၊ ကော်ဖီ၊ ထမင်းကြော်၊ အီကြာကွေး၊ စမူဆာ . . ပေါင်မုန့်ကြော် . . "

"ဦးလေးချစ် . . "

တရင်းတနှီးခေါ်သံကြောင့် ဦးချစ်ပို၏ နှုတ်မှ ဒလစပ်ရွတ်နေသံ ရပ်သွား၏။ စားပွဲခုံရှင်းလင်းနေရာမှ သာအုံ့ တသြကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင် အချောင်းလိုက် မျက်နှာပေါ်ကျနေသော မျက်နှာရွှမ်းရွှမ်းနှင့်မိန်းမ၏ပုံစံကို သိသလိုလိုရှိ၏။

"ပြုံးလေ . . ဦးလေးချစ်၊ ပြုံးကို မမှတ်မိတော့ဘူးလား"

ပြောရင်း ငိုသံပါလာကာ ပြုံးက အနားကိုပြေးလာမှ ဦးချစ်ပို 'ဟင်'ခနဲဖြစ်ရလေသည်။

"ဟယ် . . မိပြုံး . . ဖြစ်ရလေဟာ၊ ဘယ်လိုဖြစ်လာတာလဲ . . ဒါ"

ပြုံးက ဦးချစ်ပိုရှေ့နားရှိ ကုလားထိုင်စွန်းမှာ ဖွဲ့ခနဲထိုင်ကာ အားရပါးရ ငိုချ၏။

မှတ်မိစရာလုံးဝမရှိအောင် စုတ်ပြတ်နေတာ ဘယ်လိုမှတ်မိနိုင်မှာလဲ . .

ဦးချစ်ပို ဆူချင်လေသည်။

သို့သော် . . 'ပြုံး'ငိုတော့ ပါလာသောကလေးမလေးကပါ နှုတ်ခမ်းကလေးကွေးညွတ်မဲ့ဆင်းလာကာ ငိုစပြုလာသဖြင့် ဒေါသစိတ် မျိုသိပ်ချလိုက်ရလေသည်။

"ဟာ . . နင်ငိုတော့ ကလေးကပါ ငိုပြီဟ၊ တိတ်တိတ်ဆိုင်ထဲမှာလူတွေနဲ့ဟာ . . မရှက်ဘူးလား၊ ဒါ . . နင့်ကလေးလား . . ဟုတ်လား"





"ဟုတ် . . ဟုတ်ကဲ့"

ပြုံးက . . ယခုမှသတိဝင်လာကာ ခေါင်းထောင်ကြည့်ရင်း မျက်ရည်သုတ်၏။

"အရိပ် . . မငိုနဲ့နော်၊ တိတ် . . သမီး . . ထိုင် . . ဒီမှာ"

အနီးရှိကုလားထိုင်ကို အနီးဆုံးရောက်အောင် ဆွဲယူပြီး ထိုင်စေ၏။

"အမေညွှန့်ရောဟင် . . ဦးလေးချစ်"

"ရှိတယ် . . ခုတလော . . ကောင်းကောင်း မကျန်းမာတော့ ဆိုင်တောင် မလာနိုင်တော့ဘူး၊ ဘာလဲ . . နင်ခေါ်လိုက်တာ ကလေးနာမည်လား . . 'အရိပ်'ဆိုတာ"

"ဟုတ်ကဲ့"

"ဟဲ့ . . နာမည်ကလည်း 'အရိပ်'ရယ်လို့ ဘယ်လိုကြီးလဲ၊ ကလေးနာမည်ကို တခြားနာမည်လှလှပြောင်းပေးပါ အပြုံးရာ၊ အရိပ်ဆိုတာ အလင်းရောင်တစ်ခုခုနဲ့တွေ့ထိမှထွက်လာတဲ့ပုံရိပ်ဟ၊ ကိုယ်ပိုင်ဂုဏ်ဖြစ်တစ်ခုမှမရှိတာကြီး"

ပြောနေစဉ်မှာပင် . . 'ပြုံး' မျက်နှာချက်ကာ မျက်ရည်တွေ တားမနိုင်ဆီးမရ ကျလာတာမြင်တော့ ပြောမိသော



www.burmeseclassic.com

www.burmeseclassic.com



စကားအတွက် အားနာသွား၏။

ငိုကြီးချက်မနှင့်ရောက်လာကတည်းက .. ကောင်းသောလာခြင်းမဟုတ်တာ သိ၏။

နဂိုက စိုစိုပြည်ပြည်ရှိသော အသားအရည် ပြည့်တင်းမှုမသောပင်ကိုယ်အလှရယ်လို့ လုံးဝမရှိတော့သော အပြုံး၏အဝတ အယ်လိုမှ မလှပနိုင်တာ ထင်ရှားသိသာနေ၏။

"ကော်ဖီနဲ့မုန့်လာချကွာ .. ကလေးဆာနေရောပေါ့ .. မြန်မြန်လုပ်"

လှမ်းကြည့် အကဲခတ်နေကြသော အလုပ်သမားတွေအက် ခေါင်းငဲ့ပြောရင်းမှ .. ကုလားထိုင်လွတ်မှာ ထိုင်ချလိုက်၏။ အပြုံးကို နောက်မှရောက်ရှိလာသော အလုပ်သမားတွေက အယ်လိုမှ မသိကြတော့ပါ။

အပြုံးက .. ဆိုင်ကို အကဲခတ်ကြည့်ပြီး ပင့်သက်ရှည်ချ၏။

"အရင်လူတွေမဟုတ်ကြတော့ဘူးနော် .. ဦးလေးချစ်"

"နင်တောင် အရင်ကအပြုံးနဲ့တူသေးလို့လား၊ နှစ်တွေ ဒီလောက်အကြာကြီးပျောက်သွားခဲ့တာပဲ၊ ဆယ်နှစ် ကျော်တောင်ရှိရော့မယ်ဟာ .. အလုပ်သမားတွေ





ပြောင်းတာ ဘာထူးဆန်းမလဲ၊ အလုပ်သမားဆိုတာ လခပိုပေးတဲ့ဆီပြောင်းတာ သဘာဝပဲ"

"အရိပ်တောင် ဆယ်နှစ်ရှိပြီဆိုတော့ အပြုံးထွက်သွားခဲ့တာ .. ဆယ့်တစ်နှစ်ကျော်ကျော်ရှိခဲ့ပြီပေါ့"

"အေးလေ .. ကြာလှပြီဟာ"

"ပြန်လာချင်တယ် ဦးလေးချစ်ရဲ့ .. သတိရတယ်၊ အာမေ ညွှန့်ဆူမှာကြောက်တာနဲ့ .. အပြုံး ပြန်မလာတာ"

"ဟာ.. ဘာဆူစရာရှိမှာလဲ၊ အိမ်ထောင်ပြုတာ သဘာဝပဲ၊ ကိုင်းဟာ .. နင်က 'စ'မှတော့ ငါမေးတော့မယ်၊ ဟိုကောင်ရော .. သန့်စင်"

အပြုံး မျက်နှာ ကွက်ခနဲပျက်၏။ ညှိုးနွမ်းမျက်နှာမှာ မျက်ရည်စီးကြောင်း စီးကျလာပြန်လေသည်။

"အဲဒါတွေကြောင့် .. အမေညွှန့်ဆူမယ်လို့ အပြုံးပြောတာ၊ သူ ဘယ်ရောက်နေတယ်မသိဘူး"

"ဘာ"

ဦးချစ်ပို၏ 'ဘာ'သံက 'အရိပ်'လန့်ဖျပ်ကာ ကိုယ်လေးတုန်သွားစေသည်အထိ ကျယ်၏။

ကော်ဖီနှင့် မုန့်လာချပေးသောကောင်လေးက



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြားဖြစ်၏။ ဆိုင်ထဲရှိလူတွေ၏ခေါင်းက ဦးချစ်ပိုတို့စားပွဲဝိုင်းဆီသို့ လှည့်ကြည့်၏။

"ဟုတ်တယ် . . သူပျောက်သွားတာ အရိပ် ခပ်ငယ်ငယ်ကတည်းကပဲ"

"ဘုရားရေ . . ပျောက်သွားတယ်ဆိုတာနဲ့ ပြီးရောလား အပြုံးရဲ့ သေသလား ရှင်နေသလား နင် မစုံစမ်းဘူးလား"

"စုံစမ်းတယ် . . ဘယ်လိုမှကို စုံစမ်းမရတာ"

အပြုံး၏အသံက ရှိုက်သံဖြင့်ရောထွေးနေ၏။

"ဒါဖြင့် . . ဒီကလေးတစ်ယောက်နဲ့ နင် ဒုက္ခရောက်နေတာကြာပြီပေါ့ . . ဟုတ်လား"

အပြုံး ခေါင်းညိတ်၏။

"ဒုက္ခကတော့ သူ့ကိုကတည်းကရောက်တာပါ ဦးလေးချစ်ရယ်၊ အပြုံးက အကြော်ဆိုင်ဖွင့်ကြော်ပြီး သူ့ကိုရှာကျွေးခဲ့တာပါ"

"နေပါဦး . . သူ့မိဘတွေဆီမှာရော မေးကြည့်သေးသလား"

"သူ့မိဘတွေကိုမှ အပြုံးမသိတာ"

"ဘုရားရေ . . ဟဲ့ . . အပြုံး၊ ဘယ်လိုကြီးလဲ . .





နင့်ဟာက"

"ဟုတ်တယ် . . သူက သူ့အိမ်အကြောင်းမေးရင် လုံးဝကို မဖြေတာ၊ မမေးနဲ့ မကြိုက်ဘူးပဲဖော်တော့"

"ဟာ . . ဘာကောင်လဲ ဒီကောင်က၊ အဓိပ္ပါယ်မရှိတာ ကွာ"

ဦးလေးချစ်ဒေါသဖြစ်တာ အသားတဆတ်ဆတ်တုန်နေလေသည်။

"သူ ဘယ်သူလဲ၊ ဘယ်သူ့သားသမီးလဲ ဒီလောက်ကတော့ သိသင့်တာပေါ့၊ ဒါကြောင့် ညည်းတမေ့သွန့်က မေးမိုး တာ၊ ဒါကို ဘာစိတ်ဆိုးစရာရှိသလဲ . . ကွာ . . ဒီအ ကြောင်း လူမမာကြားရင် စိတ်မကောင်းဖြစ်မယ်၊ ဒီ စကား မေ့သွန့်ကို လုံးဝမပြောနဲ့ . . ကြားလား"

"ဟုတ်ကဲ့ပါ . . ဦးလေးချစ်ရယ်"

ဦးချစ်ပိုအကြည့်က 'အရိပ်'ထံရောက်၏။ ကလေးက ဘယ်လောက်ဆာလာရှာသလဲ မသိပါ။ ရှေ့မှာရှိသမျှ မုန့်တွေ အားရပါးရစားနေလေသည်။

"ကြားထဲက . . ကလေး သနားပါတယ်၊ အလကားကွာ ကလေး . . ဟဲ့ . . အရိပ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအဖေကိုမှတ်မိသလား"

"ရှင်"

"ဟ . . တရှန်ရှန်နဲ့ပါလား . . အပြုံးရဲ့၊ ဟင် . ."

"အဲဒီလိုပဲ . . တစ်ခုခုမေးရင် 'ရှန်'က စထူးပြီးမှ ဖြေတတ်တာ သူ့အကျင့် ဦးလေးချစ်ရဲ့"

အပြုံးက သူ့သမီးခေါင်းမှဆံပင်ပျော့ကလေးတွေကိုသပ်ရင်း ဖြေ၏။

'အရိပ်'၏ဆံပင်လေးတွေက လှိုင်းတွန့်လေးတွေဖြစ်လျက်ဖွာကျနေပုံက အလှပြအရုပ်မကလေးတွေ၏ဆံပင်လိုမျိုးဖြစ်နေ၏။ မျက်လုံးတောက်တောက်ကလေးတွေက ထက်မြက်သွက်လက်မည့်ပုံမျိုးဖြစ်၏။

ဦးချစ်ပိုက အရိပ်ကို စေ့စေ့စပ်စပ်ကြည့်သောအခါ မျက်စောင်းလေးဝင့်ထိုးလျက် မျက်လွှာချပုံက တကယ့်အပျိုမလေးလိုဟန်ပန်မျိုးမို့ . . .

"အမယ် . . အမယ် . . ညည်းသမီးက အလာကြီးပါလား အပြုံးရဲ့ . . ဟင်"

ဦးချစ်ပိုက သဘောကျစွာ တဟားဟားအော်ရယ်လေသည်။

❀ ❀ ❀



## အခန်း(၅)

"မညွန့်မြင်ရင်တော့ တော်တော့ကိုအံ့ဩမေးသာရှာမှာ အပြုံးရဲ့၊ ညည်းကသာ သွေးစိမ်းသလို စိမ်းကားပေမယ့် သူက တသသနဲ့ ညည်းကိုသတိရနေခဲ့တာ"

"ပြုံးလည်း သတိရတာပေါ့ ဦးလေးချစ်ရယ်၊ ကိုယ့်အဖြစ်နဲ့ကိုယ်မို့ မလာဝံ့လို့ မလာခဲ့တာပါ၊ အခု . . အမေညွန့်ကို အပြုံးသွားတွေ့ချင်ပါတယ်"

"တွေ့ပေါ့ . . တွေ့လို့ရပါတယ်၊ ဖြစ်ပြီးခဲ့တာတွေက ပြီးခဲ့ပြီပဲ၊ ဘာတတ်နိုင်မှာလဲ"

ဦးချစ်ပိုက အပြုံးတို့သားအမိကို နေအိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားလေ၏။ အိမ်နှင့်ဆိုင်က သိပ်အဝေးကြီးမဟုတ်သဖြင့် လမ်းလျှောက်သွားရုံဖြင့်ရောက်လေသည်။

"မညွန့်ရေ . . ဧည့်သည်တွေပါလာတယ်၊ ဘယ်သူတွေလဲ . . ကြည့်ပါဦး"

ဦးချစ်ပိုက အသံပြု၏။ ဒေါ်ညွန့်က မျက်မှန်လေးတွန့်ကြည့်၏။

"ဟင် . . ဘယ်သူတွေလဲ"

ဒေါ်ညွန့်က ဟိုးယခင်ကထက် နှစ်ဆမျှ 'ဝ'နေကာ သူ့ကိုယ်ကို သူ မနည်းထိန်းပြီးလမ်းလျှောက်ရ၏။ ထိုင်ရာမှ မနည်းထရ၏။

"အမေညွန့် . . အမေညွန့်ရယ်"

အမြုံးက မနေနိုင်တော့ဘဲ ပြေးဖက်ပြီးငို၏။

"ဟယ် . . အ . . အမြုံး"

ဒေါ်ညွန့်က လက်ညှိုးထိုးကာ တအံ့တသြကြီးဖြစ်လျက် . . တော်တော်နှင့်စကားပြောလို့မရဖြစ်ကာ မျက်ရည်ကျ၏။

"မမှတ်မိနိုင်လောက်အောင်ပါပဲလားဟယ်၊ ဒီလောက်ရုပ်ကျသွားရအောင် ဘယ်လိုတွေဖြစ်တာလဲ"





ပြောပြီး ငိုလေသည်။

"အမေညွန့်စကားကိုနားမထောင်မိလို့ ပြုံးငရဲကြီးတာပေါ့ အမေညွန့်ရယ်၊ ပြုံး မိုက်မိခဲ့တာတွေအတွက် ကန်တော့ပြီးတောင်းပန်ပါတယ်"

"ဟဲ့ . . အို . . အိမ်ထောင်ပြုတာ သဘာဝပဲ၊ ဘာတောင်းပန်စရာလိုသလဲ . . မဟုတ်တာ၊ ပြောပါဦး . . စီးပွားရေးအဆင်မပြေဘူးလား"

အပြုံး ပြောရခက်မည့်စကားတွေမို့ ဦးချစ်ပိုဝင်ပါရ၏။

"မပြေလည်တာမှ စီးပွားရေးတင်မဟုတ်ဘူး . . အိမ်ထောင်ရေးပါ မပြေလည်တာတဲ့ မညွန့်ရဲ့"

"ဟင် . . ရန်ဖြစ်စိတ်ဆိုးပြီး ဆင်းလာတာလား"

"ဘယ်ဟုတ်မလဲ . . ဟိုကောင်က ကလေးငယ်ငယ်ကတည်းက ဘယ်ထွက်သွားမှန်းမသိဘဲပျောက်သွားတာတဲ့"

"ဟယ် . . ဘုရားရေ"

"အဲဒါ . . သားအမိနှစ်ယောက်တည်း ရုန်းကန်နေခဲ့ရတာကွာ . . အကြော်ရောင်းတယ်ဆိုလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညွန့်က ပါးစပ်အဟောင်းသားဖြင့် အပြုံးကို အငေးသားကြည့်ပြီးမှ . . ကလေးမလေးထံ အကြည့်ရောက်၏။

"ညည်းက . . အပြုံးသမီးလား"

"ရှင်"

အရိပ်က သူ့ထုံးစံအတိုင်း 'ရှင်'ဆိုတာ အရင်ထွက်၏။ အပြုံးက သမီးပခုံးကိုဖက်ပြီးဖြေလေသည်။

"ဟုတ်တယ် အမေညွန့် . . ဒါ အပြုံးရဲ့သမီးလေးလေ အမေညွန့်တို့ဆီ ဒီအရွယ်မှာ အပြုံးရောက်လာခဲ့တာပဲ"

"ဟုတ်ပ . . ဒါကြောင့်ငါ့စိတ်ထဲ အဟောင်းတွေအသစ်ဖြစ်သလိုပါပဲ မိပြုံးရယ်၊ ဒီလောက်ကျွေးမွေးပြုစုလာခဲ့တာကို ညည်းမို့ သစ်စိမ်းချိုးချိုးရက်တယ်အေ"

ပြောရင်း . . ဒေါ်ညွန့်ငို၏။

အပြုံးက တဖွတ်ဖွတ်တောစ်းပန်ရင်း ငိုဖြင့် 'အရိပ်'ပါငိုလေသည်။

"ကိုင်း . . ပြီးတာတွေ ပြီးပြီဟာ . . ဒါတွေပြောပြီးငိုတော့ ဘာလုပ်မှာလဲ၊ အလတား သွေးတက်နေဦးမယ် မညွန့်ရဲ၊ ကိုယ်ဗုက္ခ ကိုယ်မရှာနဲ့ အပြုံး . . ညည်းအမေ





ညွန့်က သွေးတိုးရော နှလုံးရော ကောင်းတာမဟုတ်ဘူး၊ မငိုစေနဲ့"

"ဟင် . . ဖြစ်ရလေ အမေညွန့်ရယ်၊ မငိုနဲ့နော် . . တိတ်ပါ၊ အပြုံးကြောင့် ရောဂါထပ်တိုးရင် အပြုံးကိုယ်ကို အပြုံး ခွင့်မလွှတ်နိုင်ဘဲဖြစ်မှာပဲ၊ တိတ်ပါနော်၊ အပြုံးနောက်ထပ်မလာရဲအောင်ဖြစ်နေပါ့မယ်"

"မလာရဲအောင် . ."

ဒေါ်ညွန့် အသံမှာ အံ့ဩသံပါ၏။ အံ့ဩကြည့်ဖြင့် ကြည့်၏။ မျက်ရည်စ သုတ်၏။

"ခို . . ပြန်လာတာမဟုတ်ဘူးလား"

"ပြောရရင် . . အမေညွန့်တို့ကို သတိရလွန်းလို့ လာခဲ့မိတာပါ၊ အမေညွန့်တို့ကို ဒုက္ခထပ်မပေးချင်တော့ပါဘူး"

"နို့ . . ညည်းမလည်း အိမ်ထောင်ကွဲနေပြီပဲမဟုတ်လား အပြုံးရဲ့"

"ဟုတ်ကဲ့"

"ဒါဖြင့် . . ပြန်လာခဲ့ပါအေ၊ ဒီမှာလည်း ငါ့အနားမှာ အဖော်ရှိတာမဟုတ်ဘူး၊ အလုပ်သမားခေါ် လည်း ခေါ်တဲ့အလျောက် ဒုက္ခပေးသွားကြတာပဲ၊ စိတ်ချရတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



'မရှိဘူး၊ ဆိုင်မှာပဲ သီချင်းဆိုဖို့ စိတ်ဝင်စားကြတာ၊ ဘာမှ အားကိုးကြရတာမဟုတ်ဘူး"

အပြုံးက ဦးချစ်ပိုကိုလှမ်းကြည့်၏။ ဦးချစ်ပို ခေါင်းညိတ်လေသည်။

"ညည်း ပြန်လာနေနိုင်ရင် အကောင်းဆုံးပေါ့ အပြုံးရယ်၊ မညွန့်က အသက်ကြီးလာတော့ သူ့စိတ်တိုင်းကျလူကရှားတယ်၊ မညွန့် စိတ်အားမငယ်တော့ဘူးပေါ့"

"ဒါပေမဲ့ . . သမီးလေးရှိနေတော့ ဦးလေးချစ်တို့မှာ နှစ်ယောက်တာဝန်ဖြစ်နေမလားလို့ပါ"

"နှစ်ယောက်ဖြစ်လာတော့ နှစ်ယောက်အားကိုးလို့ရတယ်ပဲ အောက်မေ့ပါတယ် အပြုံးရယ်၊ မေညွန့်တို့က ဆိုင်အလုပ်လည်းရှိနေတာပဲဟာ၊ ကလေးကိုကျောင်းထားပြီလား"

"ထားပါတယ် . . သမီးက ဒီနှစ် လေးတန်းအောင်ပါတယ်"

"ဒီတော့ . . ဒီမှာဆက်ထားပေးရမှာပေါ့၊ ဟုတ်တယ်မဟုတ်လား ဟင် . . ကလေး"

"ရှန်"





"ဘွားဘွားတို့ကျောင်းထားပေးမယ် . . နေမလား"

"ရှန်"

ဦးချစ်ပို သဘောကျစွာရယ်၏။

"မေးလိုက် ပြောလိုက်ရင် . . တရှန်ရှန်နဲ့ကွာ၊ သူ့ကို ရှန်လို့ပဲခေါ်ဖို့ကောင်းနေပြီ . . ဟုတ်လား"

"ရှန်"

ဒီတစ်ခါမှာတော့ ဒေါ်ညွန့်သာမက အပြုံးပါ မျက်ရည်စတွေနှင့် ရယ်မိကြ၏။

ဦးလေးချစ်က အရိပ်ကိုမြင်တာနှင့် . . .

"ဟဲ့ . . ရှန်"

ဆိုတာကစ၍ . . အရိပ်နာမည်ပျောက်ကာ 'ရှန်'ဖြစ်ထွန်း၏။

ကျောင်းအမည်စာရင်းသွင်းသောအခါ . . 'အရိပ်ပန်း'ဟူသောအမည်စာရင်းသွင်းသောငြားလည်း . . အဘပိုးခေါ်သသော 'ရှန်'ကို အရိပ်က ပိုမိုနှစ်ခြိုက်ခဲ့၏။

'ရှန်'ကလေ . . 'ရှန်'ကဟုပြောဖြစ်ခဲ့၏။

နောက်တော့ . . 'ရကောက်'ရှန်မှ 'သ'ယပင့်ဟထိုး နသတ်နှင့် 'သျှန်'ကို အသုံးပြုခဲ့တာပဲဖြစ်ပါသည်။

❀ ❀ ❀

www.burmeseclassic.com







## အခန်း(၆)

နေလောင်ခံ၊ အပင်ပန်းအဆင်းရဲခံ၊ အကြော်ပန်းခေါင်းရွက်ရောင်းခဲ့ရာမှ . . 'ဝါးရိပ်'မှာ စိတ်အေးချမ်းသာစွာ ပြန်လည်နိုလှုံခွင့်ရသောအခါ . . .

'အပြုံး'၏ပင်ကိုယ်ရုပ်ရည်က ပကတိအတိုင်း ပြန်လည်ပေါ်ထွက်လာ၏။

ဝါးရိပ်မှာ 'အပြုံး'၏သီချင်းသံဖြင့် စိုပြည်စည်ကားလာ၏။

'သျှန်'သည် ကျောင်းမှပြန်ရောက်လာချိန်များတွင် ဆိုင်၏အလုပ်များကို သိတတ်စွာဝိုင်းဝန်းကူညီလုပ်ကိုင်ပေး



www.burmeseclassic.com

ရင်း . . မေမေ့သီချင်းများကို နားရည်ဝစွာ သီဆိုနိုင်စွမ်းရှိလာ၏။

တစ်ခါတစ်ရံ . . မေမေသီချင်းဆိုနေတာကို ဤ ချောင်ကျကျစားပွဲခုံလေးမှာထိုင်ရင်း ဆိုညည်းမိသောအခါ မေမေက သျှန့်ကို သတိထားမိစွာ လှမ်းခေါ်ပြီး သူမနှင့်အတူ သီချင်းဆိုစေခဲ့၏။

အများအားဖြင့်တော့ သျှန်သည် ဤစားပွဲပေါ်မှာဝင် လက်နှစ်ဖက်ယှက်တင်ပြီး ခေါင်းတင်အိပ်ပျော်သွားခဲ့သောအကြိမ်ပေါင်းမနည်းလှချေ။

ထိုအခါမျိုးတွင် . . သျှန်သည် အိပ်မက်ထဲတွင် မေမေ့လိုပဲ သီချင်းတွေဆိုနေခဲ့၏။

သို့သော် . . ဤ 'ဝါးရိုပ်'လိုချောင်ကျကျနေရာမျိုးမဟုတ်ပါ။ အရောင်အဆင်းတင်းမဲ့သော အဝတ်အဆင်မျိုးမဟုတ်ပါ။ အင်မတန်မှသစ်လွင်လှပတောက်ပသော အဝတ်အထည်မျိုးကို 'သျှန်'ဝတ်ဆင်လျက် ကြီးကျယ်ခမ်းနားသော စတိတ်စင်ထက်မှ 'သျှန်'ဖြစ်ချင်ခဲ့လေသည်။

"သျှန်"

'သျှန်'နှင့် အားလုံးက အရေးပေး အလေးထားရသော 'သျှန်' . . .





'သျှန့်'ကို သိကျွမ်းလို၊ ရင်းနှီးလိုစိတ်ဖြင့် လူတိုင်းကဝိုင်းအုံကြည့်ရှုငေးမောကြရသော 'သျှန်'ဖြစ်လိုစိတ်များ 'အရိပ်ပန်း'ဟု မေမေအမည်ပေးခဲ့သော 'သျှန်'၏စိတ်ကူးယဉ်မှုဖြစ်လိုမှုတွေထဲမှာ အကြီးမားဆုံးဆန္ဒတစ်ခုပဲဖြစ်လေသည်။

ဤဆန္ဒ ဤစိတ်ကြောင့်ပင် မေမေနှင့်သျှန်တို့ဝေးကွာခဲ့ရတာကို သျှန် ဘယ်လိုမေ့ပျောက်နိုင်မှာလဲ။

ဒီလိုဖြစ်လာခဲ့လိမ့်မယ်လို့လည်း သျှန် မထင်မှတ်ခဲ့တာ အမှန်ပါ။

"ဟင် . . သျှန် . . ဘယ်အချိန်တုတည်းက ရောက်နေခဲ့တာလဲ"

အံ့ဩဝမ်းသာစွာပြောသံကိုကြားရ၏။ 'သျှန်' လက်တင်ထားသော စားပွဲခုံပေါ် လက်ထောက်တင်လိုက်ခြင်းကြောင့် စားပွဲခုံကလေးက လှုပ်သွား၏။

သျှန် ငုံ့စောင်းကြည့်လိုက်တော့ သျှန်အတွေ့ချင်ဆုံးဖြစ်သော 'နောင်ရိုး'မဟုတ်ဘဲ 'ဘပို'ဖြစ်နေခဲ့၏။

"စောစောကလေးကပဲဆိုပါတော့"

ပြောရင်း 'ဘပို'ထံအကြည့်ရောက်၏။ 'မေမေ့'တို့ သမီးဟုခေါ်ခဲ့သော 'ဘပို'က 'သျှန်'၏အဘိုးအရွယ်ဖြစ်၏။

www.burmeseclassic.com



အသက်အရွယ်ထောက်လာသည်နှင့် အမျှ အဆီအသားလျော့ပါးသွားသော အဘပို၏ခန္ဓာကိုယ်မှာ ပိန်သွားလိုက်တာဟု စိတ်မကောင်းဖြစ်ရလောက်အောင် ရုပ်ရည်ကျသွားခဲ့ပြီဖြစ်၏။

အမေညွှန့်ဟု မေမေခေါ်ခဲ့သော ဘွားညွှန့် ကွယ်လွန်သွားခြင်းက 'ဘပို'၏စိတ်ကို ထိခိုက်စေမှာ အမှန်ပဲဖြစ်လေသည်။

"ဘာစားဦးမလဲ . . တစ်ခုခုစားလေ၊ လက်ဖက်ရည် လောက်နဲ့ဘာယ်ဟုတ်မလဲ"

ဦးချစ်ပိုက သျှန်၏ရှေ့မှ သောက်ပြီးသော လက်ဖက်ရည်ခွက်ကိုကြည့်ကာ နေရာမှထဖို့ပြင်၏။

သျှန် ကပျာကယာလှမ်းဆွဲလိုက်ရလေသည်။

"ဟင့်အင်း . . ဘပို . . မလုပ်ပါနဲ့တော့၊ တကယ်ပဲ . . 'သျှန်' ဘာမှကိုမစားချင်တာ"

ဦးချစ်ပို . . ဖင်ကြွပြီးကာမှ ပြန်ထိုင်ချ၏။ သျှန့် ကိုကြည့်ပြီး ပင့်သက်ချ၏။

"ငါကတော့ ရောက်တုန်းရောက်ခိုက် ကျွေးချင်တာပေါ့ဟာ၊ နင်ကတော့ ကြာလေ နင့်အမေနဲ့တူလေပဲ၊ နင့်ကို





မြင်တော့ ငါ အပြုံးကိုသတိရတယ်ဟာ၊ ဒီကောင်မလေးလည်း ဘယ်ရောက်နေတယ်မသိဘူး။ နင်နဲ့တွေ့သေးသလား"

သျှန် . . ခေါင်းခါ၏။

"တကယ်ဆိုရင် သျှန်ဘယ်မှာရှိတယ်ဆိုတာ မေမေက စုံစမ်းလိုက်ရုံနဲ့ သိဖို့အလွယ်ဆုံးပဲလေ၊ သျှန့်ကို လုံးဝတွေ့ချင်စိတ်မရှိဘူးနဲ့တူပါတယ်"

ခပ်တိုးတိုးပြောသော သျှန်၏အသံက စိတ်ပျက်အားလျော့သံပါဝင်နေလေသည်။

"စိတ်နာသွားမှာပေါ့ဟာ"

ဘပိုက ခပ်ညည်းညည်းပြော၏။ သျှန်က အပြုံးအငယ်စားလေးပဲဖြစ်၏။ ခေတ်အလျောက်ဝတ်စားပြင်ဆင်မှုကွာခြားတာ၊ ဖြတ်သန်းခဲ့ရသောဘဝကွာခြားမှုကြောင့် . . သျှန်က ပိုမိုနုပျိုလှပနေတာပဲကွာလေသည်။

"ဘာစိတ်နာစရာရှိလို့လဲ၊ သျှန့်မှာ အမေရှိသလို အဖေလည်းရှိနေတာပဲဟာ"

သျှန်က ခပ်ဆတ်ဆတ်ကလေးပြောပြီးမှ 'ဘပို'ကို အားနာသွား၏။ ဘပို စိတ်ဆိုးသွားမလား လန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဘဝိုက ယဲ့ယဲ့ပြုံးလေသည်။

"အဲဒီအဖေက တာဝန်ကျေခဲ့ရင် သမီးပြောတဲ့စကားက အမှန်ပဲပေါ့၊ ဒါပေမဲ့ . . သမီးအရွယ်ရောက်တဲ့အချိန် အထိ ကျွေးမွေးစောင့်ရှောက်ပေးခဲ့ရတာ အမေလား အဖေလား၊ အဲဒီစကား . . သမီးကို အပိုမေးဖို့တောင် မလိုဘူးထင်တယ်"

သျှန် ပခုံးလေးတွန့်ပြီးမှ သဘောကျစွာ ရယ် လိုက်၏။ ဘဝို၏လက်ကိုဆုပ်ကာ ချော့လိုက်၏။

"ထားလိုက်ပါ ဘဝိုရယ်၊ အဲဒီအကြောင်းတွေက ပြင်း ရာမလိုအောင် မှန်နေတာပဲဟာ၊ သျှန် . . မငြင်းပါ ဘူး၊ မေမေ့ကို သျှန်တွေ့ချင်ပါတယ်၊ သူက သျှန့်ကို တမင်မတွေ့ချင်လို့ရှောင်နေတာကို သျှန် ဘာတတ်နိုင် မှာလဲ၊ ဒီကိုရော . . လုံးဝမလာတာလား"

"လုံးဝကို မလာဘူး၊ မညွန့်ဆုံးခါနီးမှာ တွေ့ချင်တယ်ဆို လို့ ရှာခဲ့သေးတယ် . . ရှာမတွေ့ဘူး၊ သျှန့်ကိုတောင် ဘဝို လှမ်းမေးခဲ့သေးတယ်လေ"

"ဟုတ်တယ် . . သျှန်တောင် ဘွားညွန့်ကို လာတွေ့ခဲ့ သေးတာပဲ"





ပြောရင်းမှ . . .

"သျှန့်ကိုမြင်တော့ အပြုံးကိုပြန်တွေ့ရသလိုပါပဲကွယ်"

ဘွားညွန့်ပြောပြီးဆိုတာ သတိရစွာ 'သျှန်' ဝင့် သက်ချ၏။

မေမေ့ကို သျှန် ပြန်လည်မြင်ယောင်ကာ သတိ ရမိ၏။ ဒီနောက်မှာ . . သျှန်နှင့်မေမေ၏အတိတ်ဇာတ်ကြောင်း ကို တရိပ်ရိပ်မြင်ယောင်လာလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၇)

ကျောင်းအဆင်း အိမ်ပြန်ရောက်လာသော ညနေခင်းများတွင် သျှန် အမိကထား၍ပြုလုပ်ရသောအလုပ်က အသွားညှန့်ကိုထမင်းနှုးကျွေး၊ အိုးခွက်ပန်းကန်တိုက်ဆေး သိမ်းဆည်းရသော အလုပ်ကလေးတွေပဲဖြစ်၏။

မေမေကတော့ ညနေစာချက်ပြုတ်ပြီးသည့်နောက်မှာ ဝါးရိပ်သို့ရောက်သွားခဲ့၏။ မေမေနှင့်အတူ သီချင်းဆိုချင်သော သျှန်က အိမ်အလုပ်တွေပြီးစီးအောင် အမြန်ဆုံးလုပ်ဆိုင်ပြီး ကျောင်းစာကိုတက်သုတ်ရိုက်လုပ်ရလေသည်။

"သီချင်းဆိုချင်ရင် ကျောင်းစာတွေပြီးစီးအောင်လုပ်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကိုလာရမယ်နော် အရိုပ်"

မေမေက သျှန်၏ကျောင်းပညာရေးထိခိုက်မှာ စိုးရိမ်သည်။ ဖြစ်နိုင်လျှင် . . ဆိုင်ကို လုံးဝမလာရဟု တားမြစ်ချင်၏။ သီချင်းဆိုဝါသနာပါသော သမီး၏ဆန္ဒကိုသသိရှိနေသဖြင့် ဇွတ်အတင်းကြီးလည်း မတားမြစ်ရဲပေ။

မေမေက သျှန် ရောက်လာတာမြင်လျှင် သျှန်နှင့်တွဲဆိုနေကျသီချင်းကိုဆိုလျက် သျှန်၏စိတ်အလိုကိုဖြည့်စေခဲ့ပါသည်။

တစ်နေ့မှာတော့ . . သျှန် သီချင်းဆိုပြီးလှည့်ထွက်အလာ သျှန်၏ရှေ့မှာ အွားခနဲ ရပ်လိုက်သူက . . သျှန်၏သူငယ်ချင်း "နောင်ရိုး'ပဲဖြစ်လေသည်။

"နင်က အရှမ်းကို လျှိုတာမဲ့ အရိုပ်ရဲ့၊ နင် သီချင်းဆိုတာမြင်တော့ ငါ အရမ်းကိုအံ့ဩသွားတယ်၊ နင်မှဟုတ်ရဲ့လားလို့တောင် ထင်တာ . . လူတူတာများလားလို့ပေါ့၊ တကယ်ပဲ နင်ဖြစ်နေခဲ့တယ်ဟာ . . အံ့ရော"

"နောင်ရိုး အစုတ်ပလုတ်၊ နင်က ငါ့ကို တော်တော်အထင်သေးတာပဲ၊ ငါ သီချင်းဆိုတာ ခုမှမဟုတ်ဘူးကြာလှပြီ၊ဟိုး . . ငယ်ငယ်ကလေးတည်းက သိရဲ့လား"





"ဟုတ်လား . . ဘယ်မှာဆိုခဲ့တာလဲ"

"ဒီမှာပဲပေါ့ . . ဒီ ဝါးရိုပ်မှာပဲပေါ့"

"ဒီ . . ဆိုင် . . မှာ"

နောင်ရိုးက 'ဝါးရိုပ်'ဆိုင်ကို မျက်လုံးဝေ့ကြည့်၏။ အံ့အားသင့်နေပုံကို အထင်းသားမြင်နေရလေသည်။

"ဒီဆိုင်က နင်တို့ဆိုင်လား"

"ဟား ဟား ဟား . . ဒီတစ်ခါတော့ နင်က ငါ့ကိုဇွတ်အထင်ကြီးသွားပြန်ပြီ နောင်ရိုးရဲ့၊ မေမေက ဒီဆိုင်မှာသီချင်းဆိုတော့ ငါပါ ရောယောင်ဆိုခွင့်ရတာ၊ အခုဆိုနေတာ မေမေလေ"

နောင်ရိုးက ခေါင်းတဆတ်ဆတ်ညိတ်ရာမှ ပြုံးယောင်သမ်းလာခဲ့၏။

"ဒီလိုဆိုတော့ . . နင် သီချင်းဆိုတတ်တာ သိပ်မထူးဆန်းတော့ပါဘူး၊ အစိမ်းသက်သက်ကြီးမှမဟုတ်တာပဲ၊ နင့်အမေသွေးအပြည့် နင့်ဆီမှာပါလာခဲ့တာပဲ အရိုပ်ရဲ့၊ ကောင်းတယ်"

သျှန် ပြုံးလိုက်၏။

"ငါက အောင်မြင်တဲ့အဆိုတော်တစ်ယောက်ဖြစ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုးရဲ့၊ မေမေ့လို ဝါးရိပ်သောက်နဲ့မကျေနပ်ပါဘူး”

နှုတ်ခမ်းလေးစူပြောသော သျှန်ကို နောင်ရိုးက ယခုမှ သတိထားကြည့်မိကာ ငေးခနဲဖြစ်သွား၏။

ကျောင်းမှာမြင်တွေ့နေကျထက် . . ယခုညမှာ သျှန်က ပိုမိုလှပနေ၏။ အထူးပြင်ဆင်ထားတာမဟုတ်ဘဲ သနပ်ခါးလိမ်းထားသောအလှကပင် ရင်ကိုအေးစေငြိမ်းစေသောအလှဖြစ်၏။

လေအဝေ့မှာ သျှန့်ထံမှ ရှင်မတောင်သနပ်ခါးရနံ့လေး ပျံ့မွှေးလာကာ စိတ်ချမ်းသာစေလေသည်။

“နင် တကယ်ပြောတာလား အရိပ်”

“တကယ်ပေါ့ဟ”

“ဖြစ်နိုင်ပါတယ် . . နင့်အသံက တော်တော်လုံးတယ်၊ ဆွဲအားလည်းကောင်းတယ်၊ နေဦး . . ငါ့မှာ မိတ်ဆွေတွေရှိတယ် အရိပ်ရဲ့၊ နင်နဲ့မိတ်ဆက်ပေးမယ်”

“ဟယ် . . တကယ်၊ နင် တကယ်ပြောတာလား နောင်ရိုး”

“တကယ်ပြောတာ၊ ငါ့အစ်ကိုဝမ်းကွဲတစ်ယောက်က ဒရမ်တီးတာဟ၊ ငါတောင်သွားတီးသေးတယ်၊ သူတို့





ဝိုင်းမှာ ပြောကြည့်မယ်”

သျှန် ပျော်သွားတာ ထခုန်လုမတတ်ဖြစ်၏။

“ကျေးဇူးပဲ နောင်ရိုးရာ၊ တကယ်ကျေးဇူးပဲဟာ . . နင့်ကို ငါ အရမ်းကျေးဇူးတင်တာပဲ၊ နင် . . လက်ဖက်ရည်သောက်ပြီးပြီလား၊ ထပ်သောက်ဦးလေ”

“တော်ပါပြီဟာ . . ဒီမှာသောက်လက်စတန်းလန်း နင့်ကိုမြင်တာနဲ့ အံ့အားသင့်ပြီးကြည့်နေလို့ ကျန်နေသေးတယ်”

နောင်ရိုးက လက်ကျန်လက်ဖက်ရည်ကိုမော့သောက်၏။

“မုန့်လည်းစား”

သျှန်က ဝိုင်းမှာချထားသောမုန့်ကို နောင်ရိုး၏ရှေ့နားရွှေ့ပေး၏။

“ဘာလဲ . . နင်ကျွေးမှာလား”

“ဒါပေါ့ . . မျက်စိလည်လမ်းမှားပြီးရောက်လာတဲ့ သူငယ်ချင်းကို အထူးဂုဏ်ပြုတာလေ”

နှစ်ယောက်သား သဘောကျစွာ ရယ်မိကြ၏။

ထိုအချိန်မှာပင် . . .



www.burmeseclassic.com

www.burmeseclassic.com



"သျှန်တစ်ယောက် ဘယ်ရောက်နေသလဲ . . သျှန်ရေ"

ခေါ်သံပြောသံ ကြားရ၏။

သျှန် ခေါင်းလေးထောင်ကြည့်ရာမှ မြင်သာအောင် မတ်တတ်ရပ်လုနီးပါး အနေအထားပြု၏။

"ဒီမှာ အဘ . . ဒီမှာ"

သျှန် လက်ပြ၏။

"သူငယ်ချင်းရောက်နေလို့ အဘပိုရေ"

နောင်ရိုးကို လက်ညှိုးလေးထိုးပြ၏။ အဘပိုက ခေါင်းတွေကွယ်နေသောကြားမှ နောင်ရိုးကိုမြင်သာအောင်ကြည့်၏။ ခေါင်းညိတ်၏။

"ဟဲ့ . . နေပါဦး၊ နင့်နာမည်ကို ဘယ်လိုခေါ်လိုက်တာလဲ"

နောင်ရိုး အံ့အားသင့်စွာမေး၏။

"သျှန်တဲ့လေ၊ အဲဒီအဘပိုက ဒီဆိုင်ရှင်ႇနောင်ရိုးရဲ့၊ သူပေးထားတဲ့နာမည်ပေါ့"

"နားထဲမှာကြားရတာတစ်မျိုးလေးပဲဟ၊ ဆန်းသလိုပဲ"

"အမှန်ကတော့ ဘာမှမဆန်းဘူး၊ ငါ ငယ်ငယ်တုန်းက သူ တစ်ခုခုပြောလိုက် မေးလိုက်ရင် 'ရှန်' . . 'ရှန်'နဲ့





အရင်ထူးပြီးမှပြန်ပြောလို့ နောက်ပြောင်ပြီး ငါ့ကို 'ရှန်' လို့ခေါ်တာ၊ နောက်တော့ တကယ်အကျင့်ပါပြီး 'ရှန်' ခေါ်တာ ခုထိပဲ"

"ကောင်းသားပဲဟ၊ နားထောင်လို့ကောင်းတယ်"

"ငါလည်းကြိုက်တယ်၊ ငါ အဆိုတော်ဖြစ်ရင် အဘပိုပေးထားတဲ့ 'ရှန်'ကိုပဲသုံးမယ်၊ ဒါပေမဲ့ . . အဘပိုခေါ်တဲ့ 'ရ'ကောက်ဟထိုး နသတ်နဲ့ မရှန်ဘူး၊ 'သ'ယပင်းဟထိုး နသတ်နဲ့ 'သျှန်'မယ်"

"အမယ် . . နင်က ဒီထိအောင်စိတ်ကူးယဉ်ထားပြီးပြီပဲ"

"ဒါပေါ့ . . စိတ်ကူးယဉ်တာပဲဟာ . . ပိုက်ဆံပေးရတာ လိုက်လို့"

နှစ်ယောက်သားရယ်သံက အံတန်ငယ်ကျယ်သွား၏။

အပြုံးက ယခုမှ နောင်ရိုးကိုတွေ့မြင်သွားကာ အဘပိုထံ အကြည့်ရောက်၏။

"အဲဒီ . . အရိပ်က ဘယ်သူနဲ့သွားစကားပြောနေတာလဲ မသိပါဘူး"

မျက်ခုံးလေးတွန့်ပြော၏။ ဦးလေးချစ် မကြိုက်



www.burmeseclassic.com

www.burmeseclassic.com



မှာ အပြုံး စိုးရိမ်စိတ်ပိုလေသည်။

"*သူငယ်ချင်းလို့ပြောတယ်*"

အဘပို . . ခပ်တိုးတိုးဖြေရာမှ ပင့်သက်ချ၏။

"ဘာလိုလို့နဲ့ ရှန်(သျှန်)တောင် ဆယ်တန်းရောက်လာခဲ့ပြီနော်"

ကုန်ဆုံးသွားခဲ့သောအချိန်က ပြန်ငဲ့ကြည့်လိုက်သောအခါ ဘာမျှမကြာလိုက်ဟုထင်ရပေမယ့် ပြောင်းလဲမှုများစွာ ဖြစ်ထွန်းခဲ့တာ သတိထားမိလေသည်။

❀ ❀ ❀



## အခန်း(၈)

"ဟဲ့ . . ငါ့ကိုမိတ်ဆက်ပေးရင် 'သျှန်'လို့ပဲ တစ်ခါတည်း ပြောနော် . . အရိပ်တွေဘာတွေလျှောက်မပြောနဲ့"

'သျှန်'က စိတ်လှုပ်ရှားခြင်းကြီးစွာ အသံတွေ တုန်နေလေသည်။ နောင်ရိုးက . . 'သျှန့်'ကိုမျက်စောင်းထိုးကြည့်၏။

"အေးပါဟ . . ငါသိပါတယ်၊ ဟိုတစ်ခါပြောကတည်းက 'သျှန်'ဆိုတာ တစ်ခါတည်း ထည့်ပြောပြီးသားပါကြီးဒေါ်ရဲ့"

နောင်ရိုးက စိတ်မရှည်သလို ခပ်ဆောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ဖြေတာကြောင့် သျှန် သဘောကျစွာ ရယ်လေသည်။

"နင်ကလည်း . . မေ့သွားမှာစိုးလို့ပြောတာပါ နောင်ရိုး ရယ်၊ တစ်ခါတည်း စိတ်ချည်းပဲ"

ဘတ်စ်ကားပေါ်ရှိ နှစ်ယောက်တွဲထိုင်ရမည့် ထိုင်ခုံမှာ နောင်ရိုးနှင့်သျှန် တွဲထိုင်ပါလာခဲ့ခြင်းဖြစ်၏။ သျှန်က နောင်ရိုးကို တံတောင်နှင့်ကွတ်ပြောလိုက်သောအခါ သျှန်၏ တံတောင်က နောင်ရိုးကိုထိုးမိပြီးဖြစ်သွားလေသည်။

"အာ . . နာလိုက်တာဟာ . . ဘယ်လိုလုပ်လိုက်တာလဲ"

နောင်ရိုး . . အလန့်တကြားအော်ပြီး ရင်ဝနှိပ် တော့ သျှန် အလန့်တကြားဖြစ်ရလေသည်။

"ဟာ . . ဆောရီး နောင်ရိုးရယ်၊ အရမ်းနာသွားသလား"

"ဥုံဖွနော် . . ဥုံဖွ၊ ငါတောင်းပန်ပါတယ်ဟာ . . မနာနဲ့ တော့နော် . . ဟုတ်လား၊ မနာနဲ့တော့"

သျှန်က နောင်ရိုးရင်ဝကို လက်ကလေးဖြင့်ဖိ ကိုင်ပြောပြီး စိုးရိမ်တကြီးဖြစ်ကာ မျက်လုံးကလေး ကလယ် ကလယ်ဖြစ်နေပုံများကို . . နောင်ရိုး အငေးသားစိုက်ကြည့်မိပြီး ဖြစ်၏။

ရင်ဝလာဖိပြီး 'ဥုံဖွ'လုပ်ပုံကလေးက ဘယ်





လောက် ကလေးဆန်လိုက်ပါသလဲ။

နောင်ရိုးက သျှန်၏လက်ကိုဆွဲယူဆုပ်ကိုင်မှ သျှန် သတိဝင်ကာ လက်ကိုပြန်ရုတ်၏။

"နင်က ပေါပဲ သျှန်ရဲ့၊ ဥုံဖွလုပ်ရအောင် ငါက ကလေး ကျနေတာပဲ"

"ဟင် . . နင် ငါ့ကို သျှန်လို့ခေါ်တယ် . . ဟုတ်လား"

"အေးလေ . . နင်ပဲ သျှန်လို့ ပြောဆို ခေါ်ဆို၊ ဘာလဲ မခေါ်ရဘူးလား"

"ခေါ်ပါ . . ခေါ်စမ်းပါ၊ နင်ခေါ်တာကိုသဘောကျလို့ ငါ ပျော်သွားတာပဲ နောင်ရိုးရဲ့၊ အဟီး . . ဒါမှ . . နင် က ငါ့သူငယ်ချင်းစစ်စစ်"

သျှန်ပျော်နေတာကြည့်ကာ နောင်ရိုးပါပျော် လာလေသည်။ သူငယ်ချင်းစစ်စစ်တဲ့လား သျှန်ရယ် . . .

နောင်ရိုးဘဝမှာ 'အရိပ်'ဆိုသောကောင်မ လေးတစ်ယောက်သာ ရင်ထဲမှာရှိနေခဲ့တာပါ။

သူမပျော်လျှင် နောင်ရိုးပါပျော်၍ သူမ စိတ် ညစ်လျှင် နောင်ရိုးလည်း စိတ်ညစ်ရတာပါ။

"ဟွန်း . . ငါသိပါတယ် သျှန်ရဲ့၊ နင်လုပ်ချင်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရတော့မှ နှင်ပျော်နေတာပါ”

အဟင်း . . ဟင်း . . ဟင်း . .

သျှန် . . ရှက်ကိုး ရှက်ကန်းရယ်ပုံလေးက . . နောင်ရိုး နှလုံးသားထဲ ဘယ်လိုမှ မေ့ပျောက်မရအောင် စွဲထင်ကျန်ရစ်လေသည်။

❀ ❀ ❀

သျှန် . . သီချင်းဆိုနေစဉ် ရင်ခုန်လှုပ်ရှားရဆုံးသောသူက နောင်ရိုးပဲဖြစ်ပါ၏။

ကြည်လင်အေးမြသော သျှန်၏အသံမှာ အဆွဲအငင် အဖြတ်အတောက်ကျွမ်းကျင်လိမ္မာပါးနပ်လှသဖြင့် တီးဝိုင်းအဖွဲ့သားအားလုံးမျက်နှာမှာ ကျေနပ်ရိပ်တွေလွှမ်းခြုံခြင်းက နောင်ရိုးကိုပီတိဖြစ်စေပါ၏။

“ခေါ်ခဲ့ကွာ . . မင်းသူငယ်ချင်းကို၊ သီချင်းဆိုခိုင်းကြည့်ကြတာပေါ့”

ဆိုသောစကားကပင် သျှန့်အတွက် လှေကားထစ် တစ်ထစ်လှမ်းတက်ခြင်းပဲဟု နောင်ရိုးမြင်ပါသည်။





သျှန့်ကို လက်ခံကြပါစေ။

သျှန် . . ပီပြင်စွာသီဆိုနိုင်ပါစေ။

သဘောကျနှစ်ခြိုက်ကြပါစေဟူသော ဆုတောင်းကို သျှန့်ထက်ကိုပဲ ပိုမိုစွာ နောင်ရိုးကဆုတောင်းနေမိပါသည်။

သျှန် . . စိတ်ချမ်းသာမှ နောင်ရိုးစိတ်ပျော်ရွှင်နိုင်မှာလေ။ သျှန်၏လိုအင်ဆန္ဒတွေပြည့်ဝစေဖို့ နောင်ရိုးဖြည့်စွမ်းချင်လှပါသည်။

သျှန်၏သီချင်းအဆုံး အသံအချမှာ ငြိမ်သက်တိတ်ဆိတ်နေခြင်းကြောင့် . . သျှန်က တဒိတ်ဒိတ်ခုန်သော ရင်ဖြင့်လှည့်အကြည့် . . လက်ခုပ်စတင်တီးသူက နောင်ရိုးရဲ့မိတ်ဆွေဒရမ်(မ်)ဆရာပဲဖြစ်၏။

ဒီနောက်မှာ . . လက်ခုပ်တီးသံ ကျေနပ်အားရပြောဆိုသံတွေ ညံသွားရပါသည်။

“ကောင်းကွာ . . တကယ့် ဒိတ်ဒိတ်ကြဲအဆိုတော်ကြီးတစ်ယောက်ကိုတီးခတ်ပေးနေရသလိုပဲကွ၊ အသံလေးစေးစေးပိုင်ပိုင်ရှိတယ်”

“ဆိုပုံဆိုပေါက်က . . လက်သင်လို့ ဘယ်သူပြောရဲမှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



စောစောပိုင်းက ကိုယ်က မေးတီးပေးရအောင်ချိန်ထားတာ၊ သူက ပိုင်ပိုင်နိုင်နိုင်ဆိုနိုင်နေတော့ ဘယ်လာမေးတီးရတော့မလဲ၊ တစ်ခါတည်း လက်ကုန်တီးချပေးလိုက်တာ၊ အမယ် . . လိုက်နိုင်တယ်ဗျ . . အံ့ရော"

သျှန်ကို ချီးမွမ်းသံတွေကြားမှာ သျှန်နှင့်အတူ အပျော်ကြီးပျော်ရသူက နောင်ရိုးပဲဖြစ်ပါ၏။

"ဒါဆို . . သျှန် အဆိုတော်ဖြစ်နိုင်ပြီပေါ့၊ ဟုတ်လား အစ်ကိုမြသောင်း"

ဒရမ်(မ်)ဆရာထံ နောင်ရိုးက ချဉ်းကပ်တီးခေါက်၏။

"ဖြစ်တာပေါ့ နောင်ရိုးရာ၊ အခုခေတ်ပေါ်ကျော်ကြားနေတာတွေနဲ့ မခုံးချင်းယှဉ်ရဲအောင်ကို မင်းကောင်လေးက အသံသာနေတာပဲ၊ အဲ . . ပြောစရာရှိတာ . . 'ကံ' ပဲကွ"

"ကံ . . ."

"ဟုတ်တယ် . . အနုပညာလောကမှာက 'စန်း'ရှိဖို့လိုတယ်၊ ကံဇာတာစန်းလဒ်တောက်ပတဲ့အချိန်ဖြစ်လို့ကတော့ အဲဒီကောင်မလေး လျှမ်းလျှမ်းတောက်အောင်





မြင်မှာသေချာတယ် မောင်၊ တော်နေကြာမှ . . မင်းနောက်ကောက်ကျ ကျန်နေမယ် . . သတိလည်းထားဦး"

"ဟာဗျာ . . အစ်ကိုမြသောင်းကလည်း၊ ကျွန်တော်တို့က သူငယ်ချင်းတွေပါဗျ"

နောင်ရိုးမျက်နှာက အရှက်စွက်ကာ ရဲတက်နေ၏။ ကိုမြသောင်း သဘောကျစွာ တဟားဟားရယ်နေလေသည်။

ထိုအချိန်မှာ . . .

တီးဝိုင်းခေါင်းဆောင်နှင့် သျှန်တို့ စကာပြောနေသံကို နားစွန်နားဖျားကြားသဖြင့် နားစွင့်မိကြလေသည်။

"ညည်းနာမည်က . . သျှန် . . ဒီတစ်လုံးတည်းလား"

"ဟုတ် . . ဟုတ်ကဲ့ပါ"

"သျှန်ဆိုတာ ကောင်းတော့ကောင်းတယ်၊ ဒါပေမဲ့ . . တစ်ခုခုလိုနေသလိုပဲ၊ အနုပညာနာမည်အနေနဲ့ပြောပါတယ်၊ ဥပမာ . . ထက်ထက်မိုးဦး . . နာမည်ကွာ၊ ဒီလိုပဲ . . ခေါ်ကြပြောကြတာ 'ထက်ထက်' . . နားထောင်လို့ကောင်းတယ် ခေါ်လို့ကောင်းတယ်၊ ဒါပေမဲ့ . . အနုပညာရှင်နာမည်အနေနဲ့ 'ထက်ထက်'နှစ်လုံးတည်းသာ



www.burmeseclassic.com

www.burmeseclassic.com



ပေးကြည့် . . မပြည့်စုံဘူး၊ အသံအားလိုနေတယ်၊ အဲ နောက်ကနေ . . 'မိုးဦး'ပါလို့ 'ထက်ထက်မိုးဦး'ဆိုပြီး အသံအားပြည့်ပြီးအောင်မြင်တာ၊ ဒေါ်ဝါဝါဝင်းရွှေ . . ကြည့် . , ခေါ်ကြတာ ဝါဝါ၊ မဝါပဲ . . ဝါတာကို 'ဝင်းရွှေ'ကပံ့ပိုးတော့ လျှမ်းလျှမ်းတောက်အောင်မြင်တာမှ အကယ်ဒမီများရှင်ကိုဖြစ်ကရော"

"ဟုတ်ကဲ့"

အဖွဲ့ခေါင်းဆောင်မို့ 'ဟုတ်ကဲ့'သာပြောရသည်။ သျှန် . . မျက်နှာပျက်နေ၏။

သျှန် . . ဆိုသောနာမည်လေးကို ဘယ်လိုမှ မထိခိုက်စေချင်ပါ။ ပယ်ဖျက်မပစ်နိုင်ပါ။

အဘပို မှည့်ခေါ်ပေးထားသည့် 'ရှန်'လေ။

"အဲဒီတော့ . ."

သျှန် အလန့်တကြားမော့ကြည့်၏။

"သျှန် . . ဆိုတာကို ပိုပြီးပြည့်စုံသွားအောင် ပြည့်ဝေသျှန်လို့မှည့်လိုက်ရင် ပိုကောင်းမယ်"

"ဟာ . . ကောင်းတယ်ဆရာ . . အရမ်းကောင်းတာပဲ"

သျှန် ဝမ်းသာအားရအော်၏။





သျှန်ဆိုသည့်နာမည်လေး မပျက်တော့ဘူးပေါ့၊ နောင်ရိုးကိုလှမ်းကြည့်ပြုံးပြသောမျက်နှာမှာ ကျေနပ်မှုများစွာဖြင့် ဝင်းလက်တောက်ပနေ၏။

နောင်ရိုးက ကျေနပ်အားရစွာ ခေါင်းညိတ်ပြုံးရယ်၏။

"ကောင်းတယ် . . နာမည်က တစ်အားပဲ၊ မင်းကောင်မလေးနာမည်ကြီးမှာသေချာတယ်၊ မယုံရင်စောင့်ကြည့်"

"ဟာဗျာ . . အစ်ကိုကလည်း၊ တာ မယုံစရာရှိသလဲ ယုံတယ်ဗျ . . သျှန် နာမည်ကြီးမှာသေချာတယ်"

နောင်ရိုးက ကိုမြသောင်း၏ပခုံးကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွထိုးပြီး ဒရမ်(မ်)ကို စိတ်ရှိလက်ရှိ အားကုန်တီးလိုက်ချင်၏။ ရင်ထဲမှာ ဒရမ်သံနှီးပါး ရင်ခုန်သံမြန်နေကာအပျော်လွန်နေလေသည်။

သျှန်ရယ် . . .

အားလုံးဟာ နင်ဖြစ်ချင်တဲ့အတိုင်းဖြစ်လာတာ တံတရားပဲပေါ့။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၉)

"ဟင် . . ဒါတွေကဘာလဲ နောင်ရိုးရဲ့"

သျှန်က နောင်ရိုးပေးသောစက္ကူအိတ်နှစ်အိတ်ထဲမှ လှပသစ်လွင်သောအဝတ်အစားတွေကြောင့် မျက်လုံးလေးဝိုင်းကာ အံ့အားသင့်စွာကြည့်၏။

"နင်ဝတ်ဖို့ပေါ့ သျှန်ရဲ့၊ အဲဒီအဝတ်အစားတွေသာ နင်ချုပ်ဝတ်လိုက်လို့ကတော့ . . အရမ်းကိုလှမှာ . . သေချာတယ်"

"ဟာ . . ဘာလုပ်မှာလဲ၊ ဒီလောက်တန်ဖိုးကြီးတာတွေ ဘယ်နေရာမှာဝတ်ရမှာလဲ . . မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်ရမှာလဲ၊ ဒီတစ်ခါ မင်္ဂလာဆောင်ပွဲသွားရင် ဆရာဦးကြီးရွှေက နှင့်ကိုခေါ်သွားမယ်ပြောတာလေ၊ အဲဒီမှာ နှင့်ကို သီချင်းပေးဆိုမယ်တဲ့"

"အေး . . သိတယ်လေ၊ အဲဒါနဲ့ပဲ ဒီလောက်အဝတ်အစားတွေလိုသလား"

"လိုတာပေါ့ . . သျှန်ရဲ့၊ ဒီလိုပွဲမျိုးမှာ နှင့်ကို လူတိုင်းက ဂရုတစိုက်ရှိသွားဖို့လိုတယ်၊ ပြီးတော့ . . မင်္ဂလာဆောင်ပွဲက မြရိပ်ညိုဟိုတယ်မြက်ခင်းပြင်မှာလုပ်မှာဟ၊ ဒီအခွင့်အရေးမျိုးက ရခဲဘိခြင်း၊ နင် အပြတ်ရှိုင်းသွားဖို့လိုတယ်"

"တကယ်"

"တကယ်ပေါ့ . . ဒါမှ ဟိုကောင်မလေးလှလိုက်တာ . . ဘယ်သူလဲမေးရင်းက နှင့်ကို လူတွေပိုသိသွားမှာပေါ့ သျှန်ရဲ့"

နောင်ရှိုးက မျက်နှာပေး ဟန်အမူအရာတွေနှင့်လုပ်ပြသောကြောင့် သျှန် သဘောကျကာ ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

"နောင်ရှိုး . . နင်က ရုပ်ရှင်မင်းသားလုပ်လို့ရတယ်ဟ





သိလား၊ အမူအရာကအပြည့်ပဲ"

"ရုပ်ကလေးကလည်း အပြတ်သားနားတာ . . ထည့်ပြောဦးလေ"

"တော်စမ်းပါ . . ရုပ်ကိုက"

သျှန်က ပခုံးတိုက်ရယ်မောပြောရင်းမှ နောင်ရှိုး၏လည်ပင်းဆီ အကြည့်ရောက်၏။

"ဟဲ့ . . နောင်ရှိုး၊ နင့်ဆွဲကြိုးရော"

"ဖြုတ်ထားခဲ့တယ်"

"ဘာလို့ဖြုတ်ထားခဲ့တာလဲ . . မှန်မှန်ပြော"

"ဟာ . . ကလစ်ကမကောင်းတော့ဘူး သျှန်ရဲ့ . . ပြုတ်ကျချင်နေပြီ၊ အဲဒါကြောင့် ဖြုတ်ထားခဲ့တာ၊ တော်နေကြာ ပျောက်ကျရင် ဘယ့်နှယ်လုပ်မလဲ"

မင်သေသေပြောနေသော နောင်ရှိုးပုံစံမှာ တစ်စုံတစ်ခုသိုဝှက်ထားတာသေချာပါသည်။

"မယုံဘူး . . နင်ညာပြောနေတာ"

"ဘာ ညာစရာရှိသလဲ၊ နင့်ကို ငါက ဘာလို့ညာရမှာလဲ သျှန်ရဲ့၊ ကဲ . . ပြောပါဦး"

"ပြောမယ် . . ဒီအဝတ်အစားဝယ်ဖို့ပိုက်ဆံ နင် ဘယ်က



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ . . မှန်မှန်ပြော"

"ငါ့ပိုက်ဆံနဲ့ ငါ ဝယ်တာလေ ကြီးဒေါ်ရဲ့၊ ဘာတွေ မသင်္ကာဖြစ်နေပြန်တာလဲ၊ လူကို မယုံသင်္ကာကြည့်ကြည့်နေတယ်ဗျာ . . ခက်ရော"

"နောင်ရိုး"

သျှန်က အတည်မျက်နှာဖြင့်ခေါ်၏။

"ဟင်"

နောင်ရိုး . . မျက်လုံးစွေကြည့်၏။

"အခုတလော . . ငါ့ကို သီချင်းတိုက်တဲ့ဆီ နင်လိုက်ဖို့ နေတဲ့စရိတ်၊ ပြီးတော့ . . တီးဝိုင်းကလူတွေကိုလည်း ဟိုလူ့ လက်ဖက်ရည်တိုက်၊ ဒီလူ့လက်ဖက်ရည်တိုက် စီးကရက်ဝယ်တိုက်၊ ကွမ်းစားတတ်တဲ့လူ ကွမ်းဝယ်ကျွေးနဲ့ နင်သိပ်ထောနေတယ်ပေါ့ . . ဟုတ်လား"

"ဒါကတော့ . . သျှန်ရာ၊ လူမှုရေးပဲ ဒီလောကကတော့ သိတတ်ရမှာပေါ့"

"အဲဒီပိုက်ဆံတွေကရော ဘယ်ကရတာလဲ"

"ဟ . . အထင် စမောလှချည်လား၊ စိတ်ချ . . အားလုံး ငါ့ပိုက်ဆံတွေပဲ သိလား။ အဓိက,က နင့်အတွက်ပဲ သျှန်





ရဲ့၊ နင့်အတွက် ဘယ်လောက်ကုန်ကုန် ငါ မမှုဘူး"

"လက်စွပ်လည်း ငါ့အတွက်ကုန်သွားခဲ့တာပဲပေါ့ . . ဟုတ်လား"

နောင်ရိုး ကျစ်ခနဲအသံပြု၏။ ပြီးမှ . . သဘောကျစွာရယ်၏။

"မဆိုးပါဘူး . . နင်က ငါ့ကို ဂရုတစိုက်ရှိသားပဲ"

ရယ်သံဖြင့် ပြောလေသည်။

"ရယ်စရာပြောတာမဟုတ်ဘူး နောင်ရိုး၊ နင် 'ရယ်'မနေနဲ့၊ အဲဒီလိုတွေလျှောက်လုပ်တော့ သူများတွေက ငါ့ကို ဘယ်လိုထင်မလဲ မြင်မလဲ . . ဟင်"

"ကိုယ့်ပစ္စည်း ကိုယ် ဘာလုပ်လုပ်ပေါ့ သျှန်ရာ၊ အရေးအကြီးဆုံးက . . နင်ဖြစ်ချင်တာ ဖြစ်ခွင့်ရဖို့၊ နင်ပျော်ဖို့ပဲ၊နင်စိတ်ချမ်းသာရင် ငါစိတ်ချမ်းသာတယ် . . ဒါပဲ"

"ငါ့ကြောင့် နင့်ပစ္စည်းတွေကုန်သွားတာကို ငါ မမြင်ချင်ဘူး နောင်ရိုး၊ သွား . . ယူသွား၊ အဲဒီအဝတ်တွေ မဝတ်ချင်ဘူး"

သျှန်က အဝတ်စတွေကို နောင်ရိုးရင်ခွင်ထဲပစ်ထည့်လိုက်၏။ နောင်ရိုးက သျှန့်လက်ထဲပြန်ထည့်၏။



www.burmeseclassic.com

"ဟာ . . မဟုတ်တာကွာ . . မဆိုင်တာ၊ ဆွဲကြိုးက . . တကယ် ကလစ်ပြုတ်လို့ ဖြုတ်ထားခဲ့တာပါ သျှန်ရဲ့၊ နောက်နေ့လာရင် ဝတ်လာပြမယ် ကြည့်၊ ဒီအဝတ်အစားက နင်ဝတ်စေချင်လို့ ငါကိုယ်တိုင် စိတ်တိုင်းကျရွေးလာခဲ့တာ၊ နင့်မှာက လူကြီးတွေသိရင် ကန့်ကွက်မှာစိုးလို့ တိတ်တိတ်ကလေး ကျိတ်လုပ်နေရတဲ့ဟာ၊ ဘယ်ကပိုက်ဆံနဲ့ ဘယ်လိုဝယ်လို့ရမလဲ၊ ဒါ့ကြောင့် . . ငါ ဝယ်လာပေးတာ"

"ဒါတွေမြင်သွားတော့ရော . . မမေးဘဲနေမှာလား"

"အဲဒီတော့လည်း . . မမြင်စေနဲ့ပေါ့ သျှန်ရဲ့၊ အခု သီချင်းသွားတိုက်တာတောင် လူကြီးတွေမသိအောင် သွားလို့ရသေးတာပဲဟာ၊ နေပါဦး . . ငါ့မသိလို့မေးပါရစေ နင့်အမေက သူကိုယ်တိုင်တောင် သီချင်းဆိုနေခဲ့ပြီး နင့်ကျတော့ ဘာလို့လိုက်တားမြစ်နေခဲ့တာလဲ"

သျှန် . . နှုတ်ခမ်းလေးမဲ့၏။

"မေမေက ဝါးရိပ်မှာပဲဆိုတာလေ၊ တခြား ဘယ်မှာမှ ဆိုတာမှ မဟုတ်တာ၊ အဲဒါကြောင့် . . ငါ့ကိုလည်း 'ဝါးရိပ်'မှာပဲဆိုစေချင်တာဖြစ်မှာပေါ့၊ လူကြီးတွေမျက်စိ





အောက်ကအပျောက်မခံတဲ့သဘောပေါ့"

နောင်ရိုး ခေါင်းယမ်း၏။

"တကယ်တော့ . . နင့် တိုးတက်ရာတိုးတက်ကြောင်းပဲ သျှန်ရဲ့၊ အကျိုးအကြောင်းပြောပြရင် ရမယ်လို့ထင်တယ်၊ ဘာစိတ်ပူစရာရှိသလဲ"

သျှန် ပင့်သက်ချ၏။

"ငါကတော့ . . နေရာတစ်နေရာလောက်ရအောင်ကြိုးစားပြီးမှ မေမေ့ကိုဖွင့်ပြောပြချင်တယ် နောင်ရိုး၊ ခုဟာက အစမ်းသဘောမျိုး တစ်ပုဒ်စ နှစ်ပုဒ်စ ဝင်ဆိုရတာပဲရှိသေးတယ်၊ ဘာမှ ဖြစ်မြောက်သေးတာမဟုတ်တော့ တော်နေကြာ မဆိုးရဘူးလုပ်ရင် . . ငါ ခြေတုံ့မှာဟ၊ လမ်းစပျောက်မှာ ငါစိုးရိမ်တယ်၊ ဒါ့ကြောင့် . . အောင်မြင်တဲ့လမ်းစရအောင် ဖျိုးနေတုန်း မသိစေချင်တာ"

"အေးလေ . . ဒါလည်းဟုတ်တာပါပဲ၊ ခုလည်း . . နင်အဆင်ပြေမှာပါ သျှန်ရဲ့၊ ဦးရွှေတို့က နင့်ကို နေရာတော်တော်ပေးတာပဲ၊ မင်္ဂလာဆောင်မှာဆိုရဖို့ဆိုတာ လွယ်လှတာမဟုတ်ဘူး၊ ကြားညှပ်သုံးတာက နင့်ကိုတင်ပေးတဲ့သဘောပဲ၊ နင့်ဘက်ကကြိုးစားဖို့ပဲလိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ . . ငါကြိုးစားမှာပါ၊ ရယ်စရာကောင်းတာ ပြောရဦးမယ် နောင်ရိုးရဲ့"

ပြောရင်း ရယ်မောသံဖြင့်ဆက်ပြော၏။

"အိမ်မှာ ငါက အဆီများတာမစားဘူး . . ဘာမစားဘူးနဲ့ဆိုတော့ . . . ခုတလော အရမ်းချေးများနေပါလား နေမကောင်းဘူးလား . . . ဘာလားနဲ့ စိတ်ပူလာကြတော့ . . ငါ့ဟာ . . စားချင်ယောင်ဆောင်ပြီး ပုန်းလျှိုးကွယ်လျှိုးနဲ့ လွှင့်ပစ်ရတယ် . . သိလား"

"အဆာပိုနဲ့ ဘွားညွန့်က နင့်အတိုးအဘွားတွေလား"

သျှန်၏အရယ်မျက်နှာပျောက်၏။ နောင်ရိုးကို မျက်တောင်းထိုးကြည့်လျက် နှုတ်ခမ်းလေးစူလာလေသည်။

"စပ်စုပြီ . . ကိုစပ်စု၊ အဲဒီစပ်စုတာကြီးကို ငါမကြိုက်ပါဘူး"

"နင်ကလည်းဟာ . . သိချင်လို့မေးတာ၊ စပ်စုတာလား"

"စပ်စုတာပေါ့ . . ဘာလို့သိချင်ရမှာလဲ၊ ငါတောင် နင့်အကြောင်း ဘာမေးဖူးလို့လဲ၊ ကိုယ့်ကိစ္စမှမဟုတ်တာ"

"ခု မဟုတ်ပေမယ့် . . နောက် ဟုတ်ချင်ဟုတ်လာနိုင်တယ်လေ၊ သိထားသင့်တာပေါ့ သျှန်ရဲ့"





"နောင်ရိုး . . နင်နော်၊ ငါ စိတ်ဆိုးမှာ သိလား"

သျှန် မျက်နှာထားလေး တင်းတည်လာမှ . . နောင်ရိုး ပခုံးချင်းတိုက်ရယ်၏။

"သျှန် . . နင်ကလည်း၊ ဒါလေးပြောတာ ဘာဖြစ်သလဲ၊ အရမ်း အဖြစ်သည်းတာပဲ၊ နင်နဲ့ငါက ဖုံးကွယ်ထားသင့်တဲ့သူတွေလားဟ၊ ငါ . . နင့်ကိုမေးတာ မေးချင်လို့မေးတာမဟုတ်ဘူး၊ အကြောင်းရှိလို့မေးတာ"

"ဘာအကြောင်းရှိတာလဲ"

"နင့်အကြောင်း စုံစမ်းမေးမြန်းနေတဲ့သူရှိထယ်"

"ဘာ . . ဘာဖြစ်တယ်"

သျှန့်အသံက နောင်ရိုး လန့်ဖျပ်သွားအောင် ကျယ်၏။

"ဟာ . . တအားအော်တာပဲဟာ၊ နင်ကလည်း"

"အော်တာပေါ့ . . ဘယ်သူက ငါ့အကြောင်းစုံစမ်းတာလဲ၊ ပြော . . အဲဒီလူ ဘယ်သူလဲ၊ ဘာစုံစမ်းစရာရှိလို့လဲ . . သူက"

"စွာလိုက်တာဟာ . . နင် အဲဒီလောက်စွာတာ ခုမှငါသိတယ်၊ ရွှေသစ်ခွတေးသံသွင်းပိုင်ရှင်ဟ၊ ခုတလော . .



www.burmeseclassic.com

www.burmeseclassic.com



စီးရီးတွေထုတ်နေတာ . . နှင့်အကြောင်း သူ သိချင်တယ်တဲ့"

"ဟင်"

သျှန် ရင်ခုန်သံမြန်၏။

မိမိက တေးဆိုချင်သူလေ။ စီးရီးတွေထုတ်ကာ အောင်မြင်ချင်သောသူ။

မြှည့်ဝေသျှန် . . ရယ်လို့ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားချင်သောသူ။ သျှန် မျက်လုံးလေး ဝင်းလက်တောက်ပ၏။

"သူက ငါ့ကို ဘယ်လိုသိသွားတာလဲ နှောင်ရိုး"

"မြင်ဖူးတယ်ပြောတယ်၊ ဆရာဦးရွှေတို့နဲ့ပတ်သက်နေတော့ နှင့်ကိုမြင်ဖူးတာ ဘာဆန်းမှာလဲ"

"သီချင်းသွင်းချင်တယ်ဆိုရင်လည်း ဦးရွှေတို့နဲ့ပြောရမှာနော်"

"ဟုတ်တယ် . . အခုဟာက နှင့်နဲ့ငါ ရင်းနှီးနေတာ သူသိတယ်၊ အရွယ်က ဦးရွှေတို့အရွယ်နဲ့ မတိမ်းမယိမ်းလောက်ဆိုတော့ သူ စုံစမ်းတာကို ငါ အထင်မသေးရဲဘူး၊ တစ်မျိုးတော့ တစ်မျိုးပဲဟ . . ဘယ်လိုပြောရမလဲ၊





တစ်ခုခုဆက်စပ်မှုရှိနေသလိုပဲ၊ အဲဒီလူက နှင့်အမေသီချင်းဆိုတယ်ဆိုတာနဲ့ အရမ်းအံ့ဩတဲ့ပုံပဲ"

"ဝါးရိုပ်ဆိုင်လေးမှာ သီချင်းဆိုတာ သိသွားသလား"

သျှန်၏အသံလေးမှာ စိုးရိမ်စိတ်ဝင်နေ၏။ သျှန်တို့ကိုအထင်သေးသွားမှာကြောက်နေလေသည်။

"မေးလို့ပြောလိုက်တယ်၊ သူ တော်တော်အံ့ဩသွားတဲ့ပုံပဲ၊ ဝါးရိမ်ဆိုင်လေးကိုလည်း သိနေတယ်ဟ"

"ဟုတ်လား"

"အဲဒီဆိုင်မှာပဲနေကြသလားလို့မေးတယ်"

သျှန် ရင်တွေတဒိတ်ဒိတ်ခုန်လာလေသည်။

"ဒါဆို . . မေမေနဲ့များသိနေမလားပဲနော်"

"သိမှာသေချာတယ်၊ ဘာလို့လဲဆိုတော့ . . အဘပိုနဲ့ဘွားညွန့်ကိုပါသိနေတာကိုး၊ နှင်က သူတို့မြေးအရင်းလားလို့ သူမေးလို့ နှင့်ကို ငါမေးတာ"

သျှန် ပင့်သက်ချ၏။

"နှင်မေ့သွားလို့ပါ၊ နှင့်ကို ငါတစ်ခါပြောပြထားပါတယ် နှောင်ရိုးရဲ့၊ ဝါးရိုစ်ဆိုင်လေးက ငါတို့ဆိုင်လား နှင်မေးတော့ . . မဟုတ်ဘူးလို့ ငါပြောထားခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . နင်ပြောတော့မှ ငါ ပြန်သတိရတယ်၊ သူက အဘပိုတို့နာမည်တပ်ပြီး တစ်ခါတည်းတန်းမေးတော့ ငါ ကြောင်သွားခဲ့တာဟ၊ ကျွတ် . . နင်ပြောတော့မှ ငါ ပြန်သတိရယ် . . ဆောရီး"

"ကိစ္စမရှိပါဘူး၊ ဝါးရိပ်ဆိုင်ကိုသိတာလည်း သိပ်အဆန်းတကြယ်မရှိပါဘူး၊ အဲဒီမှာ သီချင်းဆိုတဲ့သူတွေ အဝင်အထွက်ရှိတာကိုး၊ ဒီတော့ . . ပြောသံဆိုသံကြားတာဖြစ်မယ်၊ အဘပိုတို့ကိုပါသိနေတယ်ဆိုတော့ . . ရောက်ဖူးချင်တောင် ရောက်ဖူးမှာနော်"

"နင် မေးကြည့်ပါလား . . အဘပိုတို့ကို"

"အမယ်လေး . . မမေးရဲပါဘူး၊ မေးလိုက်မှ အစထွက်ပြီး သံသရာရှည်မယ် နောင်ရိုးရဲ့ တီးဝိုင်းအဖွဲ့နောက်တကောက်ကောက်လိုက်ပြီး တစ်ခါတလေဝင်ဆိုခွင့်ရတာလေးပါပြုတ်သွားမယ်"

သျှန် . . မချိသွားဖြင့် ရယ်နေတာလေးကြည့်တာ သနားသွား၏။ နောင်ရိုး ဆက်သွယ်ပေးသောတီးဝိုင်းမှာ သျှန် နေရာမရသေးခြင်းအတွက် အားနာလေသည်။

"အေးဟာ . . အခု . . မင်္ဂလာဆောင်ကိုလိုက်ခဲ့ဖို့ခေါ်





တာ အခွင့်အရေးတစ်ခုပဲ သျှန်ရဲ့၊ ဆိုခွင့်ရလို့ကတော့ နင် စိတ်ရှိရှိနဲ့ အာတွေ့အောင်ဆိုဟာ၊ မဆိုဘဲပြန်လာရလည်း ဗဟုသုတ ရတယ်အောက်မေ့၊ ဟိုလူကြီးနဲ့ဆုံတဲ့အခါကျရင် ငါ နင်နဲ့မိတ်ဆက်ပေးမယ်၊ သူကလည်း နင်နဲ့ စကားပြောချင်နေတဲ့ပုံရတယ်"

"ဟယ် . . တကယ်"

"ခွေးသျှန်ရဲ့၊ နင့်ကို ငါက ဘာလို့ညာရမှာလဲ"

သျှန် ပျော်သွားတာ . . ရင်တွေတောင် အခုန်မြန်လေသည်။ ထိုညက သျှန်၏အိပ်မက်ထဲမှာ သျှန် သီချင်းသွင်းနေသည်ဟု အိပ်မက် မြင်မက်လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၀)

"ဟာ . . သျှန်ရေ . . ဟိုလူရောက်နေတယ်ဟ"

နောင်နိုးနှင့်သျှန်တို့ စကားတပြောပြော ပြန်အလာ . . 'ဝါးရိပ်'နှင့်မလှမ်းမကမ်းမှာရပ်ထားသော ကားကောင်း ကားလှလှတစ်စီးကိုတွေ့တာနှင့် နောင်နိုး၏ခြေလှမ်းတုံ့သွား၏။

"ဟင် . . ဘယ်သူရောက်တာလဲ"

"နှင့်ကို ဟိုတစ်ခါပြောတဲ့သူဟာ . . ရွှေသစ်ခွတေးသံ သွင်းကဲ့လူဆိုတာ၊ ဒါ . . သူကား"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



သျှန်၏ ပြုံးဝိုင်းသွားသောမျက်ဝန်းမှာ ဝမ်းသာရိပ်လွှမ်း၏။

"နောင် . . နောင်ရိုး၊ ငါ့ကို သီချင်းသွင်းပေးမလို့နဲ့တူ တယ်နော်၊ စကားလာပြောတာထင်တယ်"

ဝမ်းသာအားရပြောသော သျှန်၏အသံက တုန်ခါလှိုင်းထနေလေသည်။ သျှန် ဝမ်းသာသလောက် နောင်ရိုးက မျက်နှာမှုန်ကုတ်ကုတ်ဖြစ်နေတာ သျှန် နားမလည်နိုင်ပေ။

"တစ်မျိုးကြီးပဲဟာ၊ တကယ်ဆိုရင် နင်နဲ့ဦးဆုံးစကားပြော ရမှာ သျှန်ရဲ့၊ နင်နဲ့တွေ့ပြီးမှ . . လူကြီးတွေဆီခွင့် တောင်းရမှာ"

ဘာပြောပြော သျှန်၏မျက်နှာလေးက မျှော်လင့်ချက်ဖြင့် ဝင်းပကြည်လင်နေလေသည်။

"ခုလည်း . . ငါ့ကို စကားလာပြောတာဖြစ်မှာပေ နောင်ရိုးရဲ နင်ပဲပြောတယ်လေ . . အဲဒီလူက 'ဝါးမှိုင်' ကိုသိနေတယ်ဆို၊ ပြီးတော့ . . အဘမိုတို့ ဘွားညွှန့်တို့ ကိုလည်း သိနေတယ်လို့ နင်ပဲပြောပြီးတော့"

သျှန် အားတက်သရောဖြစ်နေသလောက် . . နောင်ရိုး စိတ်ထဲမှာထင့်နေ၏။ သျှန်က နောင်ရိုးကို အားမရဖြစ်တာ မျက်စောင်းထိုးကြည့်၏။





"အဲဒီတော့ . . တစ်ခါတည်းလာတွေ့တာမဖြစ်နိုင်ဘူး လား နောင်ရိုးရဲ့"

"အေးပါ . . ဖြစ်နိုင်ပါတယ် . . ဖြစ်နိုင်ပါတယ်၊ ငါ့စိတ် ပူတာက နင် အပြင်မှာသီချင်းဆိုနေတာ . . လူကြီးတွေ သိမထားသေးတော့ တော်နေကြာ စကားပြောအဆင် မပြေမှာ စိုးရိမ်းတာ သျှန်၊ နေဦး . . ဘာလို့ အဲဒီ လောက်အလောတကြီးသွားတာလဲ . . အခြေအနေ ကောင်း,မကောင်း အရိပ်အကဲကြည့်ဦးမှပေါ့ သျှန်ရဲ့"

နောင်ရိုးက သျှန့်ကိုလှမ်းဆွဲ၏။

"ဟာ . . သိချင်လှပြီဟာ . . နင်ကလည်း"

"သိရမှာပါ . . ခုပဲသိရမယ်ဟာ၊ နင့်ပုံစံက ပြေးဝင်သွား တော့မယ့်ပုံစံကြီးနဲ့၊ ဣန္ဒြေပျက်လိုက်တာ"

"ဘယ်သူက ပြေးဝင်မှာလဲ နောင်ရိုးရဲ့၊ ဟိုနားကျတော့ ဟောဒီလို . . ဟောဒီလို . . တစ်လှမ်းချင်းဝင်မှာ သိရဲ့ လား"

သျှန်က ပြောသည့်အတိုင်း ဣန္ဒြေရရ ခြေတစ်လှမ်းချင်း လှမ်းပြသဖြင့် . . သျှန့်ကိုကြည့်ကာ နောင်ရိုး ရယ်မိ



www.burmeseclassic.com

www.burmeseclassic.com



၏။

သျှန်က တကယ့်ကို အပြစ်ကင်းစင်ကာ ကလေးဆန်၏။ ရှေ့နောက်မျှော်ခေါ်တွေးတောမနေဘဲ သူ ချင်တာ သူလုပ်ချင်တာ တစ်ဖွတ်ထိုးလုပ်တတ်တာတစ်ခုပဲ နေလေသည်။

"မဖြစ်နိုင်ဘူး . . ဘယ်လိုနည်းနဲ့မှမဖြစ်နိုင်ဘူး၊ အဲ့ အဲ့ပါရဲ့၊ ဒီစကားမျိုး ရှင်မှီပြောရဲတယ် . . ရှင်မှီ နှာပြောင်ထိုက်ပြီး ဒီနေရာကိုလာရဲတယ်လို့ရှင်"

ဒေါသဖြင့်အော်ပြောသောအသံကြောင့် 'အမယ်လေး' 'တ'မိ၏။ လှမ်းနေသောခြေလှမ်းတုံ့၏။

နောင်မိုးကို အလန့်တကြားကြည့်သော ကြည့်မှာ . . "ခက်ပြီ . . ဘယ့်နဲ့လုပ်မလဲ"ဟူသောအကြည့် လေသည်။

နောင်မိုးက "ခဏနေ"ဟု ပါးစပ်လှုပ်ရုံ ၏။ သျှန် ရှေ့ဆက်မသွားအောင် လက်ဖဝါးကို တင်းတင်း ဆုပ်ကိုင်ထားလေသည်။

"အားနာစရာကောင်းလိုက်တာ၊ မမေမှုဟုတ်ရဲ့လား တောင် အောက်မေ့ရတယ်၊ အဲဒီလောက်ပြောဆိုလွန်





တာ ရှိုင်းတာပေါ့၊ ဘယ်ကောင်းမလဲ"

မေမေ့ကို စိတ်ပျက်သောစိတ် သျှန်၌ ဦးဆုံး ထွန်း၏။

"ဦးကလည်း ဘာတွေ ဘယ်လိုသွားပြောလိုက်သလဲမှ မသိတာ သျှန်ရယ်၊ ခဏစောင့်ဦး . . ဝင်မသွားနဲ့"

"သျှန်ကတော့ ဝင်ချင်တယ်၊ ဘာဖြစ်တာလဲ သိချင် တယ် နောင်မိုးရဲ့၊ သျှန့်ဘဝတက်လမ်းကို ဒီလိုဖျက်ဆီး တာ သျှန် မကြိုက်ဘူး"

"လူကြီးတွေ ပြေလည်အောင်ညှိကြပါစေ၊ သူတို့စကား ပြောနေတုန်း သျှန်ရောက်သွားရင် ပိုဆိုးသွားရုံပဲရှိမယ်၊ ပြေလည်ဖို့ ပိုဝေးသွားမယ်"

နောင်မိုးပုံစံက တကယ့် လူကြီးဆန်နေ၏။ သူက တစ်ခုခုဖြစ်တော့မှာကို ကြိုတင်သိရှိနေသော သက်ရွယ်ရင့် လူကြီးတစ်ယောက်လို နားစွင့်နေသဖြင့် သျှန်လည်း နားစွင့်၏။

သို့သော် . . .

မေမေ့ဒိုသံ . . ဒိုသံဖြင့်ပြောသောစကားသံက ဆောဆောကထက်စာလျှင် ကိုးတိမ်သွားကာ တစ်ယောက်တစ်ခွန်း ခပ်ရှောက်ပြောဆိုသံ(ဘာတွေပြောနေမှန်း မသိသာအောင် ခပ်



www.burmeseclassic.com

www.burmeseclassic.com



သဲ့သဲ့ကြားရလေသည်။)

"နောင်ရိုး . . လွှတ် . . ဖယ် . . ငါ့လက်ကို"

သျှန်က နောင်ရိုးဆွဲထားသော လက်ထဲမှ သူမ၏လက်ကို ရုန်းထွက်၏။

"ဟာ . . သျှန်၊ နင် မသွားနဲ့လေ၊ သွားလို့မဖြစ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ . . ငါနဲ့ပတ်သက်တဲ့ကိစ္စ ငါ မသွားရင်ဘယ်ဖြစ်မှာလဲ"

"ဖြစ်တယ် . . ဖြစ်လို့ သူတို့ဟာသူတို့ ရှင်းနေကြပြီပဲ"

နောင်ရိုးမျက်နှာကို 'သျှန်' ဆတ်ခနဲ မော်ကြည့်၏။

"မှန်မှန်ပြောစမ်း . . နောင်ရိုး၊ နင့်ကြည့်ရတာ တစ်ခုခု သိနေသလိုပဲ"

"စေတနာကောင်းနဲ့တားတာ သျှန်၊ နင်သိတာထက် . . ဘာမှ ပိုမသိဘူး . . စိတ်ချ"

"ဒါဖြင့် . . ဘာဖြစ်လို့တားနေတာလဲ၊ သွားကြည့်ရင် သိရမယ့်ဟာ"

"အထဲဝင်ရင် ပိုရှုပ်သွားမလားလို့ဟ၊ တို့ . . လမ်းထိပ်နားက သွားပြန်စောင့်မယ်လေ"





"ဘာလုပ်မှာလဲ"

"အဲဒီဦးလေးကြီးနဲ့တိုက်ရိုက်တွေ့ပြီး စကားပြောကြတာပေါ့ သျှန်ရဲ့၊ အကျိုးအကြောင်းသိရင် တောင်းပန်လို့ရတာပေါ့၊ နင့်အမေရှေ့မှာ နင် တောင်းပန်လို့ရမလား၊ ကဲ . . ပြော"

ဟုတ်သည်။

မေမေတို့ရှေ့မှာ တောင်းပန်ဖို့ဝေး၍ ကျေလည်စွာမသိရခင်မှာပင် သျှန် မျှော်လင့်ထားသမျှ ပျက်ဆီးရမှာ သေချာလေသည်။

"ဟုတ်တယ် . . နောင်ရိုး၊ နင်ပြောတာလည်း ဟုတ်တာပဲ"

သျှန်နှင့်နောင်ရိုးတို့ လမ်းထိပ်ကြံရည်ဆိုင်မှာ သွားရောက်စောင့်ဆိုင်းနေခဲ့သောအချိန်ကာလမှာ ရွှေသစ်ခွတေးသံသွင်းပိုင်ရှင်၏ကားကြီး ဝါးရိပ်ဆိုင်လမ်းထဲမှထွက်လာလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

"ဟင်"

နောင်ရိုးနှင့် 'သျှန်'ကို မိမိ၏ကားရှေ့နားမှာ မြင်တွေ့ရသောအခါ ဦးသန့်စင် ရင်မှာဒိတ်ခနဲဖြစ်၏။

သမီးလေး . . .

မိမိ၏သမီးလေးပါလား။

သျှန့်ကိုမြင်တွေ့လိုက်ချိန်မှစ၍ အပြုံးနှင့်တူ ိုတ်တာတု စိတ်ကထင်မှတ်၏။

ထို့ကြောင့် . . သတိထားကြည့်မိ၏။ စုံစမ်း ကြည့်မိ၏။ ယခု . . ဆေချာအောင် 'ဝါးရိပ်'မှာလာရောက်ရုံမီး



www.burmeseclassic.com

www.burmeseclassic.com



သောအခါ . . မိမိထင်မှတ်ထားသည့်အတိုင်း အပြုံးနှင့် မိမိ၏ သမီးလေးဖြစ်နေတာ အံ့ဩစွာသိရှိခဲ့ရပါသည်။

ကားကို ပလက်ဖောင်းနားကပ်၍ရပ်လိုက်၏။ ခေါင်းပြူကြည့်လိုက်၏။ သမီး၏နှစ်လိုဖွယ်ရာအပြုံးကိုတွေ့၏။

"နောင်ရိုး . . တို့ပါလား"

သမီးထံအကြည့်ရောက်ပြီးမှ သိကျွမ်းစကားပြောဆိုလက်စရှိသော နောင်ရိုးကိုနှုတ်ဆက်၏။

"ဟုတ်ကဲ့ . . ဦး၊ ဒီမှာ . . ကျွန်တော် ဦးနဲ့ သျှန်ကို မိတ်ဆက်ပေးချင်လို့ခင်ဗျ"

နောင်ရိုးက ရှိကျိုးစွာ ခါးလေးကိုင်းညွတ်ပြော၏။

"ဪ . . ကားပေါ်တက်လေ၊ အချိန်ရကြမယ်ထင်တယ်၊ စကားပြောလို့ရတာပေါ့"

နောင်ရိုးက 'ရမလား'ဟူသောအကြည့်ဖြင့် သျှန်ကိုကြည့်၏။ သျှန်က ခေါင်းလေးညိတ်ပြုံးလေသည်။

နောက်ခန်းတံခါးဆွဲဖွင့်ကာ ကားပေါ်တက်လာသောလူငယ်နှစ်ယောက်ကို တစေ့တစောင်း အကဲခပ်ကြည့်ကာ ဦးသန့်စင် ပင့်သက်ချမိလေသည်။





အပြုံးထံမှ ခါးသီးသောငြိမ်းဆန်မှု၊ မုန်းတီးစွာ အော်ဟစ်မောင်းထုတ်ခြင်းကိုခံခဲ့ရပါသည်။

"ခုချိန်ကျမှ သမီးနဲ့ ရှင်ဘာမှမပတ်သက်မိပါစေနဲ့ ကိုသန့်စင်၊ ကျွန်မနဲ့သမီးရဲ့ဘဝက အခြေကျနေပါပြီ၊ ရှင့်လို ကားကြီးကားကောင်းမစီးနိုင်ကြပေမဲ့ စိတ်ချမ်းချမ်းသာသာနဲ့ အေးချမ်းတဲ့ဘဝကိုပိုင်ဆိုင်ထားကြတာပါ၊ ကျွန်မတို့ကို မနှောင့်ယှက်ပါနဲ့၊ အဖေမဲ့ဘဝနဲ့ တစ်သက်လုံးနေလာခဲ့ပြီး . . . ခုမှ အဖေပေါ်လာတာကို သမီးကျေနပ်မယ်ထင်နေသလား၊ ရှင့်ကို စိတ်နာမုန်းတီးမယ်ဆိုတာ ရှင်မသိဘူးလား"

အပြုံး၏စကားတွေက ရင်မှာ သံမှိုနှင့်နှက်သကဲ့သို့ နာကျင်စွာခံစားရ၏။ တကယ်ပဲ . . မုန်းတီးမှာလား။

နောက်ကြည့်မှန်ထဲမှအကြည့် သမီး၏အပြုံးကိုမြင်တွေ့ရသဖြင့်ပြန်လည်ဖြုံးပြရာမှ စိတ်သက်သာရာရသလို ခံစားရလေသည်။

"တစ်ခုခုစားသောက်ရင်းက စကားပြောကြတာပေါ့၊ ဘာစားကြမလဲ"

နောင်ရိုးရယ်၊ သျှန်ရယ်လို့ နာမည်တပ်မပြော



www.burmeseclassic.com

www.burmeseclassic.com



ဲ နှစ်ယောက်လုံးကိုရည်ရွယ်ပြော၏။

"ရပါတယ် ဦး၊ အစားအသောက်က ဒီလောက်မဟုတ်ပါဘူး၊ ကျွန်တော်တို့က ဦးနဲ့ အေးအေးဆေးဆေး စကားပြောရုံပြောချင်တာပါ"

နောင်ရိုးက နှုတ်အာသွက်စွာဖြေ၏။

"ဦးကတော့ တစ်ခုခုကျွေးချင်တဲ့ဆန္ဒရှိနေတယ်၊ စကားပြောရင်း စားသောက်ကြတာပေါ့ . . ဟုတ်လား"

ပြောရင်း . . ယခုရောက်ရှိနေရာဌာနနှင့်

ာနီးစပ်ဆုံးရှိနေသည့် ပါရမီလမ်းပေါ်မှ (MEMENTO)ဆိုင်ထဲ

ုံးဝင်လာခဲ့၏။

"လာကြကွဲ့"

ကားတံခါးဖွင့်ဆင်းပြီး ကျေနပ်စွာ ပြုံးမိ၏။

ကိုင်း . . အပြုံးရေ . . .

မင်း . . ဘာစာတ်နိုင်သေးသလဲ။

အပြုံးက သမီးနှင့်သူ့ကို မပတ်သက်ပါနှင့်ဟု

ာ်ကြီးဟစ်ကျယ် ရန်တွေ့ပြောဆိုခဲ့၏။

ယခု . . သူကပတ်သက်တာမဟုတ်ပါ။

သမီးက သူ့ကိုလာရောက်ပတ်သက်ခဲ့တာလေ။





စားပွဲမှာနေရာယူထိုင်လိုက်သောအခါ သူက တစ်ဖက်၊ နောင်ရိုးနှင့်သမီးကတစ်ဖက် . . ထိုင်မိကြ၏။

"ဘာစားကြမလဲ . . စားချင်တာပြောကြလေ"

မီနူးကဒ်ကို သမီးနှင့်နောင်ရိုးရှေ့မှာချပေးရင်းကြည်နူးစွာပြုံးမိ၏။ အမိက,က သမီးကိုကျွေးလိုလှတာပဲဖြစ်၏။

"ဟင့်အင်း ဦး . . ရပါတယ်၊ သျှန် မဆာပါဘူး"

"မဆာပေမဲ့ စားလို့ရမှာပါစားပါ၊ ဦးကတကယ့်စေတနာနဲ့ကျွေးချင်လို့ပါ"

နောင်ရိုးနှင့်သျှန် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြုံးကြ၏။ နောက်တော့ . . သျှမ်းခေါက်ဆွဲကြော်မှာကြလေသည်။

"ဦးရော"

"ရတယ် . . ရင်ထဲပြည့်နေလို့ အအေးပဲသောက်မယ်"

ပြောရင်း . . Coke တစ်ဘူးမှာ၏။ နောင်ရိုးက 'သျှန်'နှင့်မိတ်ဆက်ပေးဖို့ နှုတ်ခမ်းပြင်လေသည်။

"သူ့နာမည်က ပြည့်ဝေသျှန်တဲ့ ဦးရဲ့၊ ဟိုတစ်ခါ . . ကျွန်တော်တို့အဖွဲ့နဲ့ဆုံတုန်းက ဦး မေးခဲ့ဖူးတာ ကျွန်တော်ပြောပြထားခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးသန့်စင် . . ခေါင်းညိတ်၏။ သမီးကို လှမ်းအကြည့် သမီးက ပြုံးပြသဖြင့် ပြန်လည်ပြုံးပြရာမှ ရင်ထဲ ဒိတ်ခနဲဖြစ်၏။

သူ ဘာယ်သူဆိုတာသိလျှင် သမီးပြုံးပြနိုင်ပါ့မလား။ ယခုတော့ . . တကယ့်သူစိမ်းတွေလိုဆုံတွေ့ကြရပါပြီ။

"ပြည့်ဝေသျှန် . . ဆိုတဲ့နာမည်က နာမည်ရင်းတော့ မဟုတ်ဘူးထင်တယ်"

သူကိုယ်တိုင် သမီးလေးကို 'အရိပ်ပန်း'ဟု နာမည်မှည့်ပေးခဲ့တာပါ။

မိမိက တိုးတက်မြင့်မားလိုသူဖြစ်၏။ ကြီးပွားလိုသူဖြစ်၏။

ကြီးစားရုန်းကန်နေချိန်မှာ အိမ်ထောင်ကျခဲ့၏။ သံယောဇဉ်တွယ်တာစရာအဖြစ် သမီးကိုထပ်မံရရှိသောအခါ အောင်မြင်မှုအတွက် ခြေလှမ်းတဲ့စရာဖြစ်၏။

ရှေ့ဆက်တိုးချင်သည့်ဘဝခရီးလမ်းမှာ သမီးက အရိပ်လိုတွယ်ငြိခဲ့ပြီဟူသောစိတ်ဖြင့် 'အရိပ်ပန်း'ဟု သူပဲမှည့်ပေးထားခဲ့တာ။

ယခုတော့ . . ပြည့်ဝေသျှန်တဲ့ကွယ်။





"နာမည်ရင်းက အရိပ်ပန်းပါ။ နောက်တော့ . . သမီးက ဘာပဲမေးမေး ပြောပြော . . 'ရှုန်'က အရင်ပြောတွက် တာမို့ အဘပိုက 'ရှုန်'လို့ပဲခေါ်တာ၊ ရကောက်ဟတိုး နသတ်နဲ့ရှုန်လေ၊ အဲဒါကို 'သ'ယပင်းဟတိုး နသတ်နဲ့ သျှန် လိုက်တာ၊ သိချင်းဆိုတော့မယ်ဆိုတော့ ဦးကြီးရွှေ က ပြည့်ဝေသျှန်လို့ ထပ်ဖြည့်ပေးလိုက်တာ"

"ဪ . . ဒီလိုလား"

ဦးသန့်စင် . . ခေါင်းတညိတ်ညိတ်ဆတ်ပြုံး၏။

"ဦးကြီးရွှေဆိုတာက . . ကိုရွှေဇော်ပြောတာထင်တယ်"

ဒီတစ်ခါ နောင်ရိုးထံအကြည့်ရောက်ကာမေးခြင်းဖြစ်၏။

"ဟုတ်ကဲ့ ဦး"

"ကြည့်ရတာ မင်းပဲမိတ်ဆက်ပေးခဲ့တဲ့ပုံပဲ . . ဟုတ်လား နောင်ရိုး"

ကိုရွှေထံမှာ အဲဒီကလေးမလေးက ဘယ်သူလဲ စုံစမ်းစဉ်က 'နောင်ရိုးခေါ်လာခဲ့တာဗျ'ဆိုတာကြောင့် သူ သိနေခဲ့၏။

"ဟုတ်ကဲ့ . . သူက အဆိုပါသနာကြီးတယ် . . အောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ချင်တယ် . . ဖြစ်ထွန်းချင်တယ်၊ ဝါးရိပ်မှာ အဖွေ
သဘောဝင်ဆိုရတာလောက်နဲ့ မကျေနပ်ဘူး၊ ဝိုင်းဖွေ
နဲ့မိတ်ဆက်ပေးပါဆိုတာနဲ့ ကျွန်တော်ခေါ်သွားခဲ့တာ

ဩော် . . အဖေ့သမီးမို့ အဖေ့ဗီဇပါလေသည်
ဝဲ။ ဦးသန့်စင် သဘောကျစွာပြုံးကြည့်တော့ သျှန်က ရှက်ပြုံးလေး
ပြုံး၏။

"မေမေတို့မသိအောင် သျှန် တိတ်တိတ်ကလေးခိုးပြီး
သီချင်းဆိုတာ ဦးရဲ့၊ အခုလည်း . . ဦးကို မေမေတို့
ဘာတွေပြောလွှတ်လိုက်သလဲဆိုတာ သျှန် မသိပေမယ့်
သျှန် တောင်းပန်ပါတယ် ဦးရယ် . . တကယ်ပါ၊ မေမေ
ရိုင်းပျစော်ကားတာများရှိခဲ့ရင် ခွင့်လွှတ်ပေးပါ"

"ဟင်"

ဦးသန့်စင် မျက်လုံးပြူးသွား၏။ မိမိ 'ဝါးရိပ်'သို့
သွားခဲ့၏။ အပြုံးနှင့်တွေ့ဆုံစကားပြောခဲ့၏။

ဒါတွေ . . တလေးတွေသိမည်မထင်မှတ်တာ
သိထားကြသည်ဆိုတော့ အံ့ဩသွားလေသည်။ မျက်နှာပျက်သော
သည်။

"ဟာ . . သျှန်၊ နင် ဘာတွေလျှောက်ပြောတာလဲ"





နောင်ရိုး ကမျာကယာဟန့်တားပေမယ့် မရပါ။

"လျှောက်ပြောတာလား နောင်ရိုးရဲ့၊ တောင်းပန်သင့်လို့
တောင်းပန်တဲ့ဟာ"

သျှန်က နောင်ရိုးကိုလှည့်မာန်၏။ ပြီးမှ . .
အားနာမျက်နှာဖြင့် ပြုံးပုံက တကယ့်ကို ရိုးသားအပြစ်ကင်းစင်
လေသည်။

"သျှန်က ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင် ကြိုးစားချင်
တာ ဦးရဲ့၊ မေမေ့လို ဝါးရိပ်လောက်နဲ့ မကျေနပ်နိုင်
ဘူး၊ ဒါ့ကြောင့် နောင်ရိုးကိုအကူအညီတောင်းပြီး တိတ်
တိတ်ကလေးသီချင်းဆိုနေတာ၊ ဦးနဲ့သာ 'သျှန်' စော
စောကတည်းကတွေ့ရင် ခုလိုတွေဖြစ်မှာမဟုတ်ဘူး
ဦးရယ် . . ခုတော့ အားနာလိုက်တာ"

ဩော် . . သမီးလေးက မိမိကို ဘယ်သူရယ်လို့
သေချာစွာ မသိရှာသေးပါ။ သီချင်းဆိုရဖို့သာ အာရုံစိုက်လျက်
ထိုကိစ္စအတွက် ဝါးရိပ်သို့လာတာလို့ပဲ ထင်နေရှာသဖြင့် . . ဦး
သန့်စင် သနားကြင်နာစွာ ပင့်သက်ချ၏။

စိုးရိမ်ပူပန်မှုတစ်ခုက လွန်မြောက်သဖြင့် မိမိ
သက်သာရာလည်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . ဦး ဝါးရိပ်ကိုရောက်ခဲ့သေးတယ် အရိပ်အဲ . . သျှန်တို့ကိုမတွေ့ခဲ့ဘူး"

"အဟဲ . . ဘယ်တွေ့မလဲ ဦးရဲ့ သျှန်တို့က ဦးရဲ့ကားကို တွေ့တယ်လေ၊ ပြီးတော့ . . မေမေဒေါသတွေထွက်နေ သံကြားတာနဲ့ ပြန်ပြေးထွက်လာပြီး ဦးကိုစောင့်နေကြ တာ၊ မေမေဘာပြောပြော ငွေမယူပါနဲ့ ဦးရယ်၊ သျှန်က တကယ် အဆိုတော်ကြီးဖြစ်ချင်တာ၊ သျှန့်သီချင်းတွေ တစ်လောကလုံး ပျံ့နှံ့တာကို သျှန် အရမ်းကြားချင်တာ ပဲ . . သျှန် အရမ်းအောင်မြင်ချင်ပါတယ်"

ဩော် . . သမီးလေးရယ် . . .

မိမိတုန်းကလိုပဲ အောင်မြင်ချင်စိတ် ဖွဲ့သန်ရှာသည်။ မိမိက ဂစ်တာတစ်လက်ဖြင့် လေလွင့်ခဲ့၏။

ကြီးပွားတိုးတက်ရာလမ်းစရှာရင်းမှ ဖြူဖြူခိုင်နှင့်တွေ့ခဲ့၏။ ခိုင်က ငွေအရင်းအနှီးအမြောက်အမြားရှိ၏။

ကျောက်အောင်သဖြင့် ကြီးပွားတိုးတက်လာရာမှ လုပ်ငန်းတစ်ခုခုလုပ်ဖို့ ရှာဖွေနေစဉ်မှာပင် . . မိမိနှင့်တွေ့ခဲ့၏။

ဒီမှာပင် . . အပြုံးနှင့်သမီးကို သူ မေ့လျော့





ထားခဲ့ကာ နှစ်ပေါင်းများစွာ အိပ်မက်မက်ခဲ့သော တီးဝိုင်းတစ်ခု တည်ထောင်ဖို့ မခိုင်နှင့်ပေါင်းစည်းခဲ့၏။

ယခုတော့ . . 'ရွှေသစ်ခွ'တေးသံသွင်းလုပ်ငန်းဖြင့် သူ့ဘဝမှာအခြေတင့်နေခဲ့ပြီ။

"ကောင်းပါတယ် . . . အောင်မြင်ချင်တဲ့စိတ်ကြောင့် အောင်မြင်ဖို့တစ်ဝက်သေချာတာပဲ သမီးရဲ့ သမီးအသံ ကို ဦး ကြားဖူးခဲ့တယ်၊ အဆွဲအငင် အဖြတ်အတောက် အရမ်းကောင်းတယ် . . ကံကောင်းရင် တစ်ရှိန်ထိုးနာ မည်ကြီးသွားနိုင်တယ်"

"ဟာ"

နောင်ရိုးရော သျှန်ပါ အားရဝမ်းသာဖြစ်သွား ဟန်က မြင်ရသူကိုပါ စိတ်ချမ်းမြေ့စရာကောင်းလှ၏။

"ဒါ . . ဒါဖြင့် . . ဦး . . သျှန့်ကို ကူညီနိုင်မလားဟင်၊ သျှန် ကြိုးစားမှာပါ ဦးရဲ့ အသားကုန်ကြိုးစားမယ်၊ သျှန် သိတယ် . . သျှန် အောင်မြင်မှာသိလား"

"ဟဲ့ . ."

နောင်ရိုးက . . သျှန့်လက်ကိုပုတ်ရာမှ ဦးသန့် ဇင်ကို အားနာစွာ ရှက်ရိပ်ဝဲကာကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဟာက အသားကုန်မကြိုးစားရသေးဘူး၊ အသားကုန်ကြွားနေပြီ"

ရယ်ပြုံးပြောလေသည်။ သျှန်ကတော့ မလျှော့ပါ။

"ငါ့ကိုယ်ကို ငါ အာမခံတာလေ နောင်ရိုးရဲ့၊ ဘာလဲ မီလ နင် မယုံဘူးလား . . စောင့်ကြည့်"

"အေးပါ . . ကြည့်မှာပါ . . ကြည့်မှာ . . စိတ်ချ၊ ဦးက ဖြင့် ဘာမှမပြောရသေးဘူး . . နင်ကသေချာနေပြီ"

နောင်ရိုးပြောမှ . . သျှန် သတိဝင်ကာ လျှာတစ်လစ်ထွက်လျက် ဦးသန့်စင်ကိုကြည့်၏။ ဦးသန့်စင် သဘောကျစွာ ပြုံးလေသည်။

"အဲဒီလောက်စိတ်အားထက်သန်နေမှတော့ ကူညီမှာပါ စိတ်ချ၊ ဘယ်သူမှ စကိတ်စီးပြီး ပန်းဝင်လို့တော့မရဘူး ပေါ့ သမီးရယ်၊ သူများတွေလိုပဲ ကိုယ်လည်းပြေးနိုင်သမျှ ခြေကုန်သုတ်ပြေးရမှာပဲ၊ အရေးအကြီးဆုံးက ခွန်အားလုံ့လ ဝီရိယရှိဖို့ပဲလိုတယ်၊ သမီး . . ခုလောက် စိတ်ထက်ကြွနေလို့ကတော့ အောင်မြင်မှာပါ၊ လူဆိုတာ ယုံကြည်မှုရှိဖို့လိုတယ်လေ၊ ဖြစ်ရမယ်ဆိုရင် ဖြစ်ဖို့ ရာခိုင်





နှုန်းတစ်ဝက်သေချာတယ်၊ ဒါဟာ . . ပန်းတိုင်ရောက်ဖို့တစ်အားပဲ၊ တစ်ခုတော့ရှိတယ် . . သမီးအိမ်က အဆင်ပြေပါ့မလား"

အပြုံးသာသိလို့ကတော့ သီချင်းဆိုတာ ခွင့်ပြုမပြုထက် . . သားအဖချင်းဆက်သွယ်ခြင်းကို ဘယ်လိုမှခွင့်ပြုနိုင်မှာမဟုတ်တာ၊ စိတ်ကျေနပ်မှာမဟုတ်တာ သေချာနေလေသည်။

"မအောင်မြင်ခင်မှာတော့ သျှန် တိတ်တိတ်ကလေး ခိုးလုပ်ရမှာပဲ ဦးရဲ့၊ သိသွားလို့မောင်းချလည်း သျှန်ကတော့ ဆင်းလာမှာပဲ၊ မတတ်နိုင်ဘူးလေ၊ သျှန်က . . အောင်မြင်ချင်တာကိုး"

"ရဲရဲတောက် စိတ်ဓာတ်ပဲ"

ဦးသန့်ဇင် သဘောကျစွာပြုံး၏။ ဒါဟာ သူ့အမွေကိုရရှိခြင်းဟုမြင်ကာ ကျေနပ်၏။

နောင်ရိုးက 'ဟဲ့'ဟု တိတ်တိတ်ကလေးအသံထွက်၏။ စောစောက သျှန်၏မေမေထံမှ ဒေါသသံက သူ့ရင်ကို ခုန်စေလေသည်။

"သမီးအဖေ ဘယ်သူလဲ . . သိသလား"

သျှန့်ကို သွေးတိုးစမ်းမေး၏။



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး .. ဦးရယ်၊ သျှန် ငယ်ငယ်ကတည်းက မေမေနဲ့ကွဲသွားကြတာလို့ပဲ သိတယ်"

"နာမည်တော့သိမှာပေါ့"

"ဦးသန့်ဇင်တဲ့ .. အဲဒါ ဘယ်နေရာမှာပဲဖြစ်ဖြစ် အဖေနာမည်ရေးရလို့ သျှန် သိနေတာ၊ အိမ်မှာတော့ .. ဒီနာမည် လုံးဝအခေါ်အပြောမရှိတာအမှန်ပဲ"

ဦးသန့်ဇင် ပြုံးပြီး ခေါင်းညိတ်၏။ အပြုံး စိတ်နာမယ်ဆိုရင် နာလောက်အောင် သူ့ဘက်က အမှားတွေအများကြီးရှိခဲ့၏။

ဇနီးနှင့်သမီးကို သူ လုံးဝ ပြန်လှည့်မကြည့်ခဲ့မိပါ။ သာယာချမ်းမြေ့သောအိမ်ထောင်သစ်မှာ သူ ပျော်မွေ့နေခဲ့၏။

နောက်ဆုံး .. ဝါးရိပ်သို့ အပြုံးတို့သားအမိ ဘယ်အချိန်အခါက ပြန်ရောက်လာသလဲ သူ မသိပါ။ သမီးနှစ်နှစ်ကျော်ကျော်အရွယ်လောက်က သူ အပြုံးကိုထားရစ်ခဲ့ခြင်းကြောင့် သမီးက သူ့ကို လုံးဝမမှတ်မိတာ အဆန်းတကြယ်မဟုတ်ပေ။

နှောင်ရှီးတစ်ယောက်သာ ဦးသန့်ဇင်ကို မျက်





လုံးလေးပြူးကြည့်၏။

"အံ့ဩစရာပဲ .. ဦးနာမည်ကလည်း ဦးသန့်ဇင်နော်"

"ဟုတ်တယ် .. ရွှေသစ်ခွတေးသံသွင်းရှိနေတော့ .. 'အော်ကစ်ဒ်' .. အော်ကစ်ဒ်နဲ့ခေါ်ကြတာများလို့ ကိုယ့်နာမည်ရင်းတောင် ကိုယ်ပြောဖို့မေ့နေခဲ့တယ်"

သျှန်၏မျက်နှာအမူအရာကို .. အတဲ့ခတ်အကြည့် အံ့ဩရိပ်တစ်ချက်လွှမ်းတာကလွဲလျှင် ဘာကိုမျှ ဆက်စပ်တွေးမိပုံမရပေ။

"ဩော် .. ဒါကြောင့် .. မေမေ တအားစိတ်ဆိုးတာဖြစ်မယ်၊ ဦး့နာမည်က ဖေဖေ့နာမည်နဲ့တူနေခဲ့တာကိုး၊ ဦးက ကျွန်တော် ရွှေသစ်ခွတေးသံသွင်းက ဦးသန့်ဇင်ပါလို့ပြောခဲ့တယ်ထင်တယ်"

အပြစ်တင်းစွာ ရယ်မောပြောဆိုတာကြောင့် သမီးကိုကြည့်ကာ ဦးသန့်ဇင် မချိပြုံး ပြုံးမိ၏။

"ဘယ်ဟုတ်မလဲကွယ် .. ဦးက သူ အမုန်းဆုံးဖြစ်နေတဲ့ သမီးရဲ့အဖေဖြစ်နေခဲ့တာကိုး"

ဆိုတာတို့ .. စိတ်ထဲမှပဲပြောမိပါသည်။ နှုတ်မှဖွင့်ဟပြောဖို့ စိတ်မရဲဘဲရှိ၏။ အပြုံး၏အမုန်းကို ခံယူဖို့ ရဲဝံ့ပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးမုန်းမှာ စိတ်ကွက်မှာကို သူ မခံယူရဲပါ။

ဖြူဖြူခိုင်နှင့် သားသမီးတစ်ယောက်မျှထွန်းကားခြင်းမရှိသဖြင့် . . သူ့မှာ သွေးသားရင်းချာအဖြစ် ဒီသမီးလေးတစ်ယောက်ပဲရှိတာလေ။

ထို့ကြောင့် . . .

ပြောချင်သောစကားတွေ မျိုချ၏။

မိမိဘက်မှ ပျက်ကွက်ခဲ့သောအမှားအယွင်းများစွာ၊ အပြစ်များစွာအတွက် သမီးလေးဖြစ်ချင်သောဆန္ဒများဖြစ်လိုမှုများဖြစ်ထွန်းဖို့ . . သူ့မှာ အဓိက တာဝန်ရှိသည်ဟု သူယူဆလေသည်။

❀ ❀ ❀



## အခန်း(၁၂)

'ဝါးရိပ်'သို့ ရွှေသစ်ခွတေးသီသွင်းပိုင်ရှင်လာရောက်ခဲ့ခြင်းအတွက် . . မေမေ ဒေါသထွက်စိတ်ဆိုးတာ သျှန်နားနှင့်ဆတ်ဆတ်ကြားခဲ့ပြီးဖြစ်၏။ မျက်ဝါးထင်ထင်မြင်ပြီးဖြစ်၏။

ထို့ကြောင့် . . .

သျှန် . . ပြန်ရောက်လျှင် အနည်းနှင့်အများမေးမြန်းပြောဆို ဆူပူတာခံရလိမ့်မည်ဟု သျှန် ထင်မှတ်ကာ ရင်တွေတုန်လျက် ခြေဖျားလက်ဖျားလေးမှအစ အေး၏။

"ငါကြောက်လိုက်တာ နောင်ရိုးရယ်၊ မေမေ အရမ်းစိတ်

www.burmeseclassic.com



ဆိုးနေတာဟ"
"အဲဒီတော့ .. နင်က ပြေလည်အောင်ပြန်ပြောပေါ့
သျှန်ရဲ့၊ အဲဒီလူနဲ့မသိဘူး ငြင်းပေါ့၊ တကယ်လည်း နင်
တို့က ခုမှသိခဲ့ကြတာပဲ"
"အေး .. ဟုတ်တယ်နော်၊ သူဖာသာသူ ရောက်လာတာ၊
ငါက နောက်မှ သိရတာပဲဟာ၊ ဒါပေမဲ့ .. ပြောစရာ
တစ်ခုရှိနေတယ်ဟ"
"ဘာကိုလဲ"
"ငါ .. ဆရာရွှေတို့တီးဝိုင်းနဲ့သီချင်းဆိုတာမြင်လို့ လိုက်
လာတာပြောရင် ငါတော့ခက်ပြီဟ"
နောင်ရိုး မျက်လုံးလေးပြူး၏။
"ဟုတ်တယ် .. အဲဒီလိုပြောရင်တော့ ဒုက္ခပဲ၊ ဒါပေမဲ့
အဲဒီလိုပြောမယ့်ပုံတော့ မပေါ်ပါဘူး၊ နင်ကြည့်ပြော
ပေါ့ သျှန်ရယ်၊ နင် စကားတတ်ပါတယ်၊ တစ်ခါတုန်းက
သူငယ်ချင်းမွေးနေ့ပွဲမှာ သီချင်းအတင်းဆိုခိုင်းလို့ ..
ဆိုရာက တွေ့သွားတယ်ပြောပေါ့၊ ဝါးရိပ်မှာ နင်သီချင်း
ဆိုတာ သူငယ်ချင်းက သိထားတယ်ပေါ့"
"ဟာ .. ကောင်းတယ်ဟ၊ နင်က သိပ်တော်တာပဲ





နောင်ရိုးရဲ့ ဇဝနဉာဏ်ရှိတယ် .. ကျေးဇူးပဲ သိလား။
ကိုင်း .. နင်သွားတော့လေ"
"ဖြစ်ပါ့မလား .. ငါလိုက်ခဲ့ဖို့ လိုဦးမလား"
"မလိုပါဘူး .. မလိုက်ခဲ့နဲ့၊ နင်ပါလာမှ တစ်ယောက်
တစ်မျိုးဖြေမိရင် ခက်နေမယ်"
"ဒါဖြင့် .. ငါ နေခဲ့ပြီ သျှန်၊ စကားပြောတာ သတိထား
ပြောဦး"
"အေးပါဟ .. နင်ကလည်း၊ သွားပြီ .. တာ့တာ"
သျှန်က လက်ပြနှုတ်ဆက်ပြီး ခပ်သွက်သွက်
လျှောက်၏။ ခဏနေ လှည့်ကြည့်တော့ နောင်ရိုး ရပ်ကြည့်နေတာ
မြင်ရလေသည်။
"ဟဲ့ .. သွားလေ .. ဘာလုပ်နေတာလဲ"
သျှန်က လှမ်းအော်ပြောလေသည်။
"နင့်ကို စိတ်မချလို့"
"အမယ်လေး .. သွားစမ်းပါ၊ ပိုနေပြန်ပြီ"
သျှန် ရယ်သံဖြင့်ပြော၏။ နောင်ရိုးထွက်သွား
တာ ရပ်စောင့်ကြည့်နေမှ နောင်ရိုး လက်ပြပြီးထွက်သွား၏။
သျှန်ကတော့ နောင်ရိုးကို အားကိုးတာက
ပိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . နောက်ကျလှချည်လား သျှန်ရယ်၊ ဘယ်တွေ လျှောက်သွားနေတာလဲ"

အဘပိုအသံကြောင့် . . သျှန် လှည့်ကြည့်တော့ အဘပိုက ကွယ်နေသောတံခါးရွက်ကိုတွန်းပြီးဖွင့်၏။

"ကားငွေ တစ်အားကျပ်လို့ အဘပိုရဲ့၊ တက်လို့မရတာရော . . ကားအလာဝေးတာရောကြောင့် ကြာသွားတယ်၊ မေမေရော . ."

စကားပြောရင်း မေမေ့ကို အကြည့်ရှာမတွေ့သဖြင့် စိတ်ပူပန်စွာမေးခြင်းဖြစ်၏။

"ခေါင်းကိုက်လို့တဲ့ . . အိမ်မှာပြန်နားခိုင်းထားတယ်၊ ကြည့်ရတာ 'နေ့'တအားပူတော့ အနေခက်တယ်နဲ့တူပါတယ်"

အဘပို . . ပုံစံက ဒီနေ့ဆိုင်မှာ ဘာတစ်ခုမျှ ခွန်းကြီးခွန်းငယ် စကားများထားကြသောပုံစံရှိမနေချေ။ အားလုံး ပုံမှန်လှုပ်ရှားနေကြမြဲပုံစံအတိုင်းရှိနေလေသည်။

"သမီး . . သွားကြည့်လိုက်ရမလား"

အဘပို (စဉ်းစားသလို) ခဏငြိမ်၏။ ပြီးမှ . . မင့်သက်ချလေသည်။

"တော်နေကြာ . . ညည်းအသံကြားတာနဲ့ အိပ်ပျော်နေ





တာ နိုးသွားပါ့မယ် သျှန်ရယ်၊ ဆိုင်မှာ ခဏဝိုင်းကူပါလား၊ စားစရာရှိတာစားလေ . . မဆာဘူးလား"

ခါတိုင်းကတော့ သျှန် ဆာလောင်မွတ်သိပ်စွာ တစ်ခုမဟုတ် တစ်ခု ယူစားမြဲဖြစ်၏။

ဒီနေ့မှာတော့ . . စားလာခဲ့သော သျှမ်းခေါက်ဆွဲကြော်က ဗိုက်ထဲမှာပြည့်လျှံနေလေသည်။

"ဟင့်အင်း . . မဆာပါဘူး"

ပြောမည်ကြံပြီးမှ . . နောင်ရိုးသတိပေးထားသည့် . . "စကားပြောသတိထား"ကိုကြားယောင်ကာ ရယ်ကျဲကျဲဖြင့် ဟန်လုပ်စားဖို့ပြင်၏။

"ဆိုင်ကို ဘယ်သူလာသေးသလဲ အဘပို" ဟု မေးချင်စိတ်က လျှာဖျားထိပ်ရောက်ပြီးမှ သတိကြီးစွာ ပြန်ထိန်းထားရတာ မကြာခဏဖြစ်၏။

နောက်တော့ . . .

ဆိုင်က အကူကောင်လေးကို လက်တို့ခေါ်ပြီး သျှန် တိုးတိုးမေးလေသည်။

"ဟာဗျာ . . မသိပါဘူး၊ ကျွန်တော်တို့ကြည့်နေတာ . . အဘပိုဆူလို့ . . အပြင်ထွက်နေရတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သျှန် တအံ့တသြဖြစ်နေချိန်မှာပင် အဘပို ရောက်လာ၏။

"မြန်တော့ သျှန် . . နင့်အမေ ဘယ်လိုနေသေးလဲ ပြန် ကြည့်လိုက်ဦး"

သျှန် ပြန်ချင်တာနှင့် အတော်ပဲဖြစ်၏။

"အဲဒီ အဘပိုကလည်းလေ . . အမျိုးမျိုးပဲ"

တွတ်ထိုးပြောဆိုရင်းက အိမ်အရောက်ပြန်ပြေး ခဲ့သောလမ်းမှာ ရင်အခုန်မြန်နေလေသည်။

အမေ့ထံမှ . . သတင်းဆန်းကိုကြားချင်လေ သည်။ ထိုသတင်းက သျှန့်ကို သီချင်းဆိုဖို့လာခေါ်တယ်ဆိုသော စကားမျိုးဖြစ်၏။ ပြီးတော့ . . အမေတားမြစ်မှာသေချာသည်ဟု တစ်ထစ်ချယုံကြည်လေသည်။ တကယ့် တကယ်ကျတော့ . . သျှန် ကြားချင်သောသတင်းစကားရယ်လို့ ဘာတစ်ခုမျှ သျှန် မကြားရပါ။

သျှန် မြင်တွေ့ရသော အမေ၏ ငိုထားသော မျက်နှာဖြစ်၏။ ထိုနေ့မှစ၍ အမေ့မျက်နှာက ငြိမ်သက်တည် ကြည်နေကာ တစ်ခုခုစဉ်းစားတွေးတောနေတတ်သောပုံစံအနေ အထား မကြာခဏတွေ့ရလေသည်။

❀ ❀ ❀



အခန်း(၁၃)

ကြိုးစားမှု၏ရလဒ်က 'သျှန်'၏နာမည်ထွက် လာခြင်းပဲဖြစ်၏။

ပြည့်ဝေသျှန် . . ၏ပုံတူပန်းချီပိုစတာတွေ တခမ်းတနားချိတ်လျက် . . စီးရီးခွေကြော်ငြာလိုက်သောအခါ အားလုံး အံ့သြတကြီးဖြစ်ကြရလေသည်။

ပြည့်ဝေသျှန် ဟူသောအမည်ကို သတိပြုမိ ပြောမိ ဆိုမိရှိကြ၏။

"အံ့ရောဗျာ . . ဒီကောင်မလေးက တို့ရွှေတိုင်းမှာတစ် ခါတလေဝင်ဆိုရုံပဲရှိသေးတာ . . စီးရီးထွက်တဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားရတယ်လို့၊ မထင်စရာပဲ”

“မထင်ဘူး လုပ်မနေနဲ့ . . အခုမြင်ပြီပဲ၊ အရှင်မွေး နေ့ချင်းကြီးတဲ့ဗျ၊ ‘အော်ကစ်ဒ်’ကမွေးထုတ်လိုက်တာ”

“ဟာ . . ဒီလိုလား”

“အင်း . . ဒီလို . . ဒီလိုပဲ”

ရယ်စရာမဟုတ်ဘဲ ရယ်သံခပ်ကျဲကျဲထွက်ရယ်ကြ၏။

ကိုရွှေက စပ်ဖြဲဖြဲမျက်နှာတွေကိုကြည့်ကာ စိတ်ပျက်လက်ပျက် ခေါင်းယမ်းလေသည်။

“မဟုတ်တာတွေ . . လျှောက်မပြောနဲ့ဗျာ၊ ကျွန်တော့်တပည့်အကြောင်း ကျွန်တော်သိတယ်၊ သီချင်းဆို ဝါသနာကြီးတယ် ကြိုးလည်း ကြိုးစားတယ်၊ အသံလေးတလည်းအလားအလာရှိတော့ . . ‘အော်ကစ်ဒ်’က မြေတောင်မြှောက်ပေးလိုက်တာပဲ”

“ကိုရွှေကဗျာ . . အဲဒီလိုသိရင် ခင်ဗျားပဲမြှောက်ပေးလိုက်ရင်ပြီးရော”

“အေးလေ . . ကိုယ့်လက်ထဲကရွှေငါး သူများကွန်ထဲဝင်ငြိရတယ်လို့”





“ဟာ . . ဖော့လှူတွေ၊ ခင်ဗျားတို့ ဘယ်လိုစကားတွေလျှောက်ပြောတာလဲ၊ တောပြောတောင်ပြော ထင်ရာမြင်ရာလျှောက်ပြောတာမကောင်းပါဘူး”

“ဘာမကောင်းတာလဲ၊ စေတနာနဲ့ပြောတာဗျ၊ ဒီတောင်မလေးကို ခင်ဗျား စင်တင်ပေးတာ၊ ပွဲထုတ်ပေးတာ၊ တကယ်ငွေရပေါက်ကျတော့ သူများလက်ထဲဝါသွားတာ ကောင်းလား”

စကားဆိုတာ လိုရာဆွဲပြော၍ရ၏။ ‘တင်’ပြော၍ရ၏။ ‘ချ’ပြော၍ရ၏။ ဟိုလိုလို ဒီလိုလိုလွှဲပြော၍ရ၏။

လူပါးစပ်ပေါက်လောက် ကြောက်စရာကောင်းတာမရှိတော့ပါ။

“ဟာ . . စီးပွားထွက်တာလွယ်တာမှမဟုတ်တာ၊ ငွေအရင်းအနှီးဘယ်လောက်ထိကြီးသလဲ သိသားနဲ့ဗျာ”

“အေးလေ . . ဒါကြောင့် ‘အော်ကစ်ဒ်’လက်ထဲရောက်သွားတာပေါ့ . . ဟုတ်လား”

ပြောကာမှ ပိုကဲ၏။ ကိုရွှေစိတ်ပျက်စွာ ထိုလူတွေဝိုင်းနားမှ ခွာထွက်၏။ ရယ်သံတွေကျန်ခဲ့တာ ဘယ်လိုအားမြှစ်၍ရပါမလဲ။



www.burmeseclassic.com

www.burmeseclassic.com



'အော်ကစ်ဒ်'အကြောင်း ယခုမှ စဉ်းစားမိ
'သျှန်'၏အကြောင်းတစ်စွန်းတစ်စမေးခဲ့ဖူး ပြောခဲ့ဖူးတာတွေ
အမှတ်ရ၏။

"ဘုရားရေ . . ."

သျှန့်ကို 'အော်ကစ်ဒ်'က စိတ်ဝင်စားနေတာ
များလား။ စိတ်ထဲ ရှင်းသန့်စွာရှိရာမှ မသိုးမသန့်ဖြစ်၏။

သျှန်၏နံဘေးမှာ 'နောင်ရိုး'က အစဉ်အမြဲ
နေခဲ့တာပဲဟု သတိရ၏။ သို့သော် . . မဖြစ်နိုင်ဘူးထင်တာတွေ
ဖြစ်တတ်၏။ ဖြစ်မည်ထင်တာ ပျက်တတ်၏။

ဘာကိုမျှ အစိုးမရသော သင်္ခါရလောကကြီးထဲ
မှာ ဘယ်သူ့ကိုမျှ ယုံကြည်စိတ်ချ၍မရပါ။

စိတ်ပူစိတ်က ရင် တဒိန်းဒိန်းခုန်စေ၏။

နေခင်ရိုးက သျှန့်ကို စောင့်ရှောက်နေသည်
ပေမဲ့ . . အမြဲတစေအနားမှာရှိနေနိုင်တာမဟုတ်ချေ။

နောင်ရိုးက ကိုရွှေတို့ဝိုင်းမှာ ဒရမ်တီးနေခဲ့ပြီ
သီချင်းခွေ တစ်ခွေထွက်ဖို့ အချိန်ကာလက သတ်မှတ်၍မရသ
အကြောင်းအမျိုးမျိုးကြောင့် ရှည်ကြာတတ်၏။

ထိုအချိန်မျိုးတွေမှာ . . .





အမှားအယွင်းတစ်ခုခုဖြစ်မသွားဘဲ နေမလား။

'သျှန်'က မိမိလက်ခံထားခဲ့သော တပည့်ဖြစ်
သဖြင့် မိမိမှာတာဝန်ရှိသည်ဟု ယူဆစိတ်ဖြင့် ကိုရွှေဟု အများ
ခေါ်ကြသော(ကိုကြီးရွှေ)၏ခြေလှမ်းများက . . သူ တစ်ခါမျှ
မရောက်ဖူးဘူးသော 'ဝါးရိပ်'သို့ ခြေလှမ်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၄)

"တဲ့ . . ဘာတဲ့လဲ"

မျက်စိပျက်မျက်နှာပျက်ဖြင့် 'ဝါးနိုင်'သို့ဝင်လာသော အမြီး'တို့ . . ဦးချစ်ဝိုက ရင်ထဲဒိတ်ခနဲဖြစ်သောစိတ်ဖြင့် စိုးရိမ်တကြီးလှမ်းမေး၏။

အမြီးက . . 'ခဏ'ဟူသောအနေအထားမျိုး လက်တလေးပြကာသောက်ရေတစ်ခွက်ပြည့်ပြည့်မော့သောက်ချ၏။

ရင်ထဲမှာပူနေသောအပူထက် နှလုံးသားထဲအထိ နာကျင်စွာခံစားရသောဝေဒနာကို ယခုအခါမှာဖော်ပြပြီးမပြု



www.burmeseclassic.com

www.burmeseclassic.com



နိုင်လောက်အောင်တင်းကျပ်စွာခံစားရလေသည်။

အမြဲတစေပြုံးနေတတ်သောအပြုံးက ယခုတော့ ဒေါသစိတ် ခံပြင်းစိတ်မှာ မခံချင်ကြေးပေါင်းစပ်ကာ တင်းမာခက်ထန်နေ၏။

ဦးချစ်ပိုက အလိုက်သိစွာ ဆက်မမေးဘဲ 'သျှန်' ထိုင်နေကျထောင့်စားပွဲမှာ ထိုင်စောင့်၏။ အပြုံးက နှီးယပ်တောင်ကောက်ယူလျက် တဖြတ်ဖြတ်ခပ်ကာ စားပွဲမှာလာထိုင်လေသည်။

"ဟင် . . ဟုတ်သလား၊ ဟိုလူပြောတဲ့ကိစ္စ"

ဦးချစ်ပိုက တိုးတိုးမေး၏။ စိုးရိမ်ကြီးသောစိတ်ကြောင့် မျက်နှာပျက်နေရှာသည်။

"အမယ်လေး . . ဟုတ်ပ၊ သူ့ပုံစံကြီးတွေချိတ်ထားတာလမ်းထဲမှာဟီးလို့၊ နာမည်က အရိုင်ပန်းလည်းမဟုတ်ဘူး၊ သျှန်လည်းမဟုတ်ဘူး ဦးလေးရေ့၊ ပြည့်ဇေသျှန်တဲ့"

အပြုံးက ခပ်တိုးတိုး ခပ်ကျိတ်ကျိတ်ကပ်ပြောခြင်းကြောင့် သွားစေ့ပြောသံမျိုးလိုဖြစ်နေ၏။

"ဟင်"

ဦးချစ်ပို့ မျက်နှာနီမြန်းသွားလေသည်။





"ကြည့်စမ်း . . ဒီလောက်ထိမိုက်တွင်းနက်သလားဟာနင့်သမီးက၊ ဘယ်ကောင်လဲ . . အဲဒီကောင်က"

ဒေါသသံကြောင့် . . 'အပြုံး' မှဲ့ပြုံးပြုံးလေသည်။

"အဟင်းဟင်း . . အပြုံးလည်း တော်တော်ဒေါသဖြစ်ရတာဦးလေးရဲ့၊ ဦးလေးပိုကြားရင်လည်း တော်တော်အုံ့ဩမှာပဲ၊ ဟွန်း . . ဘယ်သူရှိရမလဲ . . ဘူးသီးသီးမှု အရိုးတော်ချင်တဲ့သူလေ . . သူ့အဖေ"

"ဟင်"

ငယ်ထိပ်တက်နေသောသွေးက . . တော်တော်ပြန်ကျဖို့ခဲယဉ်းစွာ တင်းခံနေခြင်းကြောင့် . . ဦးချစ်ပို၏မျက်လုံးက မှုန်ထွက်နေ၏။

"ဟိုလူ . . ဘယ်သူ . . 'ကိုရွှေ'ပြောတာ သူလား"

သေချာအောင်မေး၏။

"ဟုတ်တယ်၊ တခြားသူတွေကတော့ သားအဖမှန်း ဘယ်သူသိမှာလဲ၊ ထင်ရာမြင်ရာစွတ်ပြောကြတာပေါ့၊ ကဲ . . ကောင်းရောလား"

ဦးချစ်ပို . . ယခုမှ အသက်ရှူနိုင်လာ



www.burmeseclassic.com

www.burmeseclassic.com



လေနသည်။

"ဟွာ . . ငါဖြင့် လန့်များတောင် လန့်တယ်မိပြူးရာ . . နင့်ကိုဟုတ်သလားမေးတော့ ဟုတ်ပဆိုတော့ ရင်ထဲ ဒိန်းခနဲကိုဖြစ်သွားတာပဲ"

ကိုရွှေပြောပုံက တေးသံသွင်းပိုင်ရှင် သူဌေးနှင့် 'သျှန်'ကား ရင်းနှီးမှုယူကာ စီးရီးထုတ်တော့မည့်သတင်းဖြစ်၏။

"ကျွန်တော့်ဆီ နောင်ရိုးကခေါ်လာလို့ လက်ခံထားခဲ့တာ ဆိုတော့ ကျွန်တော့်မှာတာဝန်ရှိနေသလားလို့ လူကြီးတွေကိုလာပြီးအသိပေးအကြောင်းကြားတာပါ၊ တော်နေကြာမှ . . မျက်နှာပျက်စရာဖြစ်မှာစိုးလို့ပါ"

ဆိုခြင်းကြောင့် . . အပြုံး အထိတ်တလန့်ဖြစ်ရ၏။

"အဲဒီသူဌေးက လူမျိုလူလွတ်လား"

"မဟုတ်ဘူးဗျ . . မိန်းမရှိတယ်"

"ဘုရားရေ"

အဲဒီအချိန်တုန်းက 'သျှန်' အနားမှာရှိလို့ကတော့ သေကြေအောင်ရိုက်မိမှာလေ။

"ကျေးဇူးတင်ပါတယ်ရှင့်"





ဆိုသောစကားကို အသံတုန်တုန်ဖြင့် မနည်းဖျစ်ညှစ်ပြောခဲ့ရ၏။ မျက်နှာ ထားစရာမရှိအောင်ဖြစ်၏။

"ရှက်စရာကောင်းလိုက်တာ . . ဘယ်လောက်ရှက်ဖို့ကောင်းသလဲ"

အပြုံး ငိုခဲ့၏။

ဒီတော့ . . 'ဟုတ်ပ' ဆိုတာကို ဦးချစ်ပို မလန့်လဲနေမလား။

"ကျွန်မပြောတဲ့ 'ဟုတ်ပ'က စီးရီးထုတ်မယ့်ကိစ္စပြောတာ ဦးလေးပိုရဲ့၊ အမယ်လေး . . သူတို့သားအဖချင်း ဘယ်အချိန်ကတွေ့ပြီး စည်းလုံးသွားကြတယ်မသိပါဘူး၊ ဒုက္ခခံပြီးမွေးကျွေးထားရတဲ့ မအေကို လုံးဝဥပေက္ခာပြုပြီး နှုတ်ပိတ်ထားတာကြည့်ပါဦး၊ ဘယ်လောက်ရင်နာဖို့ကောင်းလိုက်သလဲလို့"

အပြုံး . . ရင်ဘတ်ထုပြောရင်း မျက်ရည်ကျ၏။ ဦးချစ်ပို မျက်ခုံးတွန့် စဉ်းစားလေသည်။

"ဟိုတစ်ခါ လာစုံစမ်းတုန်းက . . သူတို့ချင်းဆုံသွားခဲ့ကြတာမှမဟုတ်တာ အပြုံးရဲ့ နင်ကများ နင့်သမီးလို့ပြောလိုက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဒ္ဒအဒီး . . မပြောပါဘူး၊ မပြောခဲ့အောင်ကို နှုတ်ပိတ်နေခဲ့တာ၊ အပြုံးက ဒီသမီးကို ဒီအရွယ်ထိအောင် ဖုက္ခခံပြီးစုစောင့်ရှောက်လာရတာလေ၊ ဒါကိုမှ . . သူ့အဖေကို စိတ်မနာဘဲ ဆက်သွယ်လို့ကတော့ အပြုံးနဲ့ သေခန်းပြတ် . . ဒါပဲရှိတယ်"

အပြုံး . . ရင်နာလှပါသည်။ မခွဲနိုင် မခွာရက် ချစ်လှချေရဲ့ဆိုခဲ့သူက . . ပစ်သွားတော့လည်း လုံးဝထောက်ထားညှာတာစိတ်မရှိဘဲ ကျောခိုင်းပုံက လူ့စိတ်တင်းမဲ့လှသည်ဟု စိတ်နာကြည်း၏။

"စီးရီးတစ်ခွေထုတ်ဖို့ဆိုတာ နည်းတဲ့ကုန်ကျစရိတ်မှ မဟုတ်တာပဲ အပြုံးရဲ့၊ ဒီကောင်က အဲဒီလောက်အင်အားရှိသတဲ့လား၊ သေချာရဲ့လား"

"သေချာတယ် . . အပြုံး သေသေချာချာစုံစမ်းလာခဲ့တာ ဦး■လေးပိုရဲ့၊ ရွှေသစ်ခွဓားသံသွင်းပိုင်ရှင်က သူပဲ၊ အဲဒီလူပဲ၊ 'ဒေါ်ကာစ်ဒ်'လို့ပြောလို့ ဇဝေဇဝါဖြစ်သွားသေးတယ်၊ နောက်တော့ . . ဒီကိုလာတုန်းကစီးလာတဲ့ကားနဲ့ သူရောက်လာခဲ့တာပဲ၊ အဲဒီသူပဲလို့ သိတဲ့သူက ပြောတာ"





"ဒါနဲ့ . . စောစောပြောတဲ့နာမည်က . . ဘာ . . "

"ဒေါ်ကာစ်ဒ်လေ . . ရွှေသစ်ခွဓားသံသွင်းပိုင်ရှင်ဆိုတော့ သစ်ခွလို့ခေါ်တဲ့သဘောပေါ့"

ဦးချစ်ပို တအံ့တသြဖြစ်၏။

"တော်တော်ပိုက်ဆံရှိသွားတာပဲ"

"ဟုတ်တယ် . . ထင်တောင်မထားဘူး၊ သူဖြစ်ချင်တာတွေဖြစ်လာခဲ့တာပေါ့။ အဟင်းဟင်း(နာကျင်စွာရယ်သံမှာ အက်ကွဲသံပါနေ၏) . . ဒါ . . သူအဖြစ်ချင်ဆုံးဆန္ဒတွေပဲလေ၊ ကျွန်မကျတော့ သူ့ကို ဘာတစ်ခုမှ ထူထောင်ပေးနိုင်ခဲ့တာမှ မဟုတ်တာပဲ"

"အရာခပ်သိမ်းက ကံတရားအတိုင်းပဲပေါ့ မိပြုံးရာဖြစ်ပြီးတာတွေ ပြီးခဲ့ပြီ၊ ညည်း အဲဒါတွေပြန်တွေးမနေနဲ့၊ ပစ္စုပ္ပန်ကိုပဲရှုသူ့အဖေနဲ့ သူ့သမီးပြန်တွေ့ပြီး အဆင်ပြေတာလည်း ကောင်းတာပဲ၊ အစောပိုင်းတုန်းက . . တောင်တွေးမြောက်တွေးနဲ့ ငါတောင် တော်တော်စိတ်ပူသွားခဲ့တာ၊မတော်တရော်တွေ မဖြစ်ပါစေနဲ့ ဆုတောင်းနေရတာ၊ ခုမှစိတ်အေးရတယ်"



www.burmeseclassic.com

www.burmeseclassic.com



အပြုံး . . မှဲ့ပြုံးပြုံး၏။

"ဟွန်း . . ဟွန်း . . နောက်ဆုံးကျတော့ ဖအေနဲ့သမီးက သွေးတူမွေးတူတွေပဲ၊ ဒီလောက်စည်းရုံးနေတာ မအေ တစ်ခုမှ မသိစေရဘူး . . အဲ့ပါရဲ့၊ သူ့အဖေကို သူအား ကိုးလို့တော့ သူနဲ့ကျွန်မ သေခန်းပြတ်ပဲ ဦးလေးပို၊ လုံး ဝကို ခွင့်မလွှတ်နိုင်တာ"

"ဟဲ့ . . ဘယ့်နဲ့ပြောလိုက်တာလဲ၊ ကိုယ်မခေါ် ချင်ရင်နေ ဘာတားမြစ်စရာရှိသလဲ"

အပြုံး . . မျက်ရည်ကျလေသည်။

"ဟြော် . . ဦးလေးပိုရယ်၊ ကိုယ့်ရင်ထဲကအနာ ကိုယ် အသိဆုံးပဲလေ၊ ခံစားခဲ့ရတာ ကျွန်မ၊ ဒုက္ခ ခါးစည်းခံခဲ့ ရတာ ကျွန်မ၊ ဒီတော့ စိတ် မနာဘဲနေမလား၊ ဒါကို ခွင့်လွှတ်သည်းခံနိုင်လောက်တဲ့အထိ ကျွန်မ . . မရင့် ကျက်သေးဘူး"

ပြောရင်း . . အပြုံး ရှိုက်ငိုနေလေသည်။ ဦး ချစ်ပို မျက်နှာပျက်လျက် သက်ပြင်းရှည်ချလေသည်။

❀ ❀ ❀



## အခန်း(၁၅)

"ဒီနေ့ . . စီးနီးအပြီးသွင်းရမှာပဲ နောင်နိုးရဲ့ . . ညဥ့်နက် မယ်နဲ့တူတယ်၊ဘယ်လိုလုပ်မလဲ"

သျှန်၏ရင်ထဲမှာ စိတ်ထင့်နေလျက် မျက်နှာ ပျက်နေလေသည်။

"ဘယ်လိုလုပ်လို့ရမှာလဲ၊ ဒါက အလုပ်ပဲ သျှန်ရဲ့၊ အဆင် ပြေရင် ပြေသလို လုပ်ကြရတာ၊ တချို့ဆို မိုးလင်းသွား ပြီး နောက်တစ်နေ့တောင်ကူးတယ်"

"အေးလေ . . အဲဒီလိုမျိုးကူးလည်း ကူးပါ၊ ငါ လုပ်နိုင် ပါတယ်၊ ခက်တာက . . အမေစိတ်ပူနေမှာစိုးရိမ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ"

"အေးဟာ . . နင်က ခိုးကြောင်ခိုးဝှက်လုပ်နေရသလို ဖြစ်နေတော့ ခက်တာပဲ၊ ပွင့်ပွင့်လင်းလင်းပြောရမယ့်ကိစ္စ လျှို့ထားတော့ ခက်ကုန်တာ"

"ဒီစီးရီးထွက်ပြီး အောင်မြင်တော့မှပြောမလို့ဟာ၊ တော်နေကြာ . . မလုပ်ရဘူးဆိုရင် တို့လို့တန်းလန်းဖြစ်မှာကြောက်တာ"

"အေးလေ . . ခုတော့ခက်ပြီမဟုတ်လား၊ ဒီမှာကလည်း နောက်နေ့ရွှေ့လို့ရတာမှမဟုတ်တာ"

"ဘယ်လိုလုပ်ရမလဲ"

နှစ်ယောက်သား စိတ်ရှုပ်ထွေးစွာ ငြိမ်သက်၏။

သျှန်၏မျက်နှာမှာ စိတ်ပူပန်မှုဖြင့် ညှိုးရိပ်သန်း၏။ အနုပညာအလုပ်ဆိုတာက စိတ်ရှင်းလင်းကြည်သန့်နေမှ အလုပ်လုပ်လို့ကောင်းတာမျိုးပါ။

စိတ်ထဲမှာ တင်းကျပ်နှောင်ဖွဲ့နေလျှင် ဘာတစ်ခုမျှအဆင်ပြေစွာဖြစ်မလာမှာ . . နောင်ရိုးသိ၏။

"သျှန် . . ထားပါ၊ အားလုံး ငါ့တာဝန်ထားလိုက်၊ ငါ အဘကို အကျိုးအကြောင်းသွားပြောပြထားလိုက်မယ်၊





ဟုတ်လား"

"ဖြစ်မလား . . နင်က ဘယ်လိုပြောမလို့လဲ"

"အမှန်အတိုင်းပဲပေါ့၊ နင့်လည်း မဟုတ်တာလုပ်နေတာမှမဟုတ်တာပဲ သျှန်၊ ဒီအခွင့်အရေး ဒီအခြေအနေမျိုး ရဖို့က လွယ်တာမှ မဟုတ်တာပဲဟာ၊ သူတို့လည်း သဘောပေါက်ရမှာပေါ့"

"အေးလေ . . အဲဒါပဲကောင်းပါတယ်၊ ငါပါလိုက်ပြောလို့ ရရင်ကောင်းမှာနော်၊ ခဏတစ်ဖြုတ်လောက်ထွက်လို့ရမလားမသိဘူး"

စတူဒီယိုဘက်လှမ်းကြည့်ပြော၏။ ခဏနားချိန် အသက်ဝအောင်ရှူဖို့ အပြင်ထွက်နေချိန်ပါ။

"ဘယ်ဖြစ်မလဲ၊ နင်က အဓိကဟာ၊ နင် ခဏထွက်ချင်သလို တခြားလူတွေ ခဏထွက်ချင်တယ်ဆို ဘယ်လိုလုပ် အလုပ်ဖြစ်မလဲ၊ အလုပ်ကအရေးကြီးတယ် သျှန်၊ ကျန်တာ ငါ့တာဝန်ထား၊ ငါ သွားပြောလိုက်မယ်"

"အနည်းဆုံးတော့ နင့်နားထဲစွမ်းဆီသွားဖို့လိုမယ် နောင်ရိုး"

မေမေ ဆူပူပြောဆိုကြိမ်းမောင်းတာ နောင်ရိုး



www.burmeseclassic.com

www.burmeseclassic.com



ခံရမှာသေချာတာမို့ . . သျှန် ရယ်ပြီးပြော၏။

"နင့်အတွက်ပဲ သျှန်ရယ်၊ နားရင်းအုပ်ရင်လည်း ငါခံမှာပါ၊ နင်သာ စိတ်ရှင်းရှင်းထားပြီး အာတွေ့အောင်ကြိုးစား 'ဆို'ဟာ၊ အရေးအကြီးဆုံးက နင်အောင်မြင်ဖို့ပဲ သိရဲ့လား"

သျှန့်ကိုကြည့်သော နောင်ရိုးမျက်လုံးလေးတွေက အရောင်လက်နေကြ၏။

"အေးပါ . . ငါကြိုးစားမှာပါ နောင်ရိုးရဲ့၊ စိတ်ချ နင်အပြောအဆိုခံရမှာပဲ ငါ အားနာတာ"

"မာ . . နင်နဲ့ငါနဲ့ကြားမှာ အားနာတယ်ဆိုတာရှိစရာလား . . သျှန် အစုတ်ရဲ့"

နောင်ရိုးက သျှန့်ခေါင်းကိုပုတ်ပြီး 'သွားမယ်'ဟု ခေါင်းလေးဆတ်ပြော၏။ သျှန် ခေါင်းညိတ်ကျန်ရစ်ချိန်မှာ . . .

"ဗ . . မယ်၊ သျှန် . . ပြည့်ဝေသျှန် . . ဘယ်မှာလဲ"

အော်ခေါ်သံကြားရသဖြင့် . . သျှန် ပြေးဝင်သွားတာ နောင်ရိုး တစ်ချက်ငဲ့ကြည့်လေသည်။

"သျှန် . . အောင်မြင်ပါစေ"

လေးနက်စွာဆုတောင်းမိလေသည်။





နောင်ရိုးဘဝမှာ အဓိကအကျဆုံးက 'သျှန်'ပဲ ဖြစ်ပါသည်။ သျှန့်ကို သူငယ်ချင်းထက်မကပိုမိုသော မေတ္တာစိတ်ဖြင့် ချစ်မြတ်နိုးနေမိတာ သျှန် သိစေချင်လှ၏။

ယခုအချိန်မှာတော့ . . .

သျှန် . . စိတ်အနှောင့်အယှက်ဖြစ်မည်စိုးသဖြင့် . . ဘာတစ်ခုမျှ ဖွင့်မပြောထားပေမယ့် . . သျှန် နားလည်သဘောပေါက်နေမည်ဟု နောင်ရိုးထင်လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၆)

"ဟေး . . ကောင်းတယ် သျှန်၊ အရမ်းကိုကောင်းတာပဲ"

"ထင်တောင် မထင်ဘူးကွာ . . ဒီလောက်အဆင်ပြေလိမ့်လို့၊ ဗရာဘိုပဲ သျှန်ရေ . . ညည်းအောင်မြင်ဖို့က သေချာတယ်"

အားလုံး . . တစ်ယောက်တစ်ပေါက်ဝိုင်းဝန်း ပြောဆိုနှုတ်ဆက်သံတွေကြားမှာ . . 'သျှန်'၏အပြုံးက တောက်ပတက်ကြွနေ၏။ သွင်းပြီးသမျှအတွက် စိတ်ကျေနပ်ပျော်ရွှင်နေလေသည်။

အလုပ်မှာစိတ်ဝင်စားနေခြင်းကြောင့် ဟစ်



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်တာကိုနိုင်ဆုံးပျောက်ကွယ်သွားခဲ့တာ သျှန် သတိမထားမိပါ။

အလင်းရောင်ဖျော့ဖျော့မြင်နေရပြီ။ အရုဏ်တက်ပြီဟု သိလိုက်၏။ နောင်ရိုးကို သျှန် ယခုမှ သတိရလေသည်။

အိမ်ကိုသွားရောက်ပြောဆိုခဲ့တာ အမေကခွင့်ပြုရဲ့လား၊ ဘာတွေပြောဆိုလွှတ်လိုက်သလဲဆိုတာ . . အရမ်းကို သိချင်နေလေသည်။ စိတ်ပူစိတ်ဖြစ်ပေါ်နေလေသည်။

"ဟဲ့ . . ဘာရှာနေတာလဲ"

နောင်ရိုး၏မိတ်ဆွေ ဒရမ်ဆရာ ကိုမြသောင်းက သျှန့်ကိုမေးဆတ်မေး၏။

"နောင်ရိုး . . ကိုရှာတာ ဆရာ"

"ရှိလိမ့်မယ် . . စောစောလေးကတင်မြင်လိုက်သေးတယ်၊ တချောင်ချောင်မှာ ခွေအိပ်နေပြီထင်တယ်"

"နောင်ရိုးလား . . ဒီမှာ . . ဒီမှာ"

တစ်ယောက်ကလှမ်းအော်၏။ ခုံတန်းလျားလေးမှာ ခွေအိပ်နေရာမှ နောင်ရိုးက မျက်လုံးပွတ်သပ်ကာ ထလာခဲ့၏။

"ခုနလေးကမှ အရမ်းအိပ်ချင်လာတာနဲ့ ငါ မှေးခနဲအိပ်ပျော်သွားတာဟ"





"အေးပေါ့ . . အိပ်ချင်ပြီပေါ့ . . မိုးတောင်လင်းပြီပဲဟာ၊ ပြောပါဦး . . အမေတို့နဲ့တွေ့သလား"

ပြောရင်း နောင်ရိုးမျက်နှာကို အကဲခတ်ကြည့်၏။ နောင်ရိုးထံမှ ခေါင်းဆတ်ညိတ်တာကို မပီဝိုးဝါးမြင်ရလေသည်။ အိပ်ချင်မူးရီဖြစ်နေသောကြောင့်လား မဆိုနိုင်။

နောင်ရိုးမျက်နှာက ကြည်ကြည်လင်လင်မရှိချေ။

"ဘာပြောလဲဟင် . . နင့်ကို"

သျှန့်အသံမှာ စိုးရိမ်စိတ်ဝင်နေ၏။ နောင်ရိုး၏မျက်နှာရိပ် မျက်နှာကဲကိုကြည့်ကာ ဒိတ်ထဲထင့်၏။

နောင်ရိုးက အကြမ်းပန်းကန်ထဲ ပါဆယ်ဝယ်လာခဲ့သော အိတ်ထဲမှ လက်ဖက်ရည်ထည့်၏။ နောက်အိတ်တစ်ခုက ပဲအီကြာကွေးဖြစ်လျက် သျှန်၏ရှေ့မှာချပေး၏။

"ရော့ . . သောက်၊ နင် ဆာတော့မှာပဲဆိုပြီး ငါ ပြေးဝယ်ပေးထားတာ၊ အစကတော့ အီကြာကွေးက ပူပူကျစ်ကျစ်ကလေး စားကောင်းသား၊ အခုတော့ . . အေးစက်မာကြောသွားပြီ"

"ကျေးဇူးပဲ . . ငါ အရမ်းကိုဆာနေတာ၊ နင်ရော စား



www.burmeseclassic.com

www.burmeseclassic.com



လေ နောင်ရိုးရဲ့”

“တော်ပါပြီ . . ငါ ဆိုင်မှာစားခဲ့တာ”

သျှန် . . စားသောက်နေတာ တစ်ချက်ကြည့်ပြီး ပင့်သက်ချ၏။ ပြောရမည့်စကားအတွက် ရင်လေးလေသည်။

“ဒီည . . ပြီးသွားပြီလား”

“ဘယ်ကလာ . . ပုဒ်ရေပြည့်အောင်သွင်းဖို့က တော်တော်ကျန်သေးတယ်၊ တစ်ပုဒ်တစ်ပုဒ် တော်တော်ကိုကြာတာပဲဟ၊ တော်နေကြာ . . ဟိုဟာ မကြိုက် . . ဒီဟာမကြိုက်နဲ့ ပြန်ချိန်တာ အကြာကြီးရယ် . . ပြောပါဦး . . အမေ ဇော်တော်အုံ့သြသွားသလား”

“အရမ်းကိုစိတ်ဆိုးနေတာ”

“ထင်တယ် . . အနည်းဆုံး ငါ့ကိုယ်စား နင် အမာန်ခံရမှာပဲ၊ တော်တော်မှ စိတ်ဆင်းရဲသွားရဲ့လား”

အစားစားရင်း ရယ်မောပြောသော သျှန့်အသံမှာ “ထင်ထားတဲ့အတိုင်းပဲမဟုတ်လား”ဆိုသောအသံမျိုးဖြစ်လေသည်။

“ငါက ဘာစိတ်ဆင်းရဲစရာရှိမလဲ၊ နင် စိတ်ဆင်းရဲမှာပဲ ငါ တွေးပူနေတာ သျှန်၊ နင့်အိမ်က . . နင့်ကို လုံးဝ





ပြန်မလာခဲ့နဲ့တောင်ပြောလိုက်တာ”

“ဟဲ့ . . အဲဒီလောက်တောင် . . . .”

သျှန် . . အစားအသောက်စားရာမှ နင်သွား၏။ အံ့သြမျက်နှာဖြစ်ထွန်း၏။

“အေး”

သျှန် မျက်လုံးပြူးလေးဖြင့် ရင်ဘတ်ကိုဖိပြီး အစာမျိုချ၏။

“ဟာ . . နင်ကလည်း၊ ဘာတွေသွားပြောလိုက်လို့လဲ နောင်ရိုးရဲ့၊ စီးရီးထွက်ဖို့က လွယ်တာမဟုတ်ဘူး၊ အခွင့်အရေးရတုန်းလုပ်ရတာဆိုတာ ရှင်းမပြဘူးလား”

“ရှင်းပြစရာမလိုပါဘူးဟာ . . နင့်အမေကိုယ်တိုင် သဘောပေါက်ပြီးသားပါ၊ သူက ဒီလောကနဲ့ကင်းတဲ့သူမှမဟုတ်တာ၊ နင် စီးရီးထွက်မှာ သူ ကြိုသိပြီးနေပြီဟ၊ နင့်ရုပ်ပုံ ပိုစတာကပ်ထားတာကအစ သိတယ်”

“ဟယ် . . သိတယ်လား”

သျှန် . . လန့်အော်၏။

“နင်က မိဘကိုမလေးစားဘူး၊ ထင်ရာစိုင်းတယ်၊ လုပ်ချင်ရာစွတ်လုပ်တယ်၊ နည်းနည်းလေးမှ မထော်ရှိသေးပါ



www.burmeseclassic.com

www.burmeseclassic.com



လား ခေါင်းထဲမထည့်တဲ့သမီးမိုက်၊ ဒီလောက်ဓောင် ဖြစ်တာ သူ အားကိုးတဲ့သူနဲ့ပဲသွားနေ၊ ပြန်လာစရာမလို ဘူး၊ လက်မခံတော့ဘူးလို့ပြောလိုက်တဲ့"

"အမေကလည်း ဘာတွေလျှောက်ပြောတာလဲ"

သျှန် . . အံ့ဩလေသည်။

"အေး . . ငါလည်းအရမ်းအံ့ဩတာပဲ၊ အဲဒီလောက်ကြီး ဖြစ်မယ်ထင်မထားတာ အမှန်ပဲ သျှန်၊ ပုံမှန်အတိုင်းဖြစ် ရမှာက တိုင်ပင်ပြောဆိုမထားဘဲ ကိုယ်လုပ်ချင်ရာစွတ် လုပ်လို့ ဒေါသဖြစ်တာလောက်ပဲရှိမယ်၊ ပြီးတော့ . . ဒီ လောက်ထိဖြစ်လာတာ ဝမ်းသာဖို့ကောင်းတဲ့ကိစ္စပဲ၊ ငါ က . . အန်တီပြုံး လိုက်ကြည့်ပါဆိုတာ . . ဘာမှလိုက် ကြည့်စရာမလိုဘူး၊ သူ့ကို ကြည့်ရှုမယ့်သူရှိနေတာ ငါ ဘာလိုက်စရာလိုသလဲတဲ့"

"ဟာ . . ဘာစကားလဲ . . အဲဒီစကားကြီးက"

"မပြောတတ်ဘူး . . သူက ဘာစကားတွေကြားပြီး ဘာ ဖြစ်သလဲမသိဘူး၊ နှင် ကြည့်ရှင်းဖို့လိုပြီ"

"အင်း . . ရှင်းရမှာပဲ၊ ငါကလည်း အတွေ့အကြုံမရှိ ညဥ့်အထိ သီချင်းသွင်းမှာတွေ ဘာတွေဘယ်သိမလဲ





နောင်ရိုးရဲ့ ဒဏ်ကြောင့် . . ဘာစကားမှ ကြိုမပြောထား တာ၊ စီးရီးထွက်မှ အမေ့ အံ့ဩသွားအောင် ငါ ဖွင့်ပြော မယ်လို့ ငါစိတ်ကူးယဉ်ထားတာ၊ ဝါးဟားဟား . . (ပါး စပ်မှာလက်ကရေးအုပ်ကာ သမ်း၏) အိပ်ချင်လိုက် တာ၊ ခုမှ အရမ်းအိပ်ချင်လာတယ်၊ အိမ်ရောက်လို့က တော့ လှဲအိပ်ချလိုက်မှာပဲ"

သျှန်က . . ဘာကိုမျှ သိပ်ပြီး ပူပူပင်ပင်ရှိမနေ ဘဲ အိမ်ပြန်ဖို့ပြင်၏။

နောင်ရိုးက တားရိုပ်ပါးစပ်ပြင်ပြီးမှ ပြန်ပိတ် လိုက်လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၁၇)

"ဟင် . . နင် ဘာလို့ပြန်တာလဲ၊ အရိပ်ပန်း ပြန်မလာခဲ့နဲ့တော့လို့ နင့်ကောင်လေးကို ငါပြောပြီးသားပဲ"

'သျှန်'က အိပ်ချင်ဇောဖြင့် အိမ်သို့တန်းပြန်လာခဲ့၏။ လှေကားထစ်ပေါ် ပြေးအတက် မိနပ်ချွတ်အရောက်မှာ အိမ်ထဲမှထွက်လာသည့်အမေနှင့်ဆုံလေသည်။

သျှန့်ကိုမြင်တာနှင့် ဆွေ့ဆွေ့ခုန်တာ ဒေါသဖြစ်နေသောအမေ့ကို သျှန် ဘယ်လိုမှ နားမလည်နိုင်ပါ။

"ဟာ . . ကိုယ့်အိမ် ကိုယ်မပြန်လို့ သမီးက ဘယ်သွားရမှာလဲ အမေရဲ့ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်အဖေရှိတယ်လေ၊ နှင့်ရှေ့မှာ နှင့်အဖေတစ်ယောက်လုံးရှိနေတာ၊ ငါလိုသေးလို့လား မိရိပ်ရဲ့ဟင် . . နင်တို့ချင်း ဒီလောက်သင့်မြတ်နေတာ နှင့်ဘဝမှာ ငါလိုသေးလို့လား"

"ဟင်"

သျှန်၏ အိပ်ချင်လှစွာစင်းကျနေသော မျက်လုံးတွေ ပွင့်ထွက်ပြူးထွက်သွားတာ မျက်တောင်ခတ်ဖို့ပင်မေ့၏။

"ဘာရယ် . . အမေဘာပြောလိုက်တယ်"

"လုပ်မနေနဲ့၊ အခုမှ မသိချင်ယောင် လာဆောင်မနေနဲ့ အရိပ်ပန်း။ အဆိုတော်တင် မကဘူး၊ ရုပ်ရှင်မင်းသမီးလုပ်ရင်တောင် အကယ်ဒမီရမယ့်အမူအရာမျိုးတွေ ငါ့ရှေ့မှာအသုံးမဝင်ဘူး၊ ဝါက ညည်းကို မင်းသမီးဖြစ်အောင်တင်ရိုက်ပေးနိုင်တဲ့ အရည်အချင်းလည်းမရှိဘူး၊ ငွေတစ်ပြားတစ်ချပ်မှလည်းမရှိတော့ ငွေပုံအောပေးရလည်းမရှိဘူး၊ အဲဒီတော့ . . ညည်းအားကိုးနေတဲ့ ညည်းအဖေရှေ့မှာသွားလုပ်ပြ၊ ဒါမှ . . သူက ငွေရင်းထုတ်ပြီး ညည်းကို အသုံးချစားမှာလေ"

"အမေ"





သျှန် . . စိတ်ဆိုးလှစွာ အသံကုန်အော်၏။

"အမေ . . ဘာပြောတာလဲ၊ သျှန် နားမလည်ဘူး၊ ဘယ်မလဲ သျှန့်အဖေ၊ အရိပ်ပန်းရဲ့အဖေ၊ ဟိုးငယ်ငယ်ကလေးတည်းက သေပြီလို့ပြောခဲ့တာ . . အမေပြောခဲ့တာလေ၊ ဝါးရိပ်ကို အမေနဲ့ပြန်ရောက်လာလို့ အဘပိုတို့ကိုပြန်ပြောတဲ့အခါကျမှ အဖေက သမီးတို့ကိုပစ်သွားခဲ့ပါလားလို့ သမီးသိခဲ့ရတာပဲ၊ အခုမှ . . ဘယ်ကအဖေကိုအားကိုးတွေဘာတွေ ပြောနေတာလဲ"

အမေက သျှန့်ကို မျက်မှောင်ကြုတ်ကြည့်၏။

"လိမ်ချင်ရင် ပိပိရိရိလိမ်ရတယ် အရိပ်ပန်းရဲ့၊ အခု . . ညည်းကို စီးရီးထုတ် အမြတ်ထုတ်ယူဖို့ ကြံတာ ဘယ်သူလဲ . . ညည်း တကယ်မသိဘူးလား"

"ရွှေသစ်ခွတေးသံသွင်းပိုင်ရှင်လေ၊ ဦးသန့်စင်ဆိုတဲ့နာမည်တူတာနဲ့ 'အဖေ'လို့ပြောမလို့လား၊ အမေက ဦးကို အဖေနဲ့နာမည်တူတာတစ်ခုနဲ့တင် မှန်းနေတာကမဟုတ်သေးပါဘူး"

"ဟင်"

ဒီတစ်ခါ မျက်လုံးပြူးတာ ဒေါ်ပြုံးဖြင့်၏။ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



သကြောင့် . . . အသားတာဆတ်ဆတ်တုန်၏။

"အရိပ်ပန်း . . ဘယ်လိုပြောလိုက်တယ်၊ ညည်း . . . ညည်းက ငါ့ကိုတောင်ရန်တွေ့လို့ပါလား"

"ရန်တွေ့တာမှမဟုတ်တာ၊ ပြောပြတာပဲ၊ ရှင်းရှင်းပြောရရင် . . ဟိုတစ်ခါ . . ဦးသန့်စင်ကို အမေရန်တွေ့လွှတ်ကတည်းက အမေ့ဒေါသကိုသမီးသိလို့ အခု စီးရီးထွက်မယ့်ကိစ္စတွေဘာတွေ ဘာမှမပြောဘဲ အုပ်ထားခဲ့တာပဲ၊ ပြောပြရင် အမေခွင့်ပြုမှာမှ မဟုတ်တာပဲ"

"ခွေးမ . . . ဟင်၊ တစ်သက်လုံးကျွေးမွေးပြုစုလာခဲ့တဲ့ ငါ့ အမေထက် ညည်းက သူဌေးဖြစ်နေတဲ့သူကို အားကိုးချင်တယ်ပေါ့ . . ဟွန်း . . ဟွန်း၊ အားကိုး . . သွားသွား . . အားကိုး၊ အဲဒီလူနဲ့ဆက်သွယ်လို့ကတော့ ငါ့ကို အမေလို့မသတ်မှတ်နဲ့ . . မခေါ်နဲ့၊ ခေါ်စရာမလိုတော့ဘူး၊ ထွက်သွား"

"မဟုတ်သေးပါဘူး အမေ၊ သမီးအောင်မြင်မှာ ကျော်ကြားမှာကို အမေ ဘာလို့ မလိုလားတာလဲ၊ ဘာလို့ ဒီလောက်တားမြစ်နေတာလဲ . . နားမလည်ဘူး၊ လုံးဝကို နားမလည်တာ"

"ကောင်းပြီး . . ညည်း နားမလည်ရင် နားလည်အောင်



ပြောမယ်၊ အဲဒီရွှေသစ်ခွတေးသံသွင်းပိုင်ရှင် ဦးသန့်စင်ဟာ ညည်းအဖေပဲ အရိပ်ဝန်း၊ ငါတို့ကို ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်သွားခဲ့တဲ့သူပဲ"

"ရှင်"

သျှန် အံ့ဩကာ နောက်ပြန်လဲကျမတတ်ဖြစ်၏။

"ဟုတ်တယ် . . မြေးလေး၊ အပြုံးပြောတာ အမှန်တွေပဲ၊ ကျွေးမွေးစောင့်ရှောက်ပြုစုလာခဲ့ရတာက 'အပြုံး'၊ အခု သမီးမှာအောင်မြင်ဖို့တက်လမ်းရှိမှ သူ့သမီးလားလို့ ဟိုတစ်ခါလာစုံစမ်းကတည်းက အပြုံးက အပြတ်ပြောခဲ့တာပဲကွယ်၊ ခုလို . . တိတ်တိတ်ပုန်း ခိုးဆက်သွယ်တော့ အပြုံးက ဘယ်ကျေနပ်မလဲ"

ဘွားညွှန့်ထွက်လာပြီးရှင်းပြမှ သျှန် ပါးစပ် အဟောင်းသားလေးဖြစ်၏။ အံ့ဩမင်သက်၏။

ဦးသန့်စင်က 'သျှန့်'အဖေအရင်းတဲ့ကွယ်။

တစ်ညဥ့်လုံး အိပ်ရေးပျက်ပင်ပန်းခဲ့သမျှ ကြားလိုက်ရသောသတင်းဆန်းကြောင့် 'သျှန်'၏နှလုံးအေး လုပ်ခဲ့မှာဆင်းကာ ခွေလဲကျလုမတတ်ဖြစ်လေသည်။

❀ ❀ ❀

www.burmeseclassic.com







## အခန်း(၁၈)

မလှုပ်မယှက်ငြိမ်သက်နေခြင်းက ကိုယ့်အသက်ရှူသံ ကိုယ်ပြန်ကြားရမတတ်တိတ်ဆိတ်လွန်းအားကြီးနေလေသည်။

နောင်ရိုးသည် သျှန်၏မျက်နှာပြင်မှ တင်းမာဆတ်ထန်နေသော မျက်နှာထားလေးကို တစ်ခါမှ မမြင်ဖူးဘူးသောလူတစ်ယောက်လို ငေးမောနေမိ၏။

သျှန်၏ ပကတိရိုးသားသန့်စင်လှပသော မျက်နှာကလေးမှာ မာနရိပ်စွန်းထင်းနေသည့်အချိန်မှာပင် ကြည့်ကောင်းစွာ လှပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် .. ဒါကြောင့် မေမေ တအားစိတ်ဆိုးတာဖြစ်မယ်၊ ဦးနာမည်က ဖေဖေ့နာမည်နဲ့တူနေခဲ့တာကိုး .. ဦးက .. ဈာန်တော် ရွှေသစ်ခွတေးသံသွင်းက ဦးသန့်စင်ပါလို့ပြောခဲ့တယ်ထင်တယ်"

သျှန် .. ရယ်မောပြောဆိုခဲ့ဖူးတာ နောင်ရိုးသတိရနေ၏။

ထိုအချိန်ကတည်းက .. ဦးသန့်စင်က သူ့ကိုယ်သူ သျှန့်အဖေပါလို့ ဘာဖြစ်လို့ ဝန်မခံခဲ့တာလဲ နောင်ရိုးမသိချေ။

ဦးသန့်စင် .. နှင့် .. ဦးသန့်ဇင် ...

အမှန်တော့ .. ဦးသန့်စင်က ပြောင်းလဲခဲ့တာမဟုတ်ပါ။ 'စ'လုံးနှင့် စင်ခြင်းက 'စင်ကြယ်သူ'အဖြစ် နာမည်မှည့်ခဲ့တုန်းက 'စင်'ခဲ့တာဖြစ်၏။

ခေါ်ခေါ်သုံးစွဲသူတွေက 'စ'လုံးနှင့် 'ဇ'ကွဲမှု ခြားဘဲ 'ဇင်'လို့ပဲ အသံထွက်ခေါ်ကြတာဖြစ်၏။

ကြာတော့လည်း .. ..

'စင်'မှ 'ဇင်'သို့ပြောင်းလဲခြင်းက အဓိကမဟုတ်ဟု ဦးသန့်စင် ထင်သည်။ ဒီလိုနှင့် ဦးသန့်ဇင်ဖြစ်လာ၏။





ယခုတော့ .. သမီးအတွက် ပြဿနာဖြစ်ရပြီ။ သမီးရှေ့မှာဝင်ထိုင်ချိန်မှာလောက် မျက်နှာပူတာမရှိတော့ပါ။

နောင်ရိုးထံမှ အကြောင်းအကြောင်းတချို့သိထားပြီးဖြစ်သဖြင့် ကြုံရမည့်ပြဿနာကို သူ နားလည်သဘောပေါက်ပြီးဖြစ်ပါသည်။

သျှန်၏မျက်နှာလေးက ခါတိုင်းထက် ... ရုပ်မတော်ဘဲ မျက်လွှာချ ငြိမ်သက်စွာ ငြိမ်ကြည့်နေခြင်းကြောင့် .. ဦးသန့်စင် ပင့်သက်ချမိ၏။

သျှန် ဟု ခေါ်နေကျအတိုင်းခေါ် ရမလား။

သမီး ဟုခေါ် ရမလား .. မဝေခွဲတတ်ပေ။

ဟုတ်ပြီ ဦး ရောက်နေပြီလေ သျှန်၏ နှင့်ပြောချင်တာ ပြောလေ

နောင်ရိုးက ဦးသန့်စင်အနေခက်နေမှန်းသိသဖြင့် လက်တို့ပြော၏။

"ရှိပါတယ် .. ကိစ္စမရှိပါဘူး။ ညဦးကလည်း တော်တော်နက်တော့ ပင်ပန်းနေခဲ့မယ်ထင်တယ်"

ဦးသန့်စင်က အမြန်ဆက်စကားနောက်ပြော၏။ သျှန့်မျက်နှာလေးက ဆတ်ခနဲ မော့လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှပင်ပန်းတာထက် စိတ်ပင်ပန်းတာကပိုနေခဲ့တာပါ။

သျှန် ကြားရတဲ့စကားတွေက အမှန်ပဲလား"

သျှန့်အသံက ကြေကွဲဝမ်းနည်းသံစွက်နေ၏။ နားမလည်နိုင်ခြင်း . . ဇဝေဇဝါဖြစ်ခြင်းတွေဖြင့် ပြည့်နေလေသည်။

ဦးသန့်စင်၏အပြုံးက ငြိမ်ကျသွား၏။ ဝင့်သက်ချတာကို သတိထားကြည့်မှ မြင်ရလေသည်။

"ကြားရတဲ့စကားတွေ . . ဘယ်သူပြောတာကို ကြားရတာလဲ . . ဘာစကားတွေလဲ"

တည်ငြိမ်အောင် ထိန်းပြောသော်ငြားလည်း စိတ်လှုပ်ရှားမှုကြောင့် ဦးသန့်စင်အသံက တုန်နေလသည်။

"မေမေ ပြောတာ၊ ဝါးရိပ်ဆိုင်က ဒေါ်မြို့က သျှန့်မေမေပဲလေ၊ သျှန်တို့သားအမိကိုထားရစ်ခဲ့တဲ့ ပစ်ထားခဲ့တဲ့ ဖေဖေဦးသန့်စင်နဲ့ ရွှေသစ်ခွတေးသံသွင်းပိုင်ရှင် ဦးသန့်စင်နဲ့က တစ်ယောက်တည်းပဲတဲ့၊ အဲဒါ . . အဟုတ်ပဲလား၊ တကယ်ပဲလား"

သျှန်က . . ဦးသန့်စင်ကို စိုက်ကြည့်မေး၏။ ဦးသန့်စင် ခေါင်းညိတ်တာမြင်တော့ . . "တင်"ခနဲဖြစ်ကာ ရင်ထဲ လှပ်ခနဲတုန်ခါ၏။





စိတ်လှုပ်ရှားလွန်းသဖြင့် နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်လာကာ မျက်ရည်တွေရစ်ဝိုင်းတက်လာသော ပုံစံလေးကို ဦးသန့်စင်အဖို့ သနားကရုဏာဖြစ်လွန်းကာ စိတ်မကောင်းဖြစ်ရလေသည်။

"အဲ့ကြောင့်လဲဟင် . . ဘာဖြစ်လို့ အဲဒီလိုဖြစ်ရတာလဲ၊ သျှန် . . နားမလည်ဘူး၊ တကယ့်ကို နားမလည်တာ သျှန် . . ငယ်ငယ်ကလေးကတည်းက 'အဖေ'ဆိုတာ သျှန်တို့ဘဝထဲကနေ လုံးဝပျောက်ကွယ်သွားခဲ့တာ၊ မေမေကပြောတယ် . . အဖေသေပြီတဲ့၊ အခုမှ . . ဘာလို့ ပြန်ပေါ်လာရတာလဲ"

သျှန်၏ ငိုသံပါဖြင့်ပြောသံက နှလုံးသားတစ်ခုလုံးအက်ကွဲကြေမွထိရှသံပါနေခဲ့၏။

"သျှန် . . သတိထားလေ၊ စိတ်ထိန်းဦး"

နောင်ရိုးက . . သျှန်၏လက်ကို အသာအယာ ဆုပ်ကိုင်သတိပေးရာမှ သူပါရောငိုတော့မှာလို မျက်နှာပျက်နေလေသည်။

ဦးသန့်စင်၏တစ်ကိုယ်လုံး ချွေးတွေစို့စိုလာ၏။ ရင်တွေ တလှပ်လှပ်ခုန်၏။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးရယ် . .

အမိုးကို သနားလှ၏။ သမီးခံစားနေရသော ပုံစံလေးက အရမ်းကိုစိတ်ထိခိုက်ကြေကွဲစရာ သိသာလှသည်။

"MEMENTO ကို သူ့နှ်ဘာလို့ခေါ်တာလဲ သိလား၊ ဒီဆိုင်မှာ သူ့နှ်ပြောခဲ့တဲ့စကားကို . . ဦး မှတ်မိနိုင်အောင်လို့ပါ၊ သူ့နှ်အမေနာမည်နဲ့ 'ဦး' နာမည်တူနေလို့ မေမေက အရမ်းစိတ်ဆိုးသွားခဲ့တာထင်တယ်လို့ သူ့နှ် ပြောခဲ့တာ မှတ်မိမယ်ထင်ပါတယ်"

"မှတ်မိပါတယ် . . အဲဒီအချိန်ကတည်းက သူ့နှ်ဟာ ဖေဖေ့သမီးပါပဲလို့ စိတ်ထဲကပြောခဲ့မိပါတယ်"

"စိတ်ထဲကနေ . . ဘာလို့ ပါးစပ်ကဖွင့်ပြောဖို့ မကြိုးစားခဲ့တာလဲ၊ ခုတော့ . . သူ့နှ်ကို မေမေက ဘယ်လောက် အထင်လွဲသွားပြီလဲ သိလား၊ သူ့ထက် အဖေကိုအားကိုးတယ် ဖတ်သက်တယ်လို့ထင်သွားခဲ့ပြီ၊ သူ့နှ်ကို အရမ်းကိုစိတ်ဆိုးနေပြီ သူ့နှ် . . ဒီကိစ္စတွေသိနေတယ်လို့ သူထင်နေတာ"

"ဆောရီးပဲ . . ဆောရီးပဲ သူ့နှ်၊ ဖွင့်ပြောလိုက်ရင် သမီးက အပြုံးလိုပဲ ဖေဖေ့ကိုစိတ်နာနာနဲ့ဖော်လွှတ်လိုက်မှာ





စိုးရိမ်မိခဲ့တယ်၊ အဲဒီနေ့က ဖေဖေ ဝါးရိပ်ကိုသွားခဲ့တာ သမီးထင်သလို စီးပွားရေးကိစ္စသွားပြောခဲ့တာမဟုတ်ပါဘူး၊ ကိုရွှေတို့အဖွဲ့မှာ သမီးကိုမြင်လိုက်ကတည်းက အပြုံးနဲ့ တော်တော်တူနေလို့ အဲဒီသူလဲစုံစမ်းခဲ့တာ၊ နောင်ရိုးခေါ်လာခဲ့တာဆိုလို့ နောင်ရိုးကိုဆောင်မေးခဲ့သေးတယ်"

ဦးသန့်စင်က နောင်ရိုးကိုမေးဆက်ပြော၏။ နောင်ရိုး ခေါင်းညိတ်လေသည်။

ဖြော် . . သူ့နှ်ကတော့ သူ့နှ်အသံကိုသဘောကျသဖြင့် မေးမြန်းစုံစမ်းတယ်ပဲထင်ခဲ့တာပါ။

"နောင်ရိုးပြောပြလို့ ဝါးရိပ်ကဆိုတာ သိရတာ၊ အမေက အဆိုရှင် ပြုံးသရင်ဆိုတာကိုပါသိလိုက်ရတော့ သမီးလေးများဖြစ်မလားလို့ လိုက်သွားခဲ့တယ်၊ တကယ်ပဲ အပြုံးဖြစ်နေခဲ့တယ်၊ သမီးနဲ့လုံးဝမမတ်သက်နဲ့လို့ ဖော်ပေါက်လွှတ်တာခံရတယ်၊ ဒီတော့ . . သမီးကို . . ဖေဖေဟာ . . သမီး ဖေဖေပါလို့ ဖွင့်ပြောဖို့ နှုတ်မရဲတော့ဘူး၊ အပြုံးလိုပဲ စိတ်နာ စိတ်ဆိုးနေခဲ့မှာစိုးရိမ်လို့ မပြောတာကလွဲရင် ဖေဖေ့စိတ်ဆန္ဒက သမီးကို သမီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တဲ့ဆန္ဒတွေပြည့်မြောက်အောင်ကူညီဖို့ ဆုံးဖြတ်ချက်ချခဲ့တာပါပဲ"

သျှန်က . . ဦးသန့်စင်စကားပြောနေတာကို အာရုံစိုက်နားထောင်နေခဲ့၏။ ပြီးမှ . . မဲ့ပြုံးပြုံး၏။

"ဒါကြောင့် . . သျှန် စီးရီးထွက်ချင်တယ်ဆိုတာကို ထွက်ပေးခဲ့တဲ့သဘောပဲပေါ့ . . ဟုတ်လား"

"ဟုတ်တယ် . . ဒါပေမဲ့ . . ဖြစ်နိုင်မယ့်အရည်အချင်းလည်းရှိနေလို့ဆိုပါတော့"

"ဒါဟာ . . သျှန်တို့သားအမိကို ထားရစ်ခဲ့တဲ့ကြွေးကို ပြန်ဆပ်တာလား"

"သျှန်"

နောင်ရိုးက အားနာသံဖြင့် ဟန့်၏။ ဦးသန့်စင် ပြုံးလေသည်။

"ပြောပါစေ နောင်ရိုး၊ သျှန့်ရင်ထဲမှာခံစားနေရတာတွေ သျှန့်မှာပြောခွင့်ရှိပါတယ်၊ ဒါမှ . . သူ စိတ်ရှင်းမှာလေ"

ဦးသန့်စင်က နောင်ရိုးကိုပြောပြီးမှ သျှန့်မျက်နှာကို စေ့စေ့ကြည့်၏။

"ကြွေး . . ဆိုတဲ့စကားထက် မေမေ့ဘက်က တာဝန်





မကျေခဲ့တာတွေအတွက် တာဝန်ယူချင်တာဆိုရင် ပို မကောင်းဘူးလား သျှန်"

သျှန် . . ပြုံးရာမှ . . ဟက်ဟက်ပက်ပက်ရယ်လေသည်။

"အကျိုးအမြတ် . . ခံစားခွင့် အဲဒါတွေခံစားရမှာကိုလည်း ထည့်တွက်ခဲ့တာပဲ မဟုတ်လား"

"သျှန် . . ဘယ်လိုပြောလိုက်တာလဲ"

ဒီတစ်ခါ လွှတ်ခနဲအော်မိသူက ဦးသန့်စင်ဖြစ်၏။

"မေမေကပြောတယ်၊ ဘူးသီးကြီးမှ အရိုးတော်ချင်တဲ့သူတဲ့ . . မေမေ့ကိုပြောတာလေ၊ အဲဒီတော့ ဒီစကားကို သျှန် မပြောသင့်ဘူးလား။ ဟိုးငယ်ငယ်ကလေးတည်းက မေမေနဲ့ သျှန့်ကိုပစ်သွားခဲ့တဲ့အတွက် သျှန်တို့ရင်ထဲမှာ ဘယ်လောက်ထိခိုက်ဒဏ်ရာရခဲ့သလဲ မေမေသိရဲ့လား၊ ဘယ်လောက်ခံစားခဲ့ရသလဲ မေမေတွေးမိရဲ့လား။ သျှန် မျက်နှာငယ်ငယ်နဲ့ ဒုက္ခပင်လယ်ဝေခဲ့ရတာတွေဟာ ဒီလောက်နဲ့ ကျေအေးသွားလိမ့်မယ်လို့ မေမေထင်သလား"



www.burmeseclassic.com

www.burmeseclassic.com



သျှန် ငိုရင်း ဦးသန့်စင်ကိုယ်တိုင် မျက်ရည်ကျ လေသည်။

"ဆောင်ပါစေဘာ . . သျှန့်ရယ်၊ မေမေ ဝန်ခံပါတယ်၊ မေ မေမှားခဲ့မိပါတယ်၊ အဲဒီအတွက် မေမေ ဘယ်လိုပြန် ပေးဆပ်ရမလဲလို့တွေးပြီး သျှန့်တို့သားအမိကို ကူညီချင် တဲ့စိတ်ဖဲ့ မေမေ့ရင်ထဲမှာရှိနေပါတယ်၊ အခု . . သျှန် တိုးတက်အောင်မြင်ဖို့ပဲ မေမေ ရည်မှန်းတာယ်၊ သျှန့်ဆီက ဘာတစ်ခုအကျိုးအမြတ်တစ်ပြားမှ မမျှော်လင့်ပါဘူး၊ အသစ် တစ်ယောက်တင်ရင် ထိခိုက်ဆုံးရှုံးမှုဘယ်လောက်များ သလဲ သျှန် သိမှာပါ၊ အလယ်သူမ မတင်ရဲ မစွန့်စားရဲ ကြပါဘူး၊ အခု သျှန့်ကိုတင်ပေးနေတာဟာ မေမေ့သမီး ဖြစ်နေလို့ပဲ"

ဦးသန့်စင်အသံဟာ စိတ်ထိခိုက်ကြေကွဲနေ၏။ မျက်နှာက ပြုံတွေ့ရည်မှိုးလို့ မှိုင်းညို့နေ၏။

"သျှန့်ဆီက မေမေ မျှော်လင့်တာတစ်ခုပဲရှိပါတယ်၊ အဲ ဒါ . . သျှန့်ဆီက ခွင့်လွှတ်ဖို့ပဲ"

"ခွင့်လွှတ်ဖို့"

သျှန် အံ့သြသံထွက်၏။ အံ့သြကြည့် ကြည့်၏။





"ဟုတ်တယ်"

"သျှန် သိချင်တာရှိတယ်"

"ဘာလဲ . . မေးပါ၊ မေမေ ဖြေပါ့မယ်"

"သမီးတို့ကို မေမေ ဘာလို့ပစ်သွားခဲ့တာလဲ"

ဦးသန့်စင် အသံတုန်တုန်ကြီးဖြစ်သွားခဲ့၏။ သျှန် နှင့် မျက်လုံးချင်းဆိုင်ကြည့်ကာ မှင်သက်မျှင်းရှိုင်းချလေသည်။

"မှန်တဲ့အတိုင်းပြောရင် မေမေ့ကို သျှန် တော်တော် စိတ်ဆိုးမှာပဲ၊ ဒါပေမဲ့ . . အမှန်အတိုင်းပဲ ပြောပါ့မယ်၊ မေမေ့ဆန္ဒက အောင်မြင်ချင်တယ်၊ ကြီးပွားတိုးတက် ချင်တယ်၊ ကြီးပွားအောင်ကြိုးစားနေချိန်မှာ မမျှော်လင့် ဘဲ မေမေ အိမ်ထောင်ကျခဲ့တာ၊ တက်လှမ်းရှာနေချိန် မှာ အိမ်ထောင်ရေးဝင်လာတဲ့ မေမေ့နှစ်မြုပ်ခဲ့တယ်၊ နေ့စဉ် စားဖို့ သောက်ဖို့ကြိုးစားနေရလို့တော့ မေမေ ဘဝ ရေစုန်မျောမြီလို့ ခံစားရတယ်၊ အလုပ်ထဲ စိတ် ရောက်ိုယ်ပါနှစ်ကြိုးစားမှုတွန်းကာကျမှုမှ မေမေထွက် သွားခဲ့တာ၊ အစကတော့ . . ခဏတစ်ဖြုတ်ပါ၊ အောင် မြင်တဲ့တစ်နေ့ပြန်လာခဲ့မယ်လို့ မျှော်လင့်ခဲ့တယ်၊ ဒါပေ မဲ့ . . အခြေအနေတွေက ထင်သလိုဖြစ်မလာဘူး"

www.burmeseclassic.com



"တော်တော် . . ရက်စက်ခဲ့တာပဲ"

သျှန် ဗာလေးကြိတ်၏။

"မေမေ့ကို အကျိုးအကြောင်းပြောပြီးမှ သွားသင့်တာပေါ့၊ မေမေစိတ်နာတာ မလွန်ဘူးလို့ သျှန်ထင်တယ်"

"ပြောပြီးသွားရင်လည်း . . ရက်စက်တယ်လို့ပဲ မြင်ကြမှာပါ၊ ကလေးငယ်ငယ်လေးနဲ့ထားသွားတာကို ဘယ်မိန်းမကခွင့်ပြုမှာလဲ၊ ပြီးတော့ . . ပြည့်ပြည့်စုံစုံထားခဲ့နိုင်တာမဟုတ်ဘူးလေ၊ နှစ်နှစ်လောက်ကြာတော့ နည်းနည်းပါးပါး အဆင်ပြေသလိုဖြစ်တာနဲ့ ပြန်ကြည့်ခဲ့တယ် သမီးတို့သားအမိ မရှိကြတော့ဘူး၊ ပြောင်းသွားပြီပြောကြတယ်၊ ဝါးနိုင်မှာစုံစမ်းကြည့်တော့ ပြန်ရောက်လာတာမတွေ့ရဘူး၊ အဲဒီတော့ . . နောက်အိမ်ထောင်ပြုသွားခဲ့ပြီပဲထင်တာ၊ ဘယ်အချိန်မှာ ပြန်ရောက်လာတာလဲ"

"သျှန် . . ဆယ်နှစ်ကျော်ကျော်မှာ ရောက်လာခဲ့တာ"

"သြော် . . ရှစ်နှစ်ကျော်ကျော်ကြာမှ ပြန်တာလာပဲ၊ အဲဒီတော့ . . မထင်တော့ဘူးလေ၊ လာမကြည့်မိတော့ဘူး"

သျှန် . . မဲ့ပြုံးလေး ပြုံး၏။





"သျှန်တို့ အခက်အခဲအများကြီးနဲ့ရင်ဆိုင်ရတယ်၊ သျှန်တို့ဘဝမှာ စိတ်ချမ်းသာမှု လုံးဝမရှိခဲ့ဘဲ မှောင်ပိန်းကျနေချိန်မှာ ဖေဖေ အဆင်ပြေနေမယ်လို့ သျှန် မသိခဲ့ဘူး၊ သျှန်သိတာ ဖေဖေသေသွားပြီပဲ"

"ခွင့်လွှတ်ပါ သမီးရယ်၊ ဖေဖေ တောင်းပန်ပါတယ်၊ မြူမြူခိုင်နဲ့ သင့်မြတ်သွားတာကလည်း အနုပညာလမ်းကြောင်းသင့်သွားလို့ ပူးပေါင်းမိသွားတာပါ၊ ကံကောင်းချင်တော့ စီးပွားဥစ္စာတက်တယ်၊ အဆင်ပြေသွားခဲ့တယ်၊ ထားပါ . . အခု . . သမီးတို့နဲ့ပြန်တွေ့တာလည်းကံတရားပဲပေါ့၊ သမီး အောင်မြင်တဲ့အထိ ဖေဖေ . . ရေခံ့ရေဖျား ကူညီမယ်"

"မေမေက ခွင့်ပြုမယ်ထင်လို့လား၊ သျှန့်ကိုအော်ငေါက်မောင်းထုတ်တာ သူ မသိအောင် စီးရိုးသွင်းတာတစ်ခုတည်းကြောင့်မဟုတ်ဘူး၊ ဦးသန့်စင်ဆိုတဲ့ ဖေဖေနဲ့ပတ်သက်နေလို့ပဲ"

"ဒါပေမဲ့ . . ဖေဖေတို့ နောက်ဆုတ်လို့မရနိုင်တော့ဘူး သျှန်၊ အားလုံး ပြီးလုပြီးခင်ဖြစ်နေပြီ၊ တီဗီကြော်ငြာကအစ ရိုက်ဖို့စရန်သတ်ပြီးပြီ၊ ငွေရေးကြေးရေး တစ်ခုမဟုတ်ပေမယ့် . . စပြီးတဲ့အလုပ် ဆုံးအောင်လုပ်ရမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်၊ ဒါ . . မေမေ့စိတ်ဆန္ဒပဲ"

"ကျွန်တော်လည်း ဒီလိုပါပဲ၊ ကျွန်တော် အားဆက်လုပ်ရမှန်းမသိတဲ့ လမ်းဆုံလတ်မှာ ရပ်မနေချင်ဘူး၊ ကျွန်တော် အောင်မြင်ချင်တယ်၊ . . ကျွန်တော့်ကို မေမေက ခေါင်းကြောမာတယ်လို့ ခဏခဏပြောတယ်၊ တစ်ခွန်းထဲလုပ်တတ်တာ မေမေနဲ့အရမ်းတူတယ်ပြောတယ်"

ဦးသန့်စင် သဘောကျစွာ ရယ်ပြုံး၏။

"အစစ်ပဲ၊ မေမေလည်း လုပ်မယ်ဆိုရင် ဇွဲရမှကျေနပ်တဲ့ကောင်ပဲ၊ ကျွန်တော်ဆက်လုပ်ပါ . . သမီး အောင်မြင်ရစေမယ်၊ မေမေတာဝန်ယူတယ်"

"ကျေးဇူးတင်ပါတယ်ပြောရင် အစိမ်းဆန်နေမှာပဲနော်၊ ဒါပေမဲ့ . . ကျွန်တော် တကယ်ကျေးဇူးတင်ပါတယ်လို့ပဲ ပြောချင်တယ်၊ (ကျွန်တော် . . မဲ့ပြုံးလေး ပြုံး၏) ခုမှပြန်တွေ့ရတဲ့အမေ့အတော်မောင်လို ကျွန်တော့် ချက်ချင်း Well-come လုပ်ဖို့က ရင်ထဲမှာ စိမ်းနေတယ်"

ဦးသန့်စင် ခေါင်းညိတ်၏။

"သဘောပေါက်ပါတယ်၊ မေမေကိုယ်တိုင် သမီး ဒီအရွယ်ရောက်မှပြန်တွေ့ရတော့ စိမ်းနေမိသေးတာပဲ"

"မေးချင်တာလေးရှိတယ်"





"မေးပါ . . သိချင်တာရှိရင် မေးလို့ရပါတယ်"

"ဒေါ်မြမြခိုင်က သမီးနဲ့မေမေ့အကြောင်း သိသလား"

ဦးသန့်စင် ပင့်သက်မှိုင်းမှိုင်းချ၏။

"မေမေ အိမ်ထောင်ကျခဲ့ဖူးတာ ပြောပြခဲ့ဖူးတယ်၊ နောက်တော့ ကွဲသွားတယ်ဆိုတာလောက်တော့ သူသိထားပါတယ်၊ ဒီထက်တော့ ဘာမှမပြောမိဘူး"

"ဒါဖြင့် . . သိသွားခဲ့ရင် ဘာဖြစ်မယ်ထင်သလဲဟင်"

"ဖြစ်စရာအကြောင်းရှိမယ်မထင်ပါဘူး၊ မေမေက ကိုယ့်သမီးကိုယ် စင်တင်မြှောက်စားပေးတာပဲ၊ အရင်အိမ်ထောင်နဲ့လည်းပြန်ပေါင်းတာမှ မဟုတ်တာပဲ"

"ဒါဆိုရင် . . ကျွန်တော် စိတ်ရှင်းရှင်းနဲ့ သီချင်းဆက်သွင်းလို့ရတယ်ပေါ့နော်"

"ဟာ . . ရတာပေါ့၊ ဘာလို့မရရမှာလဲ"

တစ်ချိန်လုံး ငြိမ်နားထောင်နေခဲ့သော နောင်ရိုးက ယခုမှ လှုပ်လှုပ်ရှားရှားဖြစ်၏။

"ဟာ . . မဖြစ်ဘူး ကျွန်တော်ရဲ့၊ နှင်းအမေက နှင်းကို ဦးနဲ့ ပတ်သက်ဆက်နွယ်မယ်ဆိုရင် သူ့ကိုဖြတ်၊ အိမ်မှာ တောင်နေခွင့်မရှိဘူးလို့ ယတိပြတ်ပြောထားတာနော်၊ အရမ်းကို စိတ်ဆိုးနေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



သျှန် . . စိတ်မောစွာ ဆံပင်သပ်တင်၏။

"အဲဒီတော့လည်း ဝါ အဆောင်တစ်ခုမှာပြောင်းနေရုံပဲ ရှိတာပေါ့ နောင်နိုးရဲ့ အောင်မြင်မယ်မှန်းသိသားနဲ့ နောက်ဆုတ်ရင် ငါ အရှုံးပဲ"

ဦးသန့်စင်က သမီးမျက်နှာကို အငေးသား ကြည့်မိ၏။ တကယ်ကို မိမိစိတ်ခတ်နှင့်ထပ်တူထပ်မျှပါတကား။ သဘောကျကျေနပ်သွားလေသည်။

"အောင်မြင်လာတော့လည်း သူတားခိုမှုတာအတွက် မှားနေခဲ့ပါလားလို့ သမီးအမေ သဘောပေါက်ပြီး ခွင့်လွှတ်မှာပါ၊ အောင်မြင်ဖို့ဆိုတာ လွယ်တာမှမဟုတ်တာပဲ၊ လူတိုင်းဖြစ်နိုင်တာမဟုတ်ဘူး၊ မါရမိရှိမှဖြစ်တာ အထူးခြားဆုံးဖြစ်မြောက်အောင်မြင်ချင်တဲ့စိတ် သမီးမှာအပြည့်အဝရှိနေခဲ့တာပဲ၊ ဒါဟာ . . အောင်မြင်မှုတစ်ဝက်ပဲ၊ ရာနှုန်းပြည့်အောင်မြင်ဖို့ လမ်းစပဲ"

သျှန့်မျက်နှာလေး ဝင်းပကြည်လင်သွားတာ ကြည့်ကာ . . နောင်နိုး သက်ပြင်းရှည်ချမိလေသည်။

ဒီလိုနှင့် . . သျှန်တို့သားအမိနှစ်ယောက် အစပြုခဲ့ရခြင်းပဲဖြစ်လေသည်။



အခန်း(၁၉)

"ပြောထားပြီးခဲ့သားပဲ၊ အဲဒီလူကိုအားကိုးရင် သွားနေ၊ အဲဒီလူနဲ့ ဘယ်တော့မှ ပြန်မလာခဲ့နဲ့ဆိုတာ"

အမေ့ဒေါသကို သျှန် အံ့အားသင့်ရ၏။ စိတ်ဆိုး ဒေါသဖြစ် ခဏနေ ပြန်ချော့လိုက်လျှင် စိတ်ပြေတန်ကောင်းသည်ဟု သျှန်ထင်ခဲ့သည်။

တကယ်တကယ်ကျတော့ အခြေအနေက သျှန်ထင်ထားတာထက်ပိုဆိုး၏။

"အခု . . ဘာလို့ပြန်လာခဲ့တာလဲ"

သီချင်းကိုအားစိုက်သီဆိုခဲ့ခြင်းကြောင့် သျှန့်



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားတွေ မောဟိုက်ပင်ပန်းနေတာ သျှန် အသိဆုံးပဲဖြစ်
သည်။

သျှန်ဖြစ်ချင်တာက နေရာမှာ လဲ့အိပ်အနေ
ယူလိုက်ချင်တာပဲဖြစ်၏။

"သူ့ကို အားကိုးတာမှမဟုတ်တာပဲ၊ သျှန် ကြိုးစားနေတာ
အောင်မြင်အောင် ကြိုးစားနေတာ"

"မအေးရင်ကို နင်းချေထားတဲ့သူနဲ့ပတ်သက်ပြီးမှ အော
မြင်မှုရဖို့ ညည်း မျှော်လင့်ခဲ့တာပဲ သျှန်၊ သူ့ကြော
ငါတို့ ဒုက္ခရောက်ခဲ့ရတာ . . ဘဝပျက်ခဲ့ရတာတွေ
ညည်း မေ့ပစ်နိုင်ပေမယ့် ငါ မမေ့ဘူး၊ ဧါ့ဘဝမှာ အ
တီးတုံး မပတ်သက်ချင်ဆုံးလူနဲ့မှ ပတ်သက်နေလို့
တော့ ငါ အရမ်းစိတ်နာတယ်၊ နေခဲ့ . . ငါ သွား
ပါပဲ"

အမေ လှုပ်လှုပ်ရှားရှားဖြစ်ကာ သူ့ပစ္စည်း
သိမ်းဆည်းထည့်တာကို သျှန် မငိုနိုင်ဘဲကြည့်ရ၏။

သျှန် . . အိပ်ချင်လွန်းသဖြင့် ခေါင်းတစ်ခေ
လုံး မူးဝေနောက်ကျိနေ၏၊ ဝါးခနဲ သမ်းရင်း အခန်းထဲဝင်

"ဘယ်သွားမှာလဲ . . မဟုတ်တာ၊ သျှန် အောင်မြင်





ရင် အမေ ပျော်မှာပဲ မဟုတ်လား၊ အမေ့သမီးက တစ်
နေ့မှာ နာမည်ကြီးမှာသေချာသတဲ့အမေရ . . သိလား"

သျှန်က အမေ့ပစ္စည်းထုပ်ကိုလှမ်းဆွဲ၏။ အမေ
က ဆတ်ခနဲပြန်ဆွဲလုချိန်မှာ သျှန်၏အိပ်ချင်စိတ်က သျှန့်ကို
အနိုင်ယူ၏။

"ဟာဗျာ . . အမေကလည်း . . ခက်တော့တာပဲ"

မပီဝိုးဝါးပြောရင်းမှ . . နံရံကို ကျောမှီထား
သော ကိုယ်က တဖြည်းဖြည်းလျှော့ကျကာ ထိုင်ရက်သားငုတ်
တုတ်အိပ်ပျော်သွားခဲ့လေသည်။

သျှန် . . နိုးလာချိန်မှာ အမေမရှိတော့ပါ။

"ဘွားညွှန့် . . အမေရော . . အမေ ဘယ်သွားလဲ"

"မပြောတတ်ဘူး . . ဘယ်ထွက်သွားတယ်မသိဘူး၊ ငါ
ဆိုင်ကပြန်လာတော့ မရှိဘူး၊ ညည်း ထိုင်ရက်အိပ်ပျော်
နေတာတွေ့လို့ ငါ လာပြီးစောင်းသိပ်ပေးရတာ"

"ဟင် . . ဒါဖြင့် တကယ်ဆင်းသွားပြီထင်တယ်"

"ဟဲ့ . . ဘာတွေလျှောက်ပြောတာလဲ၊ ဘာလို့ဆင်းသွား
ရမှာလဲ"

"အမေက . . အမေက . . သျှန် အမေနဲ့ဆက်ကွယ်တာ



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး၊ အရမ်းစိတ်ဆိုးတယ်၊ အမေနဲ့သွားနေတဲ့ သျှန် . . မသွားရင် သူသွားမယ်ပြောတာပဲ"

သျှန် စိတ်ရှုပ်ထွေးစွာ ခေါင်းလေးကုတ် ညည်း ပြောပြော၏။

"ဟင်း . . ညည်းတို့သားအမိနဲ့ ခက်တော့တာပဲ၊ ခေါင်းကြောတာ ဘာမှာသလဲမမေးနဲ့၊ ပြောပါလား . . ညည်း အမေနဲ့မပတ်သက်တော့ပါဘူးဆိုတာ . . . ပါးစပ်က ခုတော့ ကောင်းရော၊ ကဲ . . ဘယ်နှယ်လုပ်ကြမလဲ"

ဘွားညွန့် မှာယာခတ်သွား၏။ တိုင်ပြေးလွှား ကြည့်၏။

"ဟုတ်ပ . . သူ့အဝတ်အစားတွေမရှိဘူး သျှန်ရဲ့၊ လုပ်ကြပါဦး . . ခက်တော့တာပဲ"

"ဆိုင်များသွားသလားပဲ"

"ဟဲ့ . . ဆိုင်တနေ ငါ ခုပြန်လာတာ၊ ဖဲ့ခိမိပြူးစိတ်ကြီးတာ ညည်းသိသားနဲ့ သျှန်ရယ်၊ မအေ စိတ်ကျေနပ်အောင် အေးအေးဆေးဆေးနေပါတော့တဲ့၊ ခုတော့ . . ညလုံးပေါက်သီချင်းဆိုရတယ်လို့ ကြားကြားဖူးပေါင်းအံ့ပါရော၊ ညည်းအမေ စိတ်ဆိုးတာမပြောနဲ့၊ ငါတောင်





စိတ်ဆိုးတယ် . . သိလား"

"ဟာ . . အလုပ်လုပ်နေတာ ဘွားညွန့်ရ မယုံရင်လိုက်ကြည့်လို့ရတာပဲဟာ၊ သျှန် ဘယ်လောက်ပင်ပန်းတယ်ဆိုတာ မသိဘဲနဲ့"

"မသိချင်ပါဘူး . . ညည်းရွေ့မှာ ညည်းအမေတစ်ယောက်လုံး ဇုက္ခဖြစ်ခဲ့တာ ညည်းမြင်သားနဲ့ သျှန်၊ ဖူးနဲ့မျက်ရည်သုတ်ပြီး အိုးနင်းခွက်နင်းဖြစ်မှ ဟုတ်ပေ့ဖြစ်နေမယ်"

"ဟာ . . ဘွားညွန့်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ တော်ပြီ . . သျှန့်ကို ဒီလောက်အထင်သေးတဲ့နေရာမှာ သျှန် မနေတူး . . စိတ်ချ၊ သျှန် အောင်မြင်မှ ပြန်လာခဲ့မယ်"

"ကြွ . . ကြွ . . ကြွချင်တဲ့ဆီ ကြွ၊ လူကြီးက ဆုံးမတာ အကောင်းမမြင်ချင်ဘူး၊ နာမည်မတက်သေးဘူး . . မြောက်ကြွ မြောက်ကြွဖြစ်နေပြီ . . အံ့ပါရဲ့၊ ခုပဲ ကိုယ့်အမေထွက်သွားရတာကြည့်တော့"

သျှန် . . ဒေါသဖြစ်ဖြစ်ဖြင့် အဝတ်တွေ ထုတ်ထည့်၏။ စီးကျလာသောမျက်ရည်သုတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"သျှန် သွားတော့မယ်၊ သျှန်မရှိမှ မေမေပြန်လာမှာ မဟုတ်လား၊ ပြောလိုက်ပါ . . မေမေ့ကို မေမေစိတ်ချမ်းသာအောင် သျှန် ထွက်သွားပါပြီလို့"

ဘွားညွန့် ပွစိပွစိပြောနေသောစကားတွေနား မထောင်ဘဲ ချာခနဲလှည့်ထွက်လာခဲ့၏။

မေမေ ဘယ်ထွက်သွားတာလဲ . . .

စဉ်းစားမရချေ။

ကိုယ်တိုင်ကျတော့ ဘယ်သွားလို့ ဘယ်လာရမည်မှန်းမသိတာ အမှန်ပဲဖြစ်၏။ သျှန့်လက်ထဲမှာ ငွေရယ်လို့ များများစားစားမရှိသဖြင့် ယူလာစရာလည်းမရှိချေ။

နောက်ဆုံး . . .

သျှန် . . အားကိုးသူက နောင်ရိုးပဲဖြစ်လေလေသည်။

❀ ❀ ❀

"ဟော့တောင် . . နောင်ရိုး၊ မြန်မြန်ထွက်ခဲ့ကွ . . မင်းတောင်မလေးရောက်နေတယ်"





နောင်ရိုးနှင့်အတူနေ သူငယ်ချင်း မြင့်စန်းက တံခါးကို တဗုန်းဗုန်းထုခေါ်သဖြင့် ခေါင်းလောင်းရေချိုးနေရာမှ နောင်ရိုး ကပျာကယာထွက်ခဲ့ရ၏။

"ဟာင် . . ဘယ်မှာလဲ . . သူ"

မျက်နှာသုတ်ပဝါဖြင့် ဆံပင်ရေသုတ်ရာမှ ဆိုးကြည့်၏။

"ဟွန်း . . ပြောတော့ဖြင့် မဟုတ်ပါဘူး၊ မဟုတ်ပါဘူးနဲ့ ငြင်းလိုက်တာ၊ လာတယ်ဆိုတာနဲ့ တစ်ခါတည်း ပျာယာခတ်နေတာပဲ၊ ကြည့်ရတာ . . မင်းကိုလာနိုးတာဖြစ်မယ်၊ အဝတ်အစားအိတ်နဲ့ကိုလာတာကွ၊ မင်းတော့ ပွတာပဲ"

"တော . . မြင့်စန်း၊ မင်းကွာ . . ပါးစပ်စည်းကမ်းမရှိလိုက်တာ၊ အလကား . . သူများသားသမီးကို"

ပြောရင်း . . မြင့်စန်း မေးဆတ်ပြရာကြည့်၏။

တကယ်ပဲ . . အိမ်ရှေ့ခုံတန်းလျားလေးမှာ အဝတ်အိတ်အေးချိုး မျက်စိစုံမှိတ်ထိုင်နေသော သျှန့်ကို တွေ့ရလေသည်။

"သျှန် . . ခဏနော် . . ခဏလေး"

သျှန်ကြားသာအောင် အော်ပြော၏။ သျှန်က



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြ၏။ မြင့်စန်းမျက်နှာ ရယ်ကျဲကျဲဖြစ်နေ၏။

"မိန်းကလေးရှင်ဘက်ကမေးရင် ငါ ဘယ်လိုဖြေရမလဲ ပြောထားခဲ့ဦး"

"အကောင်းဆုံးက မင်းပါးစပ်ပေါက်ကိုပိတ်ထားတာ အကောင်းဆုံးပဲ မြင့်စန်း၊ ဟိုမှာက ဘာဖြစ်လာတာမှန်း မသိဘဲနဲ့"

နောင်ရိုး အဝတ်အစားအမြန်ဆုံးလဲပြီးထွက်လာခဲ့၏။

"ငါ . . အိမ်ကထွက်လာခဲ့ပြီ နောင်ရိုး၊ အမေနဲ့ငါ ပတ်သက်နေတာကို အမေက မကြည်လင်ဘူးလေ နင်သိတဲ့အတိုင်းပဲ၊ အခု . . အိမ်ပေါ်ကနေ အမေဆင်းသွားပြီဆိုတော့ ငါနေလို့ဘယ်ဖြစ်မလဲ၊ ငါ မရှိမှ အမေပြန်လာမှာမဟုတ်လား"

"နင့်ကို ငါပြောသားပဲ သျှန်၊ နင့်အမေနဲ့က မရပါဘူးဆိုတာ၊ အဘပိုက ဘာပြောသလဲ"

"အဘပိုကဆိုင်မှာဟ၊ အိမ်မှာမှမရှိတာ၊ ဘွားညွန့်က အမေ့ဘက်က၊ ဒီတော့ . . ငါ့ကိုပဲအပြစ်ပြောတာပေါ့"

"အဲဒီတော့ . . ဘာလုပ်ရင်ကောင်းမလဲ နင်စဉ်းစားပြီး





ပြီလား၊ သျှန်၊ နင် ဘာလုပ်ချင်သလဲ"

သျှန့် နံဘေးမှာထိုင်၏။ သျှန်နှင့်သျှန့်အမေ ပြဿနာဖြစ်လိမ့်မည်ဟု သူသိ၏။ သို့သော် . . ဤမျှ မြန်ဆန်မည် မထင်ခဲ့ပေ။

"ငါလည်း ဘယ်လိုစဉ်းစားချိန်ရှိမှာလဲ စိတ်ရှုပ်ရှုပ်နဲ့ထွက်လာခဲ့တာ နောင်ရိုး၊ လုံးဝကို မစဉ်းစားတတ်တာ"

"လောလောဆယ်နေဖို့ ရှာရမှာပေါ့ သျှန်ရဲ့၊ အခန်းငှားနေဖို့ကတော့ မလွယ်ဘူးဟ၊ စပေါ်ငွေက ခေါင်ခိုက်နေတာ၊ တစ်ခုပဲရှိတယ်၊ အဆောင်တွေဘာတွေသွားနေရင်တော့ အဆင်ပြေမယ်ထင်တယ်"

"နင့်သဘောပဲလေ၊ နင်ပဲ ကြည့်စီစဉ်ပေးတော့ နောင်ရိုး၊ လောလောဆယ် ငါသိတာ အိပ်ချင်နေတာပဲဟ၊ ညက စိုးရိမ်သွင်းတာ ညဉ့်လုံးပေါက်ပဲ၊ နင် မလာတော့ ငါ့စိတ်ထဲ တစ်မျိုးကြီးပဲ"

"သတိရတယ် . . ငါလာလို့မရလို့ မလာတာ၊ အဆောင်က ချက်ချင်းရပါ့မလားတောင် မသိဘူး နင် . . နင့်အဖေဆီဖုန်းဆက်ပြောရင်ရော"

"ဟင့်အင်း . . မပြောနဲ့ တော်နေကြာ . . သူ့အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်ချင်လို့ပြောတာထင်နေမယ် နောင်ရိုး၊ ရော့ . . ဟောဒီမှာ ငါ့လက်ကောက်(ဘုန်းကလက်မှချက်ချင်း ချွတ်၏) နင် အဲဒါနဲ့ ဝါဖို့ အခန်းတစ်ခန်းရအောင် ချက်ချင်းငှားပေး"

"ဘာလုပ်မှာလဲ . . မဟုတ်တာ၊ ငါ့ဆီမှာ ငါစုထားတဲ့ငွေ ရှိပါတယ် ဘုန်းရဲ့၊ နေ . . ပြန်ဝတ်ထားလိုက် နင့်မှာ အဲဒီလောက်မှမရှိရင် ဘယ်ဖြစ်မလဲ"

ဘုန်း ဝတ်ထားတာ လက်ကောက်အလုံးလေး ဖြစ်၏။ နောင်ရိုးကက ဘုန်းလက်ထဲ လက်ကောက်ပြန်ထည့်ပေးပြီး . . အိမ်ပေါ် အပြေးအလွှားပြန်ပြေးတက်၏။

စုဆောင်းထားသောငွေသွင်းစာအုပ်မှာ ငွေ ဘယ်လောက်ရှိသလဲကြည့်နေစဉ် . . မြင့်စန်းက မျက်နှာရွှင်ရွှင် ဖြင့် . . .

"ငါ . . ဘာကူညီရမလဲ" လာမေးလေသည်။

"ဘုန်းက . . သူ့အမေနဲ့စိတ်ကောက်ပြီး ဆင်းလာတာ မြင့်စန်း၊ အခန်းငှားဖို့ ငွေလိုတယ်၊ အဲဒါ ငွေ ဘယ် လောက်ရှိသလဲကြည့်တာ"

"ဘာလဲ . . မင်းတို့က"





"ဟာ . . မဟုတ်တာရုတ်တွေပြောဦးမယ်၊ ဘာမှ မင်းတို့ မကဘူးနော်၊ ဘုန်း တစ်ယောက်တည်းအတွက် ရှာမှာ၊ အဆောင်ဆိုရင် ပိုကောင်းမယ်၊ မင်းတွေ့ထားတာများ ရှိသလား"

မြင့်စန်း . . မျက်နှာပင်ကာ မျက်လုံးဝင်းလက် ၏။

"အဆောင်ထက်ကောင်းတာရှိတယ် နောင်ရိုးရဲ့"

"ဘာလဲ . . ဟိုတယ်တက်နေ ပြောမလို့လား"

"ဟာ . . မဟုတ်ပါဘူး၊ မင်းကြီးတော်ကြီးမှုပဲ၊ စကား ကောင်းကောင်းပြောမလို့ကွ . . နားထောင်၊ တစ်လမ်း ကျော်က ဒေါ်တင်တင်ကွာ . . မင်းသိမှာပါ"

"အင်း"

"သူ့အောက်ခန်းကငှားထားတဲ့လူတွေဆင်းသွားပြီတဲ့ကွ၊ အဲဒါ . . လူငှားရှိရင်ပြောပါ ပြောနေတယ်၊ သူ့တိုက် ခန်းလေးက အခန်းကျဉ်းပေမယ့် သပ်သပ်ရပ်ရပ်က လေး၊ ဘုန်းအတွက်လည်း အနီးကပ်အဖော်ရှိနေတော့ အဆင်ပြေတာပေါ့ . . မကောင်းဘူးလား"

"မကောင်းဘူး"

www.burmeseclassic.com



"ဟ . . ဘာမကောင်းစရာရှိလို့လဲ"

"စပေါ်ငွေ သိန်းနဲ့ချီနောင်းမှာမို့ အဆောင်ပဲနေမယ် ပြောပါမှပဲကွာ"

"ဟာ . . ငါပြောရင်ရပါတယ်၊ ငွေ အဲဒီလောက် မရှောင်းစေရဘူးကွာ . . လစာကောင်းကောင်းသာ ပေးလိုက် . . ဒေါ်တင်တင်က ငှားမှာ၊ နှစ်ဦးနှစ်ဖက် အဆင်ပြေတာပေါ့၊ သျှန့်အတွက်ရော ဒေါ်တင်တင် အတွက်ရော အဖော်ရသွားမှာ"

"ကောင်းပြီလေ . . ဒါဖြင့် မင်းသွားပြောကြည့်"

"အေး . . ခဏစောင့်"

မြင့်စန်းက ဝတ်ထားသောစွပ်ကျယ်ပေါ်မှာ အပေါ်အင်္ကျီကောက်စွပ်ကာ လေချွန်ပြီးထွက်သွား၏။

နောင်နိုးက ငွေသွင်းစာအုပ်ကို အပေါ်အင်္ကျီ အိတ်ထဲထည့်ပြီးမှ သျှန် မြင်သွားမှာစိုးရိမ်စိတ်ဖြင့် ဘောင်းဘီ အိတ်ထဲထည့်ကာ ပြေးဆင်းလာခဲ့၏။

သျှန်က စိတ်တိုမျက်နှာဖြင့် အိမ်ရှေ့မှာ ရပ်စောင့်နေလေသည်။

"ကြာလိုက်တာဟာ . . ဘာတွေလုပ်နေတာလဲ"





"အတော်ပဲ . . သျှန်ရ ဟိုဘက်လမ်းမှာ ငှားမယ့်အခန်း လွတ်ရှိတယ်တဲ့၊ အခု . . မြင့်စန်း သွားပြောနေပြီ"

"ကိုမြင့်စန်းက သျှန့်ကိုပြောသွားတယ်၊ ရမှာသေချာ တယ်၊ လိုက်သာလာခဲ့တဲ့ . . ကိုင်းသွားကြမယ်"

"နင်တစ်ယောက်တည်း နေရဲတယ်နော်"

"အမယ် . . ဘာလို့မနေရဲရမှာလဲ . . လူကိုများ အထင် သေးလို့ . . ဟွန်း"

သျှန် . . မျက်စောင်းထိုးပြောတာကို နောင်နိုး ငေးခနဲကြည့်မိလေသည်။

ချစ်စရာကောင်းလိုက်တာ သျှန်ရယ်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၀)

သျှန် . . စီးရိုးခွေ ဖောင်မြင့်မှာထုတ်နိုင်ခြင်း က သျှန် ကံကောင်းတာပဲဖြစ်၏။

မြို့ကဲခနဲ ကုန်သွားတာမျိုးမဟုတ်ပေမဲ့ . . ရောင်းရသောစာရင်းဝင်ဖြစ်လာခဲ့သဖြင့် . . ဖြည့်ဝေသျှန်၏မှာ မည်တို့ သတိထားမိကြသူများလာလေသည်။

'သျှန်' တံမကောင်းခြင်းက 'ဝါးရိုင်'မှထွက်သွား သွားသောအမေကို ရှာမတွေ့ဘဲ ပျောက်ဆုံးနေခြင်းပဲဖြစ်ပေ သည်။

"မက်တာပဲ နောင်မှီးရား အမေပြန်ရောက်လာတော့ပြီ



www.burmeseclassic.com

www.burmeseclassic.com



မှတ်တာ၊ ပြန်မရောက်သေးဘူးတဲ့ . . ဘယ်သွားနေ
သလဲမသိပါဘူး”

နောင်ရိုး . . ရောက်လာတာနှင့် သျှန် ညည်း၏။

“နင် . . ဝါးရိုပ်ကိုရောက်ခဲ့ပြီလား”

သျှန် . . ဝတ်စားပြင်ဆင်ထားသောအနေအထားက အပြင်ကပြန်လာတာမှန်း သိသာလေသည်။

“ရောက်ခဲ့ပြီ၊ အပိုရော ဘွားညွန့်ရော အရမ်းကို စိတ်ပူ
နေကြတာဟ၊ ငါ့ကြောင့်ဖြစ်ရတာဆိုတော့ ငါလည်း
စိတ်ဆင်းရဲတယ် . . တကယ်လည်း စိတ်ပူလာတယ်”

“သူ . . သွားတတ် လာတတ်တဲ့နေရာတွေ စုံစမ်းကြည့်
ပြီးပြီလား”

“ဟိုတစ်လောက စီးပွားကိစ္စအလုပ်များနေတော့ ဘယ်စုံ
စမ်းနိုင်မလဲ နောင်ရိုးရဲ့ . . နင်လည်းသိသားနဲ့၊ ပြီး
တော့ . . လူကြီးပဲလေ၊ စိတ်ပြေတော့ ပြန်လာမှာပဲ
ငါ ထင်ခဲ့မိတာ၊ ခုတော့ . . တော်တော်တောင်ကြာနေ
ပြီ”

“ဒါဖြင့်လည်း . . သွားတတ် လာတတ်တဲ့နေရာတွေရှာ





သင့်တယ် သျှန်ရေ၊ သူများကိစ္စဝင်စုတယ်မထင်နဲ့ . .
ကြားနေရတော့ စိတ်ပူပြီးဝင်ပြောမိတာ၊ ရော့ . . ပုစွန်
ငါးမုန့်ကြော်လေးစားကြ၊ ခုပဲကြော်လာခဲ့တာ၊ ရော့ . .
ရော့ . . နောင်ရိုး”

ဒေါ်တင်တင်၏တိုက်က ပတ်ကားတိုက်မဟုတ်ဘဲ သစ်သားအုပ်ညှပ်တိုက်ဖြစ်၏။

အခန်းနှစ်ခန်းကြား ကာရံထားသော သုံးထပ်သားက အပြည့်မရှိဘဲ အပေါ်မှလွတ်နေ၏။ တစ်ဆင့်နိမ့်ထားသောဖိနပ်ချွတ်နေရာမှာ သုံးပေအမြင့်မျှရှိသော တစ်ဖက်ကပ်တံခါးရွက်ကလေး အခန်းနှစ်ခုကြားတပ်ထားခြင်းကြောင့် . . ဟိုဘက်ခန်း ဒီဘက်ခန်း လွယ်လင့်တကူ ကူး၍ရလေသည်။

ဒေါ်တင်တင်က ဆင်နားရွက်တံခါးဖွင့်ဝင်လာပြီး ငါးမုန့်ကြော်ပန်းကန်ပေးရာမှ နောင်ရိုးနှင့် သျှန်ကို အကဲခတ်အကြည့်ဖြင့် ကြည့်လေသည်။

သျှန်၏အိမ်ခေည့်ခန်းကလေးက ပစ္စည်း တန်ဆာပလာ အတစ်ခုမျှမရှိပေ။ လျှာထိုးကြမ်းခင်းအနေအထားလှပခြင်းမရှိသဖြင့် လူငှားတင်လျှင် မျက်နှာပန်းလှအောင် ဒေါ်တင်တင်ခင်းပေးထားသော ဖယောင်းပုဆိုးသာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုးက နံရံမှီထိုင်နေရာမှ သွက်လက်စွာ ထယူလေသည်။

"အတော်ပဲ ကြီးတင်ရ . . ဆာနေတာနဲ့ သျှန့်ဆီမှာ တစ်ခုခုစားမလားမေးမလို့ ကြံနေတာ"

ပြုံးချိုမျက်နှာထားဖြင့် ရယ်မောပြောလျှင် သျှန်က မျက်စောင်း ဖျတ်ခနဲထိုး၏။

"စားရမယ် အားကြီးကြီး၊ သူများတောင် ကြီးတင်က ကျွေးထားရတာ၊ အိုးခွက်ပန်းကန်ဘာတစ်ခုမှမရှိတာ ဘယ်လိုစားသောက်နေသလဲ တစ်ခွန်းမမေးဘဲနဲ့များ"

"ဟိုက် . . ဟုတ်သားပဲ သျှန်ရဲ့၊ ဆောရီး . . ဆောရီး ငါ လုံးဝမေ့နေတာပဲ"

နောင်ရိုးက နဖူးရိုက်ပြောလေသည်။ ကြီးတင်က နောင်ရိုးနှင့်သျှန် နှစ်ယောက်ရှေ့နားမှာ ထိုင်ချလေသည်။

"ဘာတစ်ခုမှ ပါမလာခဲ့တော့ မထူးတော့ပါဘူး၊ တို့နှစ်ယောက်ပေါင်းစားမယ်ဆိုပြီး နှစ်ယောက်စာ တစ်ခါတည်းထည့်ချက်လိုက်တယ်လေ၊ ကုန်ကျစရိတ် တစ်ယောက်တစ်ဝက်ပဲပေါ့၊ ထမင်းလခပေးစားတဲ့သဘောလည်း မသတ်မှတ်ပါဘူး၊ သျှန့်ဆီက အကျိုးအကြောင်း





သိထားရတော့ အကူအညီပေးတဲ့သဘောပါပဲ"

"သျှန်ကတော့ ကြီးတင်နဲ့တွေ့ရတာ ဘုရား 'မ'တာပဲ အောက်မေ့ပါတယ်၊ အဟုတ်ပါ"

"ရော . . စားဦး၊ ကောင်းတယ် . . ဆိမ့်နေတာပဲ"

နောင်ရိုးက သျှန့်လက်ထဲ ပန်းကန်ကမ်း၏။ သျှန်က ပန်းကန်မယူဘဲ ငါးမုန့်ကြော်တစ်ခုယူစားလေသည်။

"ဒါနဲ့ . . အမေဆိုတာက ရွာကြည့်ဦးလေ၊ ဒီလိုနေလို့ ဖြစ်မလား"

ပေါ်တင်တင်က လူကြီးပီသစွာ စိတ်ပူစကား ပြောခြင်းပဲဖြစ်လေသည်။ ပြောသာပြောရသည်။

သျှန်တို့သားအမိ ပြန်လည်သင့်မြတ်ပြီး သျှန် အိမ်ခန်းဆက်မငှားမှာစိုးရိမ်၏။ သျှန့်လို တစ်ကိုယ်တည်းသမား နှိုက သိပ်လွယ်ကူလှတာမဟုတ်ပေ။

ပြီးတော့ . . .

တစ်ယောက်စာပိုပိုသာသာလေးချက်လိုက်တာနှင့် သျှန်နှင့်သူမ နှစ်ယောက်စာစား၍ရ၏။ တစ်ခါတစ်ခါ သျှန်က အပြင်မှာ ဘာစားလို့ ညာစားလို့ဆိုပြီး စားသောက်ခြင်း ဖြစ်၍ပြင့် မိမိအတွက် စားသောက်စရိတ်အလိုလိုကျသွားလာသ

www.burmeseclassic.com



ဖြင့် ဟန်ကျနေလေသည်။

"ရှာမှာပါ . . ခက်တာက ဘယ်မှာရှာရမှန်းမသိတာ ကြီးတင်ရဲ့"

"သူ သွားတတ်လာတတ်မယ့်နေရာတွေပေါ့၊ သိပ်ဝေး ဝေးလံလံကြီးသွားမယ်တော့မထင်ပါဘူး"

သျှန်က နောင်ရိုးထံ အကြည့်တစ်ချက်ရောက်ကာ ယုံယုံလေးပြုံးလေသည်။

"အမေက တခြားဘယ်မှမသွားတတ်ဘူး၊ ဝါးရိပ်ဆိုင်နဲ့ အိမ်နဲ့ . . ဒါပဲ၊ ဒီထက်ပိုပြီးသွားတာပြုတာကို မရှိတာ ဒါ့ကြောင့်လည်း . . ဘပိုနဲ့ ဘွားညွန့်က စိတ်ပူနေကြ တာ၊ သျှန့်ကြောင့်ဆိုပြီး . . သျှန့်ကို စိတ်ဆိုးနေကြတယ် လေ"

"ဟဲ့ . . တခြား ဘယ်ကိုမှမသွားတာ"

ကြီးတင် တဖွဲ့တခြဆိုပုံက မျက်လုံးပြူးကို တော်တော်နှင့် ပြန်မသိမ်းနိုင်ပေ။

"အဟုတ်ကို မသွားတာ၊ သျှန့်တစ်သက်ဆိုပါတော့"

ပြောရင်းမှ . . ဝါးရိပ်ကိုရောက်လာခဲ့သော အချိန်ကာလကို သတိရ၏။ နေခဲ့ဖူးသော မြစ်ဝကျွန်းပေါ်မြို့ ကလေးတစ်မြို့ကို ဖျတ်ခနဲသတိရ၏။





အဲဒီမျှားသွားရောသလား။

စိတ်ရောက်၏။

သို့သော် . . မဖြစ်နိုင်ပါဘူးဟု ချက်ချင်း ပြန် ပယ်ဖျက်ပစ်လိုက်လေသည်။

"အမယ်လေး . . အဲဒီလောက်ခြေငြိမ်တာ အဲ့ပါရဲ့၊ တို့ များတော့ . . အိမ်တွင်းအောင်းနေရတာလောက်ပျင်း တာမရှိပါဘူး။ ဟိုသွား ဒီသွား သွားနေရမှ စိတ်ပျော် တာ"

ဒေါ်တင်တင်က စိတ်ပျက်မျက်နှာဖြင့် မျက်နှာ ရှုံ့တွနေ၏။ နောင်ရိုးက သျှန့်ကိုကြည့်၏။

"သျှန် . . နည်းနည်းပါးပါးထွက်ပြီး စုံစမ်းကြည့်မလား"

"အင်း . . ကြည့်ချင်တယ်၊ ဘွားညွန့်တို့စိတ်ပူတာက မပြောနဲ့၊ သျှန်တောင် စိတ်ပူလာပြီ နောင်ရိုးရဲ့၊ အမေ က ဘယ်မှသွားတတ်တာမဟုတ်ဘူး"

"ဒါဖြင့် . . သွားကြမယ်လေ"

"ဝေး . . ပန်းကန်ဆေးပေးလိုက်ဦးမယ်"

"အမယ်လေး . . နေပါ . . နေပါ၊ တော်တို့ဘာသာ တော်တို့ သွားစရာရှိတာသွားကြပါ၊ ကိုယ့်ပန်းကန် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာတိုယ်ဆေးပါမယ်"

နေခင်ရိုးလက်ထဲမှပန်းကန်တို သျှန် လှမ်းယူမည်အပြု . . ဒေါ်တင်တင်က တားဆီးကာလှမ်းယူ၏။

နေရာမှ ပျင်းတွဲစွာ ထ၏။ အေးဆေးစွာ စကားပြောချင်ကာမှ သွားကြမည်ဖြစ်ခြင်းကြောင့် စိတ်ပျက်သွားဟန်လည်းရလေသည်။

"ဒါနဲ့ . . သျှန် သီချင်းခွေထွက်ပြီဆို . . ."

မိနပ်ချွတ်မှ တစ်ထစ်ဆင်းပြီးမှ သတိရစွာ လှည့်မေး၏။

"ဟုတ်ကဲ့ . . ထွက်ပါပြီ"

"ဒါဆို . . ငါ့လည်း တစ်ခွေပေးလေ"

"ကြီးတင်က သီချင်းနားထောင်မှာမို့လား"

"အို . . ဘာဖြစ်ဖြစ် နားထောင်ကြည့်ရမှာပေါ့၊ သူများ မေးတော့ ပြောလို့ရတာပေါ့ . . ပေးမှာလား"

သျှန်နှင့် နောင်ရိုး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရယ်မိကြရင်း ခေါင်းညိတ်၏။

ဒေါ်တင်တင်က ဘာရယ်တာလဲဟူသောအကြည့်ဖြင့် မကျေမနပ်ဖြစ်ကာ မျက်စောင်းထိုးလေသည်။

❀ ❀ ❀



## အခန်း(၂၁)

သျှန်တို့နေသောနေရာက . . ဘတ်(စ်)ကားပဲ စီးစီး အငှားကားပဲ ငှားငှား လမ်းထိပ်ထိလမ်းလျှောက်ထွက်ကြရ၏။

တစ်ခါတစ်ရံမှာတော့ သျှန်တို့လမ်းထဲထိအငှားလိုက်လာသောကားနှင့်ဆုံပါက လွယ်လင့်တကူ အငှားကား ငှားလို့ရတတ်လေသည်။

နောင်ရိုးနှင့်သျှန် ထွက်လာချိန်မှာ ဒေါ်တင်တင်က ယုံးစံအတိုင်း အိမ်ထဲမှ ချောင်းမြောင်းကြည့်ရှုကျန်ရစ်လေသည်။ ဒါကို နောင်ရိုးရော သျှန်ပါ မြင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်တင်တင်က ဒီအတိုင်းထွက်ကြည့်လည်းရနေသားနဲ့၊ ဘာလို့ချောင်းကြည့်နေတာလဲ မသိဘူး၊ တစ်မျိုးပဲနော်"

"အဲဒါ . . သူ့အကျင့်ပဲ နောင်ရိုးရဲ့၊ သူက အားနေတဲ့သူလေ၊ ဒီတော့ . . ပျင်းပျင်းနဲ့ သူများတွေကိုစောင့်ကြည့်တာ သူ့အကျင့်ဖြစ်လာတယ်"

"နေရထိုင်ရတာတော့ အဆင်ပြေတယ်မဟုတ်လား"

"ပြေပါတယ် . . နည်းနည်းစပ်စပ်စုစုနိုင်တာကလွဲရင် စိတ်သဘောရင်း ကောင်းပါတယ်"

"ဟာ . . သျှန် . . ခဏလေး . . ခဏ"

"ဟင်"

နောင်ရိုးပုံစံက အလန့်တကြားမို့ သျှန် လန့်သွား၏။

"ကြားလား . . ကြားလိုက်သလား"

နံဘေးမှဖြတ်သွားသောကားကို လက်ညှိုးထိုးပြတာမို့ သျှန် ပြူးတူးကြောင်တောင်လေးပဲကြည့်မိ၏။

"ဘာလဲ နောင်ရိုးရဲ့၊ အငှားကားမှ မဟုတ်တာ ဘယ်လိုဖြစ်တာလဲ"





"မဟုတ်ပါဘူး သျှန်ရာ၊ ကားထဲကဖွင့်သွားတဲ့သီချင်းသံက နှင့်အသံ ကြီးပေါ်ရဲ့၊ ဒါကြောင့် ကြားလားမေးတာ"

သျှန် . . အံ့ဩ ရင်ခုန်လေသည်။

"ငါ့အသံ . . ငါ့သီချင်း . . ဟာ"

အံ့ဩလွန်းစွာ တုန်လှုပ်ဝမ်းသာပုံက မယုံကြည်နိုင်အောင်ဖြစ်နေပုံပါ။

"ဟုတ်ပါ့မလား . . နောင်ရိုးရာ"

"ဟုတ်ပါတယ်ဆိုမှဟာ . . နင်ကလည်း၊ နင့်ကို ငါက ဘာလို့ညာပြောရမှာလဲ၊ နင့်သီချင်းခွေဖွင့်သွားတာ သေချာတယ်၊ နင် နာမည်ကြီးမှာသေချာတယ်"

"အိုဟုတ် . . တကယ်"

"တကယ်ပေါ့ . . ခုနာမည်ကြီးတွေဆိုတာလည်း တစ်ယောက်ကအစ တစ်ရာ အားပေးရာက နာမည်ကြီးလာကြတာပဲဟာ"

"ဝမ်းသာလိုက်တာ နောင်ရိုးရာ၊ ငါ အရမ်းဝမ်းသာတာပဲ"

သျှန် ပျော်ရွှင်ပြူးတူးနေပုံက တွေ့မြင်ရသူပင် အပျော်ကူးစက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက အစမို့ပဲ . . နောက်တော့လည်း အဲဒါတွေအား
လုံး . . နှင်း ရှိုးသွားမှာပါ ဆွန်ရာ၊ ခဏလာဦး . . ဆွန်
ခဏလေး"

"ဟဲ့ . . ဘာလုပ်ဦးမှာလဲ"

နောင်ရှိုးက လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားသဖြင့် ဆွန် ကြောင်တောင်တောင်လေး လိုက်ပါသွားရ၏။

"နောင်ရှိုး . . နှင် ဘာတွေလျှောက်လုပ်နေတာလဲ"

နောင်ရှိုးက ဘောင်းဘီအိတ်ထဲမှ ကက်ဆက်ခွေထုတ်ပေးပြီး ဖွင့်ခိုင်းသဖြင့် ဆွန် မျက်နှာ ရဲခနဲဖြစ်ကာ ပူထူ၏။ လက်ဖက်ရည်မှာကာ ထိုင်ခုံပုလေးမှာထိုင်၏။

"ရှက်စရာကြီးဟာ . . ကိုယ့်သီချင်း ကိုယ်ပြန်ဖွင့်ခိုင်းရတယ်လို့ . . နှင်ကလည်း"

ဆွန် . . ခပ်ကျိတ်ကျိတ်ကလေး မာန်လေသည်။

"နှင်မသိဘူး ဆွန်ရဲ့၊ ဒါ . . ပရိသတ်နားထဲရောက်အောင် သွင်းပေးတဲ့ကြော်ငြာတစ်ခုပဲ၊ ဒါမှ သတိထားမိကြမှာပဲ"





"ငါမှန်းသိသွားရင် တော်တော်ကြောင်တယ်ထင်မှာ
သေချာတယ်"

"စိတ်ချ . . နင့်ကို ဘယ်သူမှမသိတာသေချာတယ် . .
. လောင်းမလား"

"တော်စမ်းပါ . . လောင်းကြေးအစ်ဖို့ သိပ်ဝါသနာပါ
တယ် ဟုတ်လား၊ ငါ့ကို ဘောလုံးပွဲများမှတ်နေသလား
မသိပါဘူး"

နောင်ရှိုး သဘောကျစွာရယ်၏။ လက်ဖက်ရည်ဆိုင်မှဖွင့်သောကက်ဆက်မှ ဆွန့်အသံကိုကြားရချိန်မှာ ဆိုင်၌ လူစည်ချိန်နှင့်အံကိုက်ပဲဖြစ်လေသည်။

ယခုအချိန်မှာလောက် ဆွန်၏မျက်နှာလေး ဝင်းပကြည်လင်နေတာမရှိတော့ပါ။

ထိုနေ့က . . အမေ ဒေါ်မြှူးသဇင်သွားမည်ထင်သောနေရာဌာန၊ သတင်းအစအနကြားရမည်ထင်သောနေရာဌာနများသို့ ဆွန်နှင့်နောင်ရှိုးတို့သွားရောက်စုံစမ်းမေးမြန်းကြရတာ ခြေတိုလှပါပြီ တင်စားပြောရမလောက်ပါ။

"အဲ့ရောဟာ . . ဘယ်သွားတယ်မသိဘူး၊ ဘာသတင်းမှ
ကိုမကြားရတာ၊ ကြည့်ရတာ ကြွက်လေးကောင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်လို မြေလျှိုးနေသလားမသိပါဘူး"

"ဟဲ့ .. ဘာစကားတွေပြောတာလဲ၊ သူများအမေကို နိမိတ်မရှိ နမာမရှိ"

"နှင်ကဟာ .. တရုတ်သိုင်းကားထဲက ကြွက်လေးကောင်ကို နှင် မသိဘူးလား သျှန်ရဲ့၊ ဘာ နိမိတ်မရှိ နမာမရှိဖြစ်စရာရှိသလဲ"

သျှန် မျက်စောင်းလေးခဲ၏။

"တော်တော့ .. လျှာမရှည်နဲ့တော့ .. စိတ်ပူတာ ရင်တစ်ခုလုံးအရည်ပျော်မတတ် လောင်မြိုက်နေပြီ နောင်နိုးရဲ့၊ ဒီမှာမြင့် .. အမေ ဘယ်ရောက်နေမှန်းမသိလို့ စိတ်ပူရတဲ့ကြားထဲ .. မြေလျှိုးတယ်ပြောတော့ ကောင်းရော"

သျှန် .. အသံတုန်ရုံမက မျက်ရည်ဝဲတာမြင်တော့ နောင်နိုး ပျာယာခတ်သွားရလေသည်။

"ဟာ .. ဆောရီး .. သျှန်ရာ၊ ဆောရီး ... ငါက မြေလျှိုးပို့ စကားလုံးမျိုးသုံးမိတာဟာ .. ဆောရီး၊ ငါ တောင်းပန်ပါတယ်၊ စိတ်မဆိုးနဲ့နော်"

"စိတ်က ဆိုးပြီးနေပြီ၊ စိတ်ဆိုးပြီးသားကို ပြင်လို့ဘယ်ရမလဲ နောင်နိုးရဲ့၊ နင်ကလေ ပြောလိုက်မှဖြင့် ဒီအတိုင်း





ချည်းပဲ၊ ထားပါ .. အရေးကြီးတာက အမေ့ကိုရှာတွေ့ဖို့ပဲ"

"နှင့်အမေထွက်သွားတဲ့ကိစ္စ .. နှင့်တို့အဖေ .. အဲ .. ဦးကို နှင်ပြောပြပြီး အကူအညီတောင်းကြည့်ပါလား"

"ဟာ .. ဘာကိစ္စအကူအညီတောင်းရမှာလဲ၊ မဆိုင်လိုက်တာ .. ဘာမှမဆိုင်တော့တာကို"

သျှန် ခါးခါးသီးသီးငြင်းဆန်၏၊ တကယ်လည်းလုံးဝပတ်သက်ဆက်နွယ်မှုမရှိကြတော့ပြီပဲ။

"မဟုတ်ဘူးလေဟာ .. သူက ကားလည်းရှိ အပေါင်းအသင်းကလည်းများတော့ စုံစမ်းလို့လွယ်မလားလို့ ငါတွေးမိတာပါ"

"တော်စမ်းပါ နောင်နိုးရာ၊ အဲဒီတော့မှ .. ဟိုတုန်းက ကိစ္စ ဘူးပေါ်သလိုပေါ်မှာ သူ မရိုးရိမ်ဘဲနေမလား၊ အဖေ ရှာတွေ့ခဲ့ရင်တောင် .. သူ့ကြောင့်အမေနဲ့ငါ ပြဿနာဖြစ်ခဲ့ရတဲ့ကိစ္စ သူ့ကိုမှအကူအညီတောင်းရသလားဆိုပြီး .. အမေက ငါ့ကို ဒီထက်ပိုစိတ်ဆိုးမှာပေါ့၊ မစဉ်းစားနဲ့ .. မဖြစ်ဘူး"

"ဒါဖြင့် .. နှင် ဘာ့ကြောင့် အိမ်ပေါ်ကဆင်းလာခဲ့သယ်ဆိုတာ .. ဦး မသိဘူးပေါ့ .. ဟုတ်လား"

www.burmeseclassic.com



"သိတယ် . . အမေနဲ့ပတ်သက်ဆက်နွယ်တာကို အမေ မကြိုက်လို့ . . ငါ အိမ်ပေါ်တက်ဆင်းလာရတယ်ဆိုတာ လောက်ပဲ ငါပြောထားတယ်၊ အမေဆင်းသွားတာတော့ မလိုအပ်ဘူးထင်လို့ ငါမပြောတော့ဘူး"

"ဒါတော့ နင့်သဘောပဲပေါ့ သျှန်၊ ငါ့စိတ်ထဲမှာတော့ ပြောသင့်တယ်ထင်တာပဲ၊ ဒါမှ . . နင့်ကို အဖေတစ် ယောက်အနေနဲ့ ပိုပြီး ဂရုစိုက်ကြည့်ရှုဖို့ သူ့မှာ တာဝန်ရှိ ပါလားဆိုတာ သူသိမှာ"

"တော်ပါပြီဟာ . . ဟိုးငယ်ငယ်ကလေးတည်းက တာ ဝန်ယူရကောင်းမှန်းမသိလို့ ထားသွားခဲ့သေးတာပဲ၊ ခု . . စီးရီးထုတ်ပေးတာနဲ့ပဲ ကျေနပ်ပါပြီ၊ တော်နေကြာ နိုးဒိုးသားသားပြောပြတာတော် တစ်မျိုးထင်မှာစိုးရိမ် ရတယ် နောင်ရိုးရဲ့၊ နင် ဘာမှမရှည်နဲ့ . . သိရဲ့လား"

"ဟုတ်ကဲ့ . . သိပါပြီခင်ဗျာ"

နောင်ရိုးက ပါးစပ်ကို လက်နှစ်ဖက်အုပ်ကာ ခပ်ရှုံ့ရှုံ့ပြောမြင်းကြောင့် . . သျှန့်မျက်မှောင်းက ဝဲခနဲ ကျလာကာ ရိုက်မည်ပြင်၏။

နောင်ရိုး . . ကျောတော့ပြေးလေသည်။

❀ ❀ ❀



အခန်း(၂၂)

"ဟိတ်ကောင် . . ဟိတ်ကောင် နောင်ရိုး . . လာနား ထောင်စမ်း၊ လာ . . နားထောင်ကွ . . ဘယ်သူလဲလို့"

နောင်ရိုး အိမ်ပေါ် လှမ်းအတက်မှာ မြင့်စန်းက ရေကြီးသုတ်ပျာခေါ်သဖြင့် . . နောင်ရိုး ဒိတ်ခနဲဖြစ်၏။

"ဘာလဲ . . ဘာဖြစ်လို့လဲ"

"နားထောင် . . ဆို"

ဘော်လုံးပုံစံရေဒီယိုကို လက်ညှိုးထိုးပြ၏။ နောင်ရိုးကြားသာအောင် အသံကို ပိုမိုမြှင့်တင်၏။

"သျှန်ဆိုတာကတော့ အိမ်နာမည်ပဲပေါ့နော်၊ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သျှန်လို့ပဲခေါ်ကြတာပါ၊ သီချင်းဆိုတော့မှ . . ပြည့်ဝေသျှန်ဆိုတဲ့နာမည်နဲ့ဆိုတာပါ”

ဟာ . . သျှန် . . သျှန့်အသံ . . .

နောင်ရိုး မျက်နှာ ဝင်းလက်တောက်ပသွား၏။

သျှန့်ကို . . အသံလွှင့်ဌာနမှ အင်တာဗျူးခံရသည်အထိ တွင်ကျယ်လာခြင်းအတွက် ရင် တဒိတ်ဒိတ်ခုန်သည်အထိ နောင်ရိုး ပျော်လေသည်။

“သျှန်ပဲကွ . . သျှန်ကွာ . . ဘယ်တုန်းက အသံသွင်းလိုက်မှန်းတောင်မသိဘူး”

“အေး . . ငါလည်း မင်းဆီက ဘာပြောသံမှမကြားရဘဲ ကြားရလို့ အံ့ဩနေတာ၊ မင်း . . မသိဘူးလား”

“ဟင့်အင်း . . ခုတလော . . သူ့ရော ငါရော အလုပ်တွေ ရှုပ်နေတာ မတွေ့ဖြစ်တာကြာပြီကွ”

ပြောရင်း . . သျှန့်အသံကို နားစိုက်၏။ အရေးထဲ ရေဒီယိုလိုင်းက တဂျစ်ဂျစ်မြည်သံဖြင့် အားစိုက်နားထောင်ရလေသည်။

“ဟာ . . ပျောကောင် . . ဘယ်လဲ”

“သျှန် . . သိပ်မလားလို့ကွ၊ သွားဖွင့်ပြမလို့”





နောင်ရိုး တောက်ယူကိုင်လိုက်သောစာတ်ခဲ ရေဒီယိုကို မြင့်စန်းက ပြန်လုယူ၏။

“ဖြစ်သည်းမနေနဲ့နော် နောင်ရိုး၊ နော် . . ငြိမ်ငြိမ်နေနားထောင်၊ မင်းပြေးသွားလို့ လုံးဝ မီမှာမဟုတ်ဘူး၊ တော်နေကြာ . . ပြီးတော့မှာ”

နောင်ရိုး ပြန်ထိုင်ရပေမဲ့ . . စိတ်က မငြိမ်ပါ။ သျှန် ရယ်မောပြောဆိုနေသံတို့ သျှန် ကိုယ်တိုင်နားမထောင်လိုက်ရမှာ မကြားလိုက်ရမှာ စိုးရိမ်ကြောင့်ကြနေလေသည်။

“စီးရီးထွက်တာ အောင်မြင်တယ်နော်၊ ပြည့်ဝေသျှန်ဆိုတဲ့နာမည်ကို လူတော်တော်များများသိကြတယ်ဆိုတော့ အရမ်းပျော်မှာပဲထင်တယ်”

သျှန် သဘောကျစွာ ရယ်သံမှာ ရှက်သံလေး နှောနေလေသည်။

“အောင်မြင်တယ်လို့ ပြောလို့မရသေးဘူးထင်တယ်၊ သျှန့်စီးရီးက အခုမှ ဒီတစ်ခွေပဲထွက်ရသေးတာလေ၊ လက်ခံကြတယ်လို့ပြောရမယ်ထင်တယ်၊ အဲဒီအတွက်လည်း သျှန် အရမ်းပျော်တာအမှန်ပါပဲ”

“နောက်ထပ်စီးရီးထွက်ဖို့ အစီအစဉ်ရှိတယ်ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



နော်"

"ဟုတ်ကဲ့ . . ရှိပါတယ် . . ထွက်မှာပါ . . စီစဉ်နေပါပြီ"

"အခု သီချင်းခွေတော်တော်များများကို အဆိုတော်တွေကိုယ်တိုင်တီးဝီမှာကြော်ငြာနေကြတာ တွေ့နေရတယ်လေ၊ သျှန်ရော . . အဲဒီလို လူကိုယ်တိုင်ကြော်ငြာဖို့လိုအပ်တယ်လို့ မထင်ဘူးလား"

"ကြော်ငြာဖို့လိုအပ်တယ်လို့ သျှန် ထင်ပါတယ်၊ ဒါမှ . . ပရိသတ်က ပိုပြီးသတိထားမိမှာလေ၊ လူကိုယ်တိုင်ကျတော့ အစီအစဉ်တော့ရှိပါတယ်၊ ဒါပေမဲ့ . . သျှန် စိတ်မရဲလှဘူး"

"ဘာဖြစ်လို့ စိတ်မရဲရတာလဲ၊ သျှန်က အရမ်းချောတာပဲ၊ ရုပ်ရှင်မင်းသမီးလုပ်ရင်တောင်ဖြစ်မှာ၊ အသံရော ရုပ်ရော ပြောစရာမရှိတဲ့ဟာ"

သျှန်၏ရယ်သံ ပိုမိုမြင့်တက်လာ၏။

"ကွာ . . အရေးထဲမြောက်နေပြန်ပြီ၊ ဟိုက စိတ်ဝါသွားရင်ဒုက္ခပါပဲ"

နောင်ရိုး ရင်တွေ တဒိန်းဒိန်း အခုန်မြန်လာ၏။





"မြှောက်တာမဟုတ်ဘူး ပေ့ကောင်၊ သျှန်က အကြည့်ခံတဲ့ရုပ်ကွ . . ချောတယ်၊ သေသေချာချာပြင်ဆင်လိုက်လို့ကတော့ ရုပ်ရှင်မင်းသမီးလုပ်လို့ရတယ် . . တကယ်ပြောတာ"

နောင်ရိုး၏အကြည့်မျက်စောင်းက မြင့်စန်းထံရောက်လာသဖြင့် မြင့်စန်းက တကယ်ပြောတာနှင့် စကားဆိမ်းချိန်မှာ . . သျှန်၏ ရယ်ပြော ပြောသံကို ကြားရတာ တစ်ဆက်တည်းဖြစ်လေသည်။

"သျှန်က . . အမူအရာမှ မလုပ်တတ်တာ . . ဘယ်ဖြစ်မှာလဲ"

"သရုပ်ဆောင်တဲ့အပိုင်းက ဒါရိုက်တာတွေက သင်ပေးကြတာပဲလေ . . လုပ်ရင်ဖြစ်မှာပါ၊ အခု . . ရှက်ရယ်ရယ်နေတာတောင် တော်တော်ကြည့်ကောင်းတာပဲ၊ ကိုယ့်သီချင်းကြော်ငြာမှာ ကိုယ်တိုင်ဝင်ရိုက်ကြည့်ပါလား၊ အဆိုတော်ရုပ်ရှင်မင်းသမီးဖြစ်လာဖို့ ပရိသတ်ကလည်း မျှော်လင့်တောင့်တကြမယ်လို့ထင်ပါတယ်"

"သျှန့်ကို ခုလိုအားပေးတာ ကျေးဇူးတင်ပါတယ်၊ ဖြစ်လာရင်တော့ အကောင်းဆုံးပဲပေါ့နော် . . သျှန်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးစားကြည့်ချင်ပါတယ်၊ ဒါပေမဲ့ . . သိပ်တော့မလွယ်ဘူးထင်တယ်၊ ရုပ်ရှင်ရိုက်ဖို့ ကံပါမယ်မထင်ပါဘူး၊ ရင်းနှီးရမယ့်ငွေက မနည်းတော့ စွန့်စားရဲကြမယ်မထင်ဘူး"

"သျှန့်အနုပညာအရည်အသွေးကိုယုံကြည်စိတ်အပြည့်နဲ့ စွန့်စားကြည့်ချင်တဲ့သူရှိလာရင် သျှန်က လက်ခံမယ်ပေါ့နော်"

"ဒီလောက်ကောင်းတဲ့အခွင့်အရေးကို သျှန် လက်မခံရင် သျှန့်လောက်မိုက်တာ ဘယ်ရှိပါ့မလဲနော်"

ရယ်မောပြောသံလေးက ကြည်လင်ရွှင်ပျစွာလွင်နေကာ နားထောင်ကောင်းလှလေသည်။

"ကွာ . . တော်နေကြာ . . ရုပ်ရှင်ရိုက်ချင်ပါတယ်ဆိုပြီး ကမ်းလှမ်းလာရင် ဒုက္ခပါပဲ"

နောင်ရိုးက ဆံပင်ထဲလက်ငါးချောင်းသွင်းကာ စိတ်ရှုပ်ထွေးစွာ ညည်း၏။

"ဟ . . ကောင်းတာပေါ့ကွ၊ ဒီလိုအခွင့်အရေးမျိုးရလို့တော့ ဘာပြောကောင်းမလဲ . . ရခဲဘိခြင်းဟာ . . မင်းက ဘာဖြစ်နေတာလဲ"





နောင်ရိုးမှုံစံကြည့်ပြီး . . မြင့်စန်း ရယ်၏။ သျှန်နှင့်အင်တာဗျူးသူတို့ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ကျေးဇူးတင်စကားပြောကြားနေကြပြီဖြစ်သဖြင့် မြင့်စန်းက ရေဒီယိုအသံတိုးလိုက်၏။

"ဘာလဲ . . မင်း စိတ်မချမ်းဖြစ်နေတယ်မဟုတ်လား နောင်ရိုး၊ မှန်မှန်ပြော . . ."

"အင်း"

နောင်ရိုးက ပင့်သက်ချသံဖြင့် 'အင်း'အသံထွက်၏။

"စိတ်မချမ်းတာတစ်ခုတည်းနဲ့တော့ ဘာမလုပ်ရဘူး ညာမလုပ်ရဘူးတွေ ပိတ်ပင်ရင် သျှန်ရဲ့ တိုးတက်အောင်မြင်ရေးလမ်းကြောင်းကိုပိတ်တာပဲ နောင်ရိုး၊ မင်း တားဖို့တော့စိတ်မကူးနဲ့"

နောင်ရိုး အသံထွက်အောင် ရယ်လေသည်။

"မင်း ငါ့ကို သိပ်အထင်ကြီးနေပြီ မြင့်စန်း၊ တားရအောင် ငါနဲ့သျှန်က ဘာမှပတ်သက်နေတာမှ မဟုတ်တာပဲ"

မြင့်စန်း . . အံ့ဩမျက်နှာ ပင့်ကြည့်လေသည်။

"မင်းတို့ချင်း ချစ်သူတွေဖြစ်နေကြပြီမဟုတ်လား နောင်



www.burmeseclassic.com

www.burmeseclassic.com



နှိုးရာ၊ ဒီလောက် တတွဲတွဲဖြစ်နေတာကြာပြီပဲ၊ ဖုံးဖိမနေနဲ့"

"သူငယ်ချင်းတွေကွာ . . သူငယ်ချင်းပုံစံမျိုးနဲ့ပဲ သျှန်က တွဲတာကွ၊ စွတ် အထင်ကြီးမနေနဲ့"

"တကယ်"

"တကယ်ပြောတာ၊ မင်းနဲ့ငါ ဒီလောက်ရင်းနှီးတာ ဘာဖုံးစရာလိုသလဲ"

"ဒါပေမဲ့ . . မင်း ကြွေနေတာ အသိသာချည်းပဲ နောင်နိုး၊ သျှန်ကိုယ်တိုင်ကလည်း မင်းကို သံယောဇဉ်ရှိတာ သိသာနေတာ၊ မင်းဖွင့်ပြောသင့်ပြီ . . ဘာလို့ ဖွင့်မပြောတာလဲ"

"ရှင်းရှင်းဝန်ခံရရင် . . ဖွင့်ပြောဖို့ ငါ အကြိမ်ကြိမ်ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ . . သူစိတ်ဆိုးသွားမှာ မခေါ် မပြောတော့မှာစိုးရိမ်စိတ်နဲ့ ငါ မျိုသိပ်ခဲ့တာ၊ ခုတော့ကွာ . . ."

နောင်နိုး စိတ်ရှုပ်စွာ ခေါင်းယမ်း၏။ ပြုနေတုန်းစံအတိုင်း ဆံပင်ထဲ လက်ငါးချောင်းထိုးဖွ၏။

"ဘာဖြစ်လဲ . . ခုတော့ . . ."





"သူ အောင်မြင်လာလေ . . ငါ ပြောမထွက်လေပဲ"

"အေး . . မထွက်နဲ့နော် . . မထွက်နဲ့၊ တော်နေကြာမှ ဒီထက်ဝေးသွားမယ် နောင်နိုး၊ သျှန်က ခုတောင် နာမည်ကျော်တော်လေးရနေပြီ၊ နောက်ထွက်မယ့်ခွေအတွက် ကြော်ငြာတောင် သူနဲ့ရိုက်မယ်ဆို . . မင်းပဲပြောတာ"

နောင်နိုး ခေါင်းညိတ်၏။

"အစီအစဉ်ရှိတယ်ကွ၊ ဓာတ်ပုံဆရာက သျှန်နဲ့ကြော်ငြာရိုက်ဖို့ကောင်းတယ်လို့ ဦးသန့်စင်ကိုပြောတာနဲ့ ဦးသန့်စင်က စီစဉ်တာ"

"ဒါဆို သေချာပြီ နောင်နိုး၊ မင်းတော့မလွယ်တော့ဘူး"

"ဘာလဲ . . ဒီထက်ထိအောင်မြင်ရင် ငါနဲ့အလှမ်းဝေးသွားမှာစိုးရိမ်လို့လား"

"ဒါပေါ့ . . ဒါပဲရှိတာပဲ"

"အဲဒီတော့လည်း ဘယ်တတ်နိုင်မလဲကွာ၊ ငါ့ကံတရားပဲပေါ့"

ပြောရင်း..နောင်နိုးအသံက တိမ်ဝင်နစ်မြုပ်သွားလေသည်။ 'သျှန်' ကြီးပွားတိုးတက်အောင်မြင်တာ မြင်ချင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်လှပါသည်။

သို့သော် . . တလှုလှုမြင့်တက်သွားသော စက္ကူ စွန်တစ်ခုလို သူနှင့်အလှမ်းကွာဝေးလျက် . . အမြင့်မှာရှိသော အခြားစက္ကူစွန်၏ကြိုးနှင့်ငြိတွယ်ဖြတ်တောက်ခံရမှာ စိုးကြောက် လှ၏။

နောင်ရိုး . . စိုးရိမ်ကြောက်ရွံ့သည့်အတိုင်း "ဖုန်းမြင့်နိုင်ငံ"ဟူသော လုပ်ငန်းရှင်ကြီးနှင့် 'သျှန်'တွေ့ဆုံခဲ့ခြင်း ဖြင့် နောင်ရိုးနှင့်သျှန်တို့ ဝေးကွာသွားစေဖို့ဖြစ်လာခဲ့လေသည်။

❀ ❀ ❀



အခန်း(၂၃)

'သျှန်'၏တေးစီးရီးကြော်ငြာတွင် 'သျှန်'ကိုယ် တိုင်ပါဝင်သရုပ်ဆောင်ခြင်းဖြင့် . . .

'သျှန်' ၏အမည်နာမကို ပိုမိုသတိထားမိသွား ကြ၏။

"ချောတယ်နော် . . အရမ်းချစ်ဖို့ကောင်းတာပဲ"

"လှလိုက်တာ"

ဆိုသောစကားကို မြင်တွေ့သူတိုင်းပြောကြ သည်အထိ သျှန်၏အလှ ဖုန်သားပြင်ထက်တွင် တောက်ပ နေကြသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဦးဆုံးရိုက်တာဗျ. ဒါပေမဲ့ . . ကြောင်မသွားဘူး။ တကယ်ကြည့်လို့ကောင်းတယ်၊ ခင်ဗျားကြည့်"

"ဘာလဲ . . ဒါရိုက်တာကြီးရေ . . ဒါရိုက်တာမျက်စိနဲ့ ကြည့်ပြီး ရုပ်ရှင်ရိုက်ဖို့များ စိတ်ကူးနေပြီလား"

'ဖုန်းမြင့်နိုင်'က ရယ်သွမ်းသွေးကာပြောခဲ့ခြင်းပဲဖြစ်၏။ 'သျှန်'နာမည်ကို တို့လူပြော ဒီလူပြောဖြင့် ကြားနေရ၏။ ကိုယ်တိုင်က သျှန့်ကို လုံးဝမတွေ့ဖူးသေးပါ။

တီဗီရှေ့မှာထိုင်ဖို့ သူ လုံးဝ ဝါသနာမပါတာ အမှန်ပဲဖြစ်၏။ စလောင်းရှေ့မှာထိုင်ပြီး သူကြည့်ချင်သော လိုင်းကို ရွှေ့ပြောင်းကြည့်ရတာလောက် ဘယ်လိုစိတ်ဝင်စားစရာကောင်းပါသလဲ။

"ဟာ . . စိတ်ကူးတာပေါ့ဗျာ၊ အနုပညာအရည်အသွေးရှိတဲ့သူကို . . မြှောင်မြှောက်ပေးချင်တယ်ဗျ။ ဒီကောင်မလေးက တကယ် Move သွင်းပြီးအလုပ်လုပ်တာ ရုပ်ရှင်သာရိုက်လို့ကတော့ မိုးပျံအောင်နာမည်ကြီးစေရမယ် . . မယုံရင် စမ်းကြည့်လိုက်ပါလား"

ဖုန်းမြင့်နိုင် သဘောကျစွာ ရယ်၏။

"ခင်ဗျားက ဒါရိုက်တာ၊ ခင်ဗျားစမ်းကြည့်ပေါ့ဗျ၊ အဲ့ဒါ





ကျွန်တော့်ဘက်လှည့်မေးတာလဲ"

"မေးရတယ်လေ . . ကျွန်တော်က အနုပညာစိတ်း . . တာ . . ငွေမှမရှိတာပဲ ဦးဖုန်းမြင့်နိုင်ရဲ့ အဲဒီတော့ ပြောင်ပဲပြောမယ်ဗျာ . . ရှင်းရှင်းပဲ၊ ခင်ဗျားက အရင်းအနှီးရှိတဲ့သူ . . ဒီလိုင်းထဲဝင်တိုးကြည့်ပါလား"

ဖုန်းမြင့်နိုင် ရယ်သံပိုမိုကျယ်လာ၏။

"မြှောက်ပေးနေပြန်ပြီ၊ ကိုယ့်လုပ်ငန်းနဲ့ကိုယ်တောင် ဦးနှောက်စားလှပြီဗျ၊ ဘယ်လိုလုပ် ဝင်တိုးဖို့အချိန်ရမှာလဲ"

"ဒါကတော့ဗျာ . . ကျွန်တော်တစ်ယောက်လုံးရှိတာပဲ၊ ကျွန်တော် အားလုံးကိုင်ပေးနိုင်ပါတယ်၊ ဒါက ယုံကြည်ရင်ပြောတာ၊ ကျွန်တော့်စိတ်ဓာတ်ကို ခင်ဗျားအသိဆုံးပဲ၊ ဒီအလုပ်လုပ်နေရရင်ပဲ ကျေနပ်နေတာဗျ၊ ငွေအရင်းအနှီးရှိလို့ကတော့ ဒီစကား ခင်ဗျား လုံးဝ ကြားရမှာမဟုတ်ဘူး"

ဖုန်းမြင့်နိုင်၏အရယ်မျက်နှာလေး လျော့ငြိမ်သက်၏။ ဒါရိုက်တာ ဦးထိပ်ခေါင်၏စိတ်ဓာတ်ကို ကြည်ညိုလေးစားစိတ်ရှိသူပီသစွာ . . စဉ်းစားရမယ့်ကိစ္စတစ်ခုအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတိုးဝင်၏။ စိတ်ဝင်စားဖွယ်ကောင်းသည်ဟု သူ မြင်လေသည်။

"ကျွန်တော်သာလုပ်မယ်ဆိုရင် ခင်ဗျားလုပ်ပေးမယ်ပေါ့ ဟုတ်လား ဦးခေါင်"

ထိပ်ခေါင်ဟူသောနာမည်မှ 'ခေါင်'ကို 'သူ'ခေါ်ခြင်းပဲဖြစ်၏။ ဦးထိပ်ခေါင်၏မျက်နှာက ဝင်းလက်သွားခဲ့လေသည်။

"ဒါပေါ့ . . ခင်ဗျားနဲ့ကျွန်တော်က ဒီစကားမျိုး ကတိကဝတ်ပြုနေရမယ့်သူတွေလားဗျာ၊ ပြောစရာတောင်မလိုပါဘူး။ ပရိုဂျူဆာသာရှိကြည့် . . ပွဲကပြတ်ပြီဗျ၊ ကျိန်းသေအောင်ပွဲခံရမှာ သေချာတယ်၊ ဟာ . . ရယ်ပြန်ပြီ၊ ဘာရယ်တာလဲ ကိုဖုန်းမြင့်ရဲ့"

"သြော် . . မြောက်ရင် မြောက်၊ မမြောက်ရင် ချောက်ထဲကျ . . ဒီနှစ်လမ်းပဲရှိတယ်များပြောတော့မလားလို့ဗျာ ကြိုတွေးရတာလေ"

ရယ်သံဖြင့်ပဲပြောလေသည်။

"ဟာ . . ဖွ၊ ဘာလျှောက်ပြောတာလဲ၊ ထိပ်ခေါင်ဗျ . . ကိုယ့်နာမည်ကိုယ် အပျက်ခံမယ့်အလုပ် ဘာအလုပ်မှ





မလုပ်ဘူး . . စိတ်ချ၊ ခင်ဗျားသာ စိတ်ဝင်စားရင် ပြီးပြီဗျာ၊ ကောင်မလေးအခြေအနေကို ခင်ဗျားကြည့်ဦးလေ၊ ဒီည တီဗီကြည့်ကြည့်ပါလား"

"ဟား . . ထိုင်စောင့်ကြည့်ရလောက်အောင် ကျွန်တော့်မှာအချိန်ပိုမရှိတာ ခင်ဗျားသိသားနဲ့ဗျာ"

"ဒါဖြင့် . . ကျွန်တော်ကူးထားပေးမယ်၊ ခင်ဗျားစိတ်ဝင်စားသလား . . ဒါပဲပြော"

"ဆိုပါတော့ . . ခင်ဗျားလို အဓိပတိထိပ်ခေါင်ရဲ့စကားကိုမှ စိတ်မဝင်စားရင် ဘယ်သူ့စကားကို စိတ်ဝင်စားရမလဲဗျ"

"ဟာ . . ခင်ဗျား အမှန်တရားတွေ တော်တော်မြင်တတ်လာပြီပဲ ကိုဖုန်းမြင့်ရ . . ဟင်"

ဦးထိပ်ခေါင်၏ ပီတိဖြင့်ရယ်သံ၊ ဦးဖုန်းမြင့်နိုင်၏ရယ်သံနှစ်ခု ကြည်မွေ့စွာဖြစ်ထွန်းခြင်းက . . .

ပြည့်ဝသျှန်၏အောင်မြင်မှုအတွက် မြစ်ဖျားခံရာ အခြေခံပဲဖြစ်လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၄)

နောင်ရိုးကိုမြင်တာနှင့် ဒေါ်တင်တင်က အပြေးအလွှားပြေးထွက်လာခဲ့၏။

"ဟယ် . . နောင်ရိုး၊ နင် သိပြီးပြီလားဟင်၊ သိပြီလား သျှန့်အကြောင်း . . ."

"ဟင် . . သျှန် ဘာဖြစ်လို့လဲ"

အိမ်ပေါ် လှမ်းတက်လာခဲ့သော နောင်ရိုး၏ခြေလှမ်းတွေ တုံ့ခနဲဖြစ်၏။ ရင်ဘ ဒိန်းခနဲ ခုန်၏။ မျက်စိအကြည့်က သျှန့်၏အခန်းဘက်ရောက်၏။

သျှန့်၏အခန်းတံခါးက ဖွင့်လျက်အနေအထား



www.burmeseclassic.com

www.burmeseclassic.com



မှာပဲရှိပေမဲ့ . . သျှန် ရှိ၊မရှိ မသေချာပေ။

သျှန်နှင့်ကြီးကြီးတင်က တစ်ယောက်တစ်ခန်း နေတယ်ဆိုပေမယ့် နှစ်ယောက်တစ်အိမ်နေသလိုပူးပေါင်းနေထိုင်တာမျိုးဖြစ်နေသဖြင့် သျှန်က အပြင်ထွက်လျှင် တံခါးပိတ်သွားကျင့်မရှိဘဲ ဖွင့်ထားစမြဲဖြစ်၏။

"သျှန့်ကို . . သျှန့်ကို . . ရုပ်ရှင်ရိုက်တော့မှာတဲ့"

"ဟင်"

နောင်ရိုး၏ရင်မှာ ဒိန်းခနဲဖြစ်၏။ ဝမ်းသာစွာ လှိုက်ခနဲဖြစ်ပြီးမှ ရင်ထဲ ဟာဆင်းသွားသလို ခံစားရ၏။

ထင်သည်။ ဒီလိုပဲဖြစ်လာလိမ့်မယ်ဟု ထင်ခဲ့တာ . . ခုတော့ . . ဖြစ်ပြီလေ။

"သျှန် . . ဘာမှလည်း ကျွန်တော့်ကိုမပြောပါလား"

ဝမ်းနည်းသံမပါစေဖို့ အသံကို ထိန်းပြောရလေသည်။

"ပြောရအောင် . . မင်းက ခရီးထွက်သွားတယ်ဆို၊ အမယ်လေး . . သျှန်မပြောနဲ့၊ ကြီးတင်တောင် ပျော်တယ်ကွဲ့၊ သူဌေးက ငယ်ငယ်လေးပဲရှိသေးတယ်၊ ဒါရိုက်တာနဲ့ နှစ်ယောက်လာပြီး စကားပြောဆိုသွားကြ





တာ"

"ခုရော . . သျှန် ဘယ်မှာလဲ"

"သူဌေး . . လာခေါ်သွားတယ်၊ မိတ်ကပ်ပြင်ပြီး အစမ်းရိုက်ကြည့်မယ်ဆိုသလားကွယ်"

နောင်ရိုး ပင့်သက်ချလေသည်။

"ဟာကယ်ဆို . . ကြီးကြီးတင်ကိုပါ သူ အဖော်ခေါ်သွားတာမဟုတ်ဘူး"

စိတ်မချနိုင်စွာ နောင်ရိုးဆို၏။

"အမယ်လေး . . ခေါ်လို့ကတော့ ကြီးကြီးတင်လိုက်တာပေါ့ကွယ်၊ ခုဟာက . . မိတ်ကပ်ပြင်မယ့် ခပ်နွဲ့နွဲ့လူလည်းပါလာတော့၊ စကားပြောတတ်ဆိုတာ နားထဲအမြင်ကတ်တာနဲ့ လိုက်ဖို့သတိတောင်မရပါဘူး၊ သျှန်လည်းလာခေါ်တယ်ဆိုတာနဲ့ ကပျာကယာလိုက်သွားတာ . . ခေါ်ဖို့သတိဘယ်ရရှာမလဲ"

"ဘယ်သွားကြတယ် ပြောသလဲ"

သျှန်နှင့်တွေ့ချင်သည်။ မြင်ချင်သည်။ စကားတွေပြောချင်စိတ်က တားဆီးမရအောင်ဖြစ်ထွန်း၏။

"မပြောတတ်ဘူး . . မိတ်ကပ်ပြင်ပြီး အစမ်းရိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မယ်ပြောတာတောင် သူတို့ပြောသံဆိုသံကြားနဲ့ ကြီးတင်ပြောတာ၊ ကြီးတင် ဘာသိမှာလဲ"

နောင်ရိုး စိတ်မောစွာ ပင့်သက်ချ၏။ လှေကားပေါ်မှ လေးတွဲ့စွာဆင်း၏။

"ဟဲ့ . . ပြန်တော့မှာလား၊ လာလေ ထိုင်ဦး . . ကြီးတင်လက်ဖက်သုပ်လိုက်မယ်၊ ဒီကပဲစောင့်ပါလား"

"ဟင့်အင်း . . သွားမယ် ကြီးကြီးတင်၊ ဒီကနေထိုင်စောင့်လည်း ပင်ပန်းတာပဲရှိမယ်၊ တော်ရုံနဲ့ပြန်ရောက်မှာမဟုတ်ဘူ"

"အေးလေ . . ဒါဖြင့်လည်းသဘောပဲ၊ သျှန်လာရင်နောင်ရိုး ခမိုးယွက်တာပြန်လာပြီဆိုတာ ပြောပြထားလိုက်မယ် . . ဟုတ်လား"

"ဟုတ်ကဲ့"

နောင်ရိုးကိုတားမရ၍သာ လွှတ်လိုက်ရသည်။ ဒေါ်ဒေါ်တင်ကျတော့ တစ်ယောက်တည်းပျင်းနေသူပီသစွာ လက်ဖက်သုပ်စားရင်း သျှန့်အကြောင်း စကားပြောချင်နေသည်။ သူဌေးဆိုသည့်လူငယ်က လူပျိုလူလွတ်ဟုတ်မဟုတ် ဖြစ်နေမလားသိချင်သည်။





သျှန့်ကိုကြည့်သောအကြည့်က ဘယ်လိုမှ နိုးသားခြင်းမရှိတာကြောင့် သျှန့်၏ရုပ်ရည်အဆင်းကို သဘောကျကာ 'စင်'တင်ပေးတာလား၊ ဟိုအာရင်ကတည်းက ရုပ်ရှင်ရိုက်နေသူ ကုမ္ပဏီပိုင်ရှင်လား စုံစမ်းမေးမြန်းချင်နေလေသည်။

ပြီးတော့ . . .

သျှန့်အပေါ်မှာ နောင်ရိုး အနစ်နာခံ၊ အနွံအတာခံကာ စွဲလမ်းချစ်ခင်နေသမျှ ရိပ်မိသိရှိပြီးဖြစ်သဖြင့် . . သူဌေး၏ အကြည့်နက်ရှိုင်းစိတ်ဝင်စားမှုကို သတိပေးချင်သည်။

သျှန်နှင့် အမြန်ဆုံးလက်ထပ်လို့ရလျှင် လက်ထပ်ထားလိုက် ဘာလိုက် ညာလိုက် အကြံပေးချင်သည်။

ဗွန်း . . ခုတော့ . . ကောင်းတယ် . .

ပြောချင်သည့်စကားတွေ ပြောခွင့်မရလိုက်ခြင်းအတွက် ဒေါ်တင်တင်၏ရင်ထဲမှာ ကသိကအောက်ဖြစ်၏။

"ဟင်း . . ဟိုသူဌေးက သူ့ထက်အစစ သာနေတာပဲ၊ နှစ်ယောက်ယှဉ်ရွေးလို့ကတော့ . . ဟိုကိုပဲရွေးမှာပေါ့၊ ဒင်းကိုရွေးမလား . . ဝေးသေး"

မိမိကို အရေးမစိုက်ရကောင်းလားဟူသော စိတ်ဖြင့် ဒေါ်တင်တင် မှဲ့ရှုံ့ကာ တစ်ယောက်တည်း ခပ်တိုးတိုး

www.burmeseclassic.com



ပြောရင်းက တစ်စုံတစ်ခုကို သတိရစွာ မျက်လုံးဝိုင်းသွား၏။

ဘုရားရေ . . .

သျှန် ချစ်ရှင်မင်းသမီးဖြစ်ရင် ဝီအိမ်ကလေးမှာ တယ်နေတော့မလဲ . . ဘုရား . . ဘုရား . . .

ယခုမှ . . သတိရစွာ စိုးရိမ်ကြောင့်ကြလျက် ဘုရား 'တ'မိလေသည်။ သျှန့်လိုတစ်ယောက်တည်းသမားရဖို့တာ မလွယ်လှတာလေ။



## အခန်း(၂၅)

တူထဲကြီးမားလှပသော အယ်လ်ဘမ်ကြီးထဲမှာ ပုံစံအမျိုးမျိုးဖြင့်ရိုက်ထားသော သျှန်၏ဓာတ်ပုံတွေတာ လှပလှ၏။

သျှန်က နဂိုကတည်းကလှပသူဖြစ်၏။ မိတ်ကပ်ပညာဖြင့် ခြယ်သမွမ်းမံလိုက်သောအခါ သျှန်၏အလှက ကြွတက်လျက် ပိုမိုပေါ်လွင်လာလေသည်။

ဓာတ်ပုံတွေကြည့်နေသော နောင်ရိုးနံဘေးမှာ သျှန် ဝင်ထိုင်လိုက်စဉ်မှာ . . သင်းပျံမွှေးကြိုင်သောရေမွှေးနံ့က နောင်ရိုး နှာခေါင်းထဲတိုးဝင်လာခဲ့၏။

ဟိုးအရင်တုန်းကလို ရှင်မတောင်သနပ်ခါးနံ့



www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းကလေးနဲ့ပဲ ရင်အေးချင်ပါတယ် သျှန်ရယ်။

နောင်ရိုး ပင့်သက်မောချ၏။ မြတ်နိုးစွာချစ်ခဲ့ရသော သျှန်၏ဘဝကို ရိုးသားအေးဆေးသောဘဝထဲမှာပဲ သိမ်မွေ့စွာ မြင်တွေ့ချင်၏။

ယခုတော့ . . .

နောင်ရိုး ချစ်ခဲ့သော သျှန်က လျှမ်းလျှမ်းတောက်အောင်မြင်တော့မည့် အနုပညာကြယ်တစ်ပွင့်ဖြစ်ဖို့ သေချာလေသည်။

ရုပ်ရှင်ကားကြီးစတင်ရိုက်ကူးနေစဉ်မှာပင် လာရောက်ကြည့်ရှုလေ့လာသော ပရိုဂျူဆာ၊ အကဲခတ်ကြည့်ရှုသော ဒါရိုက်တာကြီးများကိုယ်တိုင်က . . "တော်လိုက်တာ"ဟု ချီးကျူးကြရသော 'သျှန်'ဖြစ်ခဲ့ပြီ။

သျှန့်ကိုကားရိုက်နေစဉ်မှာပင် ဖိုက ဒီက ဝိုင်းဝန်းငှားရမ်းသည်အထိ ဖြစ်လာတာကျတော့ . . ဘယ်သူမှာမှ မရှိဖူးသော စန်းက သျှန့်ကျမှ မျက်နှာသာပေးရာရောက်သည်ဟုပဲ ဆိုရမလားမသိပါ။

"လှလားဟင် . . နောင်ရိုး၊ ဘယ်ပုံလှသလဲ"

"အားလုံးကောင်းပါတယ် သျှန်ရဲ့၊ နင်က လှပြီးသားပဲ





ဟာ"

"မဟုတ်ပါဘူး . . နင်ကြိုက်တာတစ်ခုရွေးဖို့ ငါပြောတာ"

"ဘာလုပ်မလို့လဲ"

"နင်ယူသွားဖို့လေ၊ နင့်ကို ငါ လက်ဆောင်ပေးမလို့"

"ဘာလဲ . . နင်က ဘယ်သွားမှာမို့လဲ"

"ဘယ်သွားမှာမှတော့ မဟုတ်ဘူးပေါ့ဟာ၊ အမှတ်တရ အဖြစ်နဲ့ပေးတာ၊ မယူလည်းနေလေ . . မပေးဘူး . . မယူနဲ့တော့"

နောင်ရိုး ယဲ့ယဲ့ပြုံးရင်း ခေါင်းယမ်း၏။

"ဘာလဲ . . ငါ့ကို နင့်ပရိသတ်လိုသဘောထား လက်မှတ်ထိုးပေးဦးမှာလား သျှန်ရဲ့"

"နေဟာ . . မယူရင်နေ၊ ငါက ဘာကယ့်စိတ်ရင်းနဲ့ နင့်ကို ပေးတာ နောင်ရိုးရဲ့၊ အထွန့်တက်မနေနဲ့"

"အထွန့်တက်တာ ဟုတ်မလားဟာ၊ နင်က နာမည်ကြီးလာတော့ နင်လက်မှတ်ထိုးထားတဲ့ဓာတ်ပုံကို လိုချင်တဲ့ သူတွေ ဝိုင်းဝိုင်းလည်နေတာဆိုတော့ မေးရတာ"

"နင့်ကို ပရိသတ်ထဲရောသွင်းရအောင် နင်က ပရိသတ်မှမဟုတ်တာ နောင်ရိုးရဲ့၊ ငါ့ရဲ့ . . အကောင်းဆုံး

www.burmeseclassic.com



သူငယ်ချင်းအဖြစ်နဲ့ ငါမေးနေတာ သိရဲ့လား"

နောင်ရိုးသဘောကျစွာ ရယ်မောပစ်လိုက်လေသည်။

"ဟုတ်လား . . ငါက နင့်အခင်ဆုံးသူငယ်ချင်း ဟုတ်လား . . ဟုတ်သေးရဲ့လား"

သျှန် ဒေါသတကြီး ဖြစ်သွားလေသည်။

"ဘယ်လိုဖြစ်လို့ တာလီနေ ရိနေရတာလဲ နောင်ရိုး၊ ဘာလဲ နင်က ငါ ရှပ်ရှင်ရိုက်တာကို မကြိုက်ဘူးလား"

"ဟား . . ဘာမကြိုက်စရာရှိသလဲဟာ"

"ဒါဖြင့် . . ဘာလို့စကားကောင်း မပြောတာလဲ"

"နင်ထင်လို့ပါ . . ငါပြောတာ စကားကောင်းတွေချည်းပဲ၊ နင်နဲ့ငါ အခင်ဆုံးဖြစ်နေပြီးတော့ နင်အိမ်ပြောင်းတာ . . ကားဝယ်တာကအစ တစ်ခုမှ ငါမသိရလောက်အောင် နင် စိမ်းသွားတာကိုတော့ ငါမပြောရတော့ဘူးလား"

သျှန် ခဏမျှ ငြိမ်သက်သွား၏။ ပြီးမှ . . ပင့်သက်ချကာ နောင်ရိုးမျက်နှာကို ကြည့်၏။

"ငါကိုယ်တိုင်တောင် ကြိုတင်မသိတဲ့ကိစ္စ နင့်ကို ဘယ်လို



ပြောရမှာလဲ နောင်ရိုးရဲ့"

ဦးဖုန်းမြင့်နိုင် ချစ်ရေးဆိုတာ သျှန် ငြင်းဆန်နိုင်ဖို့ထက် တုံ့ပြန်ဖို့ပဲ လိုအပ်ပါသည်။

သျှန်နှင့် ရင်းနှီးသိမြည်ခွင့်ဖြစ်လာဖို့ ဦးဖုန်းမြင့်နိုင်က အဓိကဖြစ်၏။ သူ၏ ကြီးမားလှစွာသော ငွေရင်းနှီးထုတ်မှု . . စွန့်စားမှု . . ကြိုးစားအားထုတ်မှုများအပေါ် ငဲ့ညှာအားနာစိတ်ဖြင့် သျှန် . . ခေါင်းညိတ်ခဲ့တာ . . နောင်ရိုး သိအောင် မပြောခဲ့ပေ။

"ဟင် . . နင်တောင်မသိဘူး၊ ဒါဖြင့် . . ဒါတွေ(ကားကို လက်ညှိုးထိုးပြ၏)က ဘယ်လိုက ဘယ်လိုရောက်လာတာလဲ သျှန် . . ဦးလေး ဦးသန့်စင်ဝယ်ပေးတာတော့ လုံးဝမဖြစ်နိုင်ဘူး"

နောင်ရိုး ရှုရှုရဲရဲဖြစ်တာ ဒေါသတကြီးဖြစ်တာ သျှန် ပထမဦးဆုံးအကြိမ်အဖြစ် မြင်တွေ့ဖူးခြင်းပဲဖြစ်၏။

"မှန်မှန်ပြောဟာ . . မှန်မှန်ပြော၊ နင့်ကိုဟိုသူဌေးဆိုတဲ့လူ ဝယ်ပေးတာမဟုတ်လား"

သျှန် မျက်လွှာချ ငြိမ်သက်သွားမှုက နောင်ရိုးရင်ထဲမှာ တစ်ဖြစ်ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



"သျှန် . . သျှန်ရယ်၊ နှင် . . နှင်ဟာ အောင်မြင်မှုတစ်ခု အတွက် နှင့်ဘဝကို နှင် အဆုံးခံတဲ့အထိမိုက်ရသလား ဟင် . . မိုက်တွင်းနက်ရသလား"

သျှန်၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြောပုံက ကိုင် ပေါက်လိုက်မလားထင်မှတ်ရလေသည်။

သျှန်ကနောင်မိုးလက်ကို တွန်းလိုက်၏။

"ဘာ . . မိုက်တွင်းနက်တာလဲ၊ နှင် မဟုတ်တဲ့စကားနဲ့ ငါ့ကိုမစော်ကားနဲ့ နောင်မိုး၊ ငါက ငါ့သိက္ခာကို ငါထိန်း တယ်၊ မဟုတ်တာ တစ်ခုမှ မလုပ်ဘူး"

"ဒါဖြင့် . . ဒီလူက ဘာဖြစ်လို့ ဒါတွေဝယ်ပေးတဲ့အထိ လိုက်လျှောရတာလဲ . . ပြောပါဦး"

"ပြောမယ် . . ငါ သူ့အချစ်ကို လက်ခံလိုက်ပြီလေ၊ ငါက သူချစ်သူပဲ နောင်မိုးရဲ့၊ ငါ့အတွက် သူ အဆင်ပြေဆုံး ဖြစ်ဖို့ ဝယ်ပေးတာ၊ ချစ်သက်လက်ဆောင်ပေးတာ ငါ ငြင်းလို့ရမှာလား"

နောင်မိုး . . တောက်ခေါက်လေသည်။

"အေး . . . မငြင်းနဲ့ ယူပေါ့ . . ယူ၊ နောက်ထပ် နှင် ငြင်းလို့မရအောင် သူက နှင့်ကို တိုက်တွေကားတွေ





ငွေတွေ ဂုဏ်တွေနဲ့ ဖိထားလိုက်လိမ့်မယ် သျှန်၊ အဲဒီ အတွက် နှင်ပေးဆပ်ရမှာက နှင့်ဘဝတစ်ခုလုံးပဲဆိုတာ နှင် သိထားဖို့လိုမယ်"

သျှန်၏ လက်က မြှောက်တက်သွား၏၊ နောင် မိုးပါးတစ်ခြမ်းလုံး ပူထူသွားခဲ့လေသည်။

"ဘာဖြစ်လဲ . . ငါက သူ့အချစ်ကိုလက်ခံပြီးမှတော့ ငါက သူ့ချစ်သူပဲ နောင်မိုး၊ ငါတို့လက်ထပ်ရင် ငါ့ဘဝ တစ်ခုလုံးကို သူပိုင်ဆိုင်ခွင့်ရသွားမှာပဲ၊ အဲဒါ ဘာဖြစ် သလဲ . . နှင် မနာလိုဖြစ်မနေနဲ့"

သျှန်က ပြောပြောဆိုဆို လက်ကိုင်အိတ်ကို ကောက်ယူကာ ပြေးဆင်းသွား၏။

မြင့်စန်းနှင့်လှေကားရင်းမှာဆုံတွေ့သည့်တိုင် မြင့်စန်းကို နှုတ်ဆက်မနေဘဲ ကားပေါ် အပြေးတက် မောင်းထွက် သွား၏။

"ဟ . . တယ်ဟုတ်ပါလား၊ ကားတောင်မောင်းတတ် သွားပြီပဲ"

မြင့်စန်း မျက်လုံးပင့် အိမ်ပေါ် တက်လာ၏။

"ဘာလဲ . . ဘာတွေ ကြည်မလင်ဖြစ်သွားတာလဲ၊ မင်း



www.burmeseclassic.com

ခုကောင်မလေးက ငါ့ဆောင် နှုတ်ဆက်မသွားဘူး"

ပြန့်ကျဲနေသော ဓာတ်ပုံ၊ နောင်ရိုး၏မျက်နှာသေလေးကိုကြည့်ကာ အဆင်မပြေတာ ရိပ်မိလေသည်။

"အလကားကွာ . . ဟိုလူနဲ့ပတ်သက်ပြီး ပြောလိုက်တာနဲ့ ငါ့ကို စိတ်ဆိုးသွားတာ"

နောင်ရိုးက ကျနေသောဓာတ်ပုံကို ကောက်ယူသိမ်း၏။

"ဖုန်းမြင့်နိုင်ဆိုတာနဲ့ ယူထားပြီလိုလို ပြောနေကြတာပဲ နောင်ရိုး၊ အပြင်မှာအတင်းတွေ ပျံ့နေတာ ကောလဟာလတွေဆိုပါတော့"

"ဖုန်းမြင့်နိုင်နဲ့ ချစ်သူတွေဖြစ်နေကြပြီဆိုတာတော့ ငါ့ကို ဖန်ခံသွားတယ် မြင့်စန်း၊ ယူ . . မယူတာတော့ ငါ မသိဘူး"

"တရားရုံးမှာလက်ထပ်တဲ့နေ့ရက် အချိန်နာရီကအစ ရွတ်ပြဖို့လိုရင် ရွတ်ပြနိုင်တဲ့သူ ရှိတယ်၊ အဲဒီလူက တော်တော်ကိုသိထားတဲ့ပုံပဲ"

နောင်ရိုး အံ့ဩမင်သက်ကာ ငြိမ်သွား၏။

"သူ့အမြင့်တက်ဖို့ သူတက်တဲ့လှေကားပဲလေ၊ တရား





ဝင်ယူတယ်ဆိုတော့ ငါ စိတ်အေးသွားတယ်"

"မင်း . . သူ့ကို တော်တော်ချစ်ခဲ့တာပဲ"

မြင့်စန်း အံ့ဩစွာပြော၏။

"မင်း နားလည်သလို . . သူ နားလည်ရင်ကောင်းမှာပဲ။ အေးလေ . . ဖူးစာမပါလို့လို့ပဲ အောက်မေ့ပါတော့မယ်"

"အမိက,ကတော့ မင်းညံ့တာပဲ နောင်ရိုး၊ မင်းက ကိုယ်ချစ်တာကို ရင်ထဲထည့်သိမ်းထားပြီး ဖွင့်ပြောခဲ့တာမှ မဟုတ်ဘဲ"

"တော်ကွာ . . မပြောနဲ့တော့၊ ငါနဲ့ယူရင် သူ့ဘဝ နစ်မွန်းမှာ . . အခု သူလိုချင်တာတွေ ဖြစ်ချင်တာတွေ ဖြစ်နေပြီပဲ၊ ငါ ကျေနပ်ပါတယ်"

"ကွာ . . မင်း၊ ကောင်းတယ် . . ကျန်ခဲ့တာပဲကောင်းတယ်"

မြင့်စန်းထံမှ ပျစ်ပျစ်နှစ်နှစ်ဆဲသံကြားရ၏။ နောင်ရိုးက အံ့ဆွဲထဲမှာထည့်သိမ်းထားသော ဓာတ်ပုံကို ထုတ်ယူ၏။

ဪ . . သျှန်နှင့်သူ ခေါင်းချင်းဆိုင်ရယ်မောနေသောပုံ။

www.burmeseclassic.com



'အမှတ်တရပေါ့'ဟု ပြောဆိုရိုက်ခဲ့သောပုံက တကယ့်ကို အမှတ်တရဖြစ်ကျန်ရစ်၏။

သျှန်ရော . . .

သူလိုပဲ အမှတ်အတာရအဖြစ် သိမ်းထားသေးရဲ့လား။ သူ . . မသိပါ။



## အခန်း(၂၆)

သျှန်နှင့်သူ ဒီလိုပုံစံမျိုးဖြင့် ဝေးကွာသွားရလိမ့်မည်ဟု နောင်ရှိး လုံးဝကို မထင်မှတ်ထားခဲ့ပါ။ သျှန်နှင့်သူ တွေ့ဆုံဖို့အခွင့်အရေးနည်းပါးသွား၏။

သျှန့်ကို သတိတရရှိလွန်းသောအခါ . . သူ ဝါးရိပ်သို့သွားခဲ့၏။

"ဩော် . . ဘယ်သူလဲလို့ . . မင်းကိုး"

ဦးချစ်ပိုက သူ့ကိုမြင်တာနှင့် မှတ်မိ၏။

"ဟုတ်ကဲ့ . . သျှန့်အမေရော ပြန်ရောက်နေပြီလား ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်ပိုက ဒေါသဖြင့်ကြည့်၏။

"ဘာလုပ်ဖို့လဲ မင်းက၊ ဘာလဲ . . မင်းကို သျှန်က မေးခိုင်းတာလား"

"မဟုတ်ပါဘူး . . ကျွန်တော် သတိရလို့ မေးကြည့်တာ"

"အေး . . မင်းကသာ သတိရမယ်၊ သူကတော့ သတိရတဲ့ပုံမပေါ်ပါဘူး၊ မြည်နှင့်အေးစာနီးက ခေါ်ခိုင်းခဲ့သေးတယ် ရောက်မလာခဲ့ဘူး"

"နယ်တွေဘာတွေ ကားသွားရိုက်နေရတာမျိုးမို့ မလာတာဖြစ်မှာပါ၊ သူက ခရီးထွက်ရတာ များတယ်"

"တွေ့သေးလား . . သူနဲ့"

"မတွေ့ဖြစ်ကြတော့ပါဘူး"

တကယ်တော့ 'သျှန်' ကားရိုက်နေသည့်နေရာနှင့်အနီးဆုံးမှာရောက်နေလျှင် သျှန့်ကို မြင်တွေ့လိုစိတ်ဖြင့် တိတ်တခိုး သွားချောင်းကြည့်ခဲ့၏။

ပိန်သွားတယ် . .

ပြည့်လာတယ် . .

ဆိုတာလောက် သိရတာနဲ့ပဲ သူ ကျေနပ်ခဲ့၏။ သျှန့်ကို သူ မျက်နှာမပြခဲ့ပါ။





"ဝါးရိပ်ကိုရော မလာဘူးလား"

"ဝေးပါကွာ . . မင်းသမီးဖြစ်တာမှ နာမည်ကြီးမင်းသမီးဖြစ်နေတာ၊ ဝါးရိပ်မှာ နေခဲ့ထိုင်ခဲ့ဖူးတာ ဘယ်မှာ လူသိခံချင်မလဲ၊ ဒီတော့ . . မလာဘူးပေါ့"

"ဪ"

"မင်းက သူလာမယ်မှတ်လို့လား"

"စိတ်ထဲမှာ သတိရလို့ မေးကြည့်တာပါ"

ဦးချစ်ပို ရယ်နေလေသည်။

"မင်းတောင် ခုမှရောက်လာခဲ့တာလေ"

"ကျွန်တော်လည်း အလုပ်ထဲနစ်ဝင်နေလို့ မရောက်ဖြစ်တာပါ"

"အလုပ်က အဆင်ပြေသလား"

"ကြိုးစားနေရတာပဲ ဦးရဲ့"

"အေးကွ . . ကြိုးစားတာကတော့ ကြိုးစားရမှာပဲ၊ လုံ့ထမ်းလာတာသာမြင်ရတယ်၊ ကံထမ်းလာတာမမြင်ရဘူးဆို မဟုတ်လား၊ ကြည့်လေ . . သျှန် အောင်မြင်သွားတာမှ . . လားလား . . နည်းနည်းမှမဟုတ်တာ"

ဦးချစ်ပိုအသံမှာ အားရ ဝမ်းသာနေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်းမာမျက်နှာက လျော့ကျ၏။ ပြုံးလိုက်သလားတောင်ထင်ရ၏။

လူကြီးဖြစ်သောကြောင့် စိတ်ဆိုးစရာရှိ စိတ်ဆိုးခြင်းသာရှိ၏။ သံယောဇဉ်ကြီးမားစွာ သျှန် အောင်မြင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်တာပေါ် လွင်လေသည်။

"ဒါနဲ့ . . အပြင်မှာပြောနေကြတဲ့စကားတွေ မင်းကြားသလား"

"ခင်ဗျာ . . ဘာအကြောင်းတွေလဲ ခင်ဗျ"

"သျှန်ကွာ . . အိမ်ထောင်ရေး သိပ်အဆင်မပြေဘူးဆိုလား‌ပဲ၊ အပြင်မှာပြောကြဆိုကြတာ ကြားနေရတယ်။ သူ့ယောက်ျားက တော်တော်ပိုက်ဆံရှိဆို . . မင်းသိမှာပါ"

နောင်ရိုး သက်ပြင်းရှိုက်ချ၏။

"ကောလဟာလတွေဖြစ်မှာပါ ဦးရယ်၊ နာမည်ကြီးတဲ့ မင်းသားမင်းသမီးတွေဆိုတော့ ပရိသတ်က ဂရုစိုက်ကြတယ်၊ အဲဒီတော့ . . အတွင်းရေးအထိ နှိုက်နှိုက်ချွတ်ချွတ်သိချင်ကြ ပြောချင်ကြ ဆိုချင်ကြတယ်၊ အဲဒီတော့ တောပြော တောင်ပြော ပြောကြတာပါ။ အဟုတ် ဟုတ်





ချင်မှဟုတ်မယ်"

"မဟုတ်ရင်တော့ ကောင်းတာပေါ့ကွာ၊ တို့က ကြားတယ် ဆို စိတ်မကောင်းတာပဲတတ်နိုင်တယ်၊ ဘာမှ မတတ်နိုင်ဘူးလေ၊ သူ့အမေတုန်းကလည်း အိမ်ထောင်ရေး ကံမကောင်းခဲ့တော့ စိတ်ပူရတာပဲ"

"ဦးလေး ဦးသန့်စင်က သျှန့်ကို ပြန်ကြည့်ပေးဖော်ရလို့ သျှန် ဒီအဆင့်အထိရောက်သွားခဲ့တာပဲ ဦးလေးရဲ့"

ဦးချစ်ပို ခေါင်းညိတ်၏။

"အေးကွဲ့ . . ပစ်ထားတုန်းက ပစ်ထားခဲ့ပေမယ့် ကြည့်ရှုဖော်ရတာ တော်သေးရဲ့ အောက်မေ့ရတာပဲ၊ အပြုံးကျတော့ ဒါတွေ ဘယ်သိမလဲ၊ လူဆိုတာ ကိုယ်ခံစားခဲ့ရတဲ့ဝေဒနာ ကိုယ်သာအသိဆုံးလေ၊ စိတ်နာရှာတာပေါ့"

စကားပြောရင်းက သျှန်၏မိခင်ထံ စကားရောက်၏။ ဒီလိုနှင့် သျှန်နှင့်ဝတ်သက်ဆက်စပ်နေခဲ့ဖူးသော ပါးရိပ်သို့ နောင်ရိုး မကြာခဏ ရောက်လာတတ်တာ 'သျှန်'သိနိုင်ခြင်းပဲဖြစ်လေသည်။

တစ်ခါတစ်ရံ . . အရင်ဘဝလေးကို သတိရစွာ



www.burmeseclassic.com

www.burmeseclassic.com



နောဝ်ရိုးကိုခေါ်လျက် ဝါးရိုပ်မှာဆုံတွေ့ခဲ့ကြလေသည်။ နောင်ရိုးနှင့် ဟိုတုန်းကအကြောင်း စကားပြောဆိုခြင်းက သျှန့်အတွက် စိတ်ထွက်ပေါက်တစ်ခုပဲဖြစ်လေသည်။

❀ ❀ ❀



## အခန်း(၂၉)

လောကမှာ ငွေကြေးချမ်းသာ၊ စည်းစိမ်ဥစ္စာပြည့်စုံလျှင် အစစအဆင်ပြေချောမွေ့မည်ဟု သျှန် ထင်ခဲ့ပါသည်။

သျှန်၏နာမည်ဂုဏ်သတင်းကြီးမြန့်ထင်ရှားကျော်စောခြင်းက ခင်ပွန်းဖြစ်သူ၏ပံ့ပိုးကူညီပေးခဲ့မှုကြောင့်ဟူသောစိတ်ထားဖြင့် ဖုန်းမြင့်နိုင်အပေါ် သျှန် ရိုကျိုးလေးစားစိတ်ဖြင့် အလေးထားဆက်ဆံခဲ့ပါသည်။

သျှန့်အလုပ်က နေ့နှင့်ည ဆက်နေခဲ့၏။ တစ်ခါတစ်ရံ ရက်ရှည်ကြာမြင့်စွာခရီးထွက်ရ၏။

အိမ်ထောင်တစ်ခုအနေဖြင့် သျှန်နှင့် ဖုန်းမြင့်

www.burmeseclassic.com



နိုင်အတွက် တွေ့ဆုံချိန်ကာလ နည်းပါးလာခဲ့ခြင်းက သျှန့်အပေါ် ဖုန်းမြင့်နိုင်၏စိတ်ပြောင်းလဲလိမ့်မည်ဟု သျှန် လုံးဝမထင်ခဲ့ပါ။ မထင်မှတ်ခဲ့ပါ။

အိမ်မှုကိစ္စလုပ်ဖို့ အိမ်ဖော်တွေရှိသဖြင့် သျှန် တာဝန်ယူရန်မလိုအပ်ပါ။ သျှန်၏နံဘေးတွင် ရိုက်ကွင်းသုံးရမည့် ပစ္စည်း၊ ဝတ်ရမည့်အဝတ်အစားမှအစ ရွေးချယ်စီစဉ်ပေးနေသည့် အကူနှစ်ယောက်ရှိနေခြင်းက သျှန်နှင့် ဖုန်းမြင့်နိုင်တို့ကို ပိုမိုဝေးသထက် ဝေးစေခဲ့ခြင်းအကြောင်းရင်းများဖြစ်ကြောင်း သျှန် သတိမထားခဲ့မိတာ သျှန့်အမှားပဲဖြစ်၏။

ဦးဆုံးသတိထားမိလာခြင်းက သျှန်နှင့် ဖုန်းမြင့်နိုင်၏အိမ်ထောင်ရေး နှစ်ပတ်လည်သုံးနှစ်ပြည့်ပဲဖြစ်လေသည်။

ဒီနေ့မှာမှ . . သျှန်၏စိတ်မှာ ထူးထူးခြားခြား အမှတ်ရပွဲလေးပြုလုပ်ချင်စိတ်ဖြစ်၏။

ကို . . အံ့ဩသွားအောင် . . .

ဝမ်းသာကြည်နူးသွားရအောင် . . .

ဟူသောစိတ်ဖြင့် သျှန်က အိမ်မှာတင်ပဲ ဟိုတယ်စာတွေမှာလျက် 'ဘူဖေး'ကျွေးဖို့ တိတ်တိတ်ကလေး စီစဉ်ခဲ့၏။





ဖုန်းမြင့်နိုင်တို့ ဘယ်သူမှ မပြောကြဖို့ အိမ်မှ အဖော်တွေကို နှုတ်ပိတ်၏။

ထိုအချိန်က . . နောင်နှီးတို့သတိရ၏။ အဘပို ကို ဖိတ်ချင်၏။ ကြီးကြီးဖောင်ကို မမေ့ပေမယ့် မိမိ၏အသိုင်းအဝိုင်း နှင့် သီးသန့်ဖြစ်နေခြင်းကြောင့် ချန်လှပ်ထားခဲ့၏။

သျှန်က နယ်မှာရောက်နေချိန်လှမ်းစီစဉ်ခြင်း ဖြစ်သဖြင့် . . သျှန်နှင့် အလုပ်မှာအမြဲကကူမည့်လူတွေ ရွေးဖိတ်ပေးဖို့ သျှန်၏အဝတ်အဆင်ရွေးချယ်သူ ဒီဒိုစ်နာတို့ သျှန် လွှဲအပ်ပေးခြင်းက သျှန်၏အမှားဖြစ်တာ သျှန် လုံးဝသတိမထားမိခဲ့ပါ။

ကို(ဖုန်းမြင့်နိုင်)ဆီကို . . သျှန် ဖုန်းဆက် အကြောင်းကြားချိန်မှာ . . 'ကို'ဖုန်းကိုကိုင်သူက သျှန် တစ်ခါမှ မကြားဖူး မသိဖူးခဲ့ဘူးသောနာမည်နှင့် အသံပိုင်ရှင်ဖြစ်နေခဲ့၏။

"ဟလို . . အမိန့်ရှိပါရှင်"

သျှန် . . အံ့ဩစွာ ရင် ဖိုနဲ့ခနဲခုန်၏။

"ဖုန်းနံပါတ် . . ( ၀၉ ၉၉ × × × × × )ကလား"

ဖုန်းမျှားမှားခေါ်မိသလား တွေးပြီး မေးမြန်းခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . ဟုတ်ပါတယ် . . (၀၉၉ ၉၉ ××××)ကပါ"

ကိုဖုန်းရော သျှန့်ဖုန်းပါ ဆယ်လ်လူလာ ဖုန်းတွေဖြစ်၏။ တစ်နေရာရာမှာ ခဏချထားလို့များ တစ်ယောက်ယောက် ဝင်ထူးတာလားဟုပဲ သျှန် ရိုးရိုးသားသားတွေးမိပါသေးသည်။

"ဒါဖြင့် . . ကိုဖုန်းမြင့်နိုင်ကိုခေါ်ပေးပါကွယ်"

"ဘယ်သူလဲဟင် . . ဘယ်သူများလဲ"

သျှန်၏ဒေါသက မြင့်တက်သွား၏။

'ကို'ဖုန်းကိုကိုင်သူက ပိုင်စိုးပိုင်နင်းရှိလိုက်တာဟု ဒေါသဖြစ်၏။

"မင်းကရော . . ဘယ်သူလဲ"

"ရှင်"

သျှန်၏အသံမာမာကြောင့် လန့်သွားဟန်ရှိ၏။ ငြိမ်သက်တိတ်ဆိတ်သွားလေသည်။

"ဘယ်သူပဲဖြစ်ဖြစ်လေ . . အဲဒီမှာ 'ကို' ဖုန်းမြင့်နိုင်မရှိဘူးလား . . ဘယ်ရောက်နေသလဲ"

"သူ . . သူ . . အိပ်ပျော်နေတယ် မမ၊ သန္တာ ဘာပြောပေးရမလဲဟင်"





"သန္တာ . . ဟုတ်လား၊ မင်းက ဘာလဲ"

"စက္ကတေရီပါ မမ"

သျှန် အာရုမ်းကို အုံခြသွားခဲ့ပါသည်။

"စက္ကတေရီ . . ၊ ဘုရားရေ . . ခင်းကို ဘယ်တုန်းက ခန့်လိုက်တာလဲ၊ ငါတောင် မသိပါလား"

"ကြာ . . ကြာပါပြီ မမ၊ အဲ . . သိပ်တော့လည်း မကြာသေးပါဘူး၊ မမက မမပြည့်စေချန်ထင်တယ်နော်"

"ဟုတ်တယ် . . ငါ သူ့မိန်းမဆိုတာတော့ မင်းသိတယ်ပေါ့"

"မှာတ် . . ဟုတ်ကဲ့"

"နေပါဦး . . မင်း သူအိပ်နေတဲ့နားမှာရှိနေတာလား"

"မဟုတ် . . အဲ . . အဲဒီလိုတော့လည်း မဟုတ်ပါဘူး၊ ဖုန်းလာလို့ ကိုင်လိုက်တာပါ"

"ဟွန်း . . အလုပ်တွေသိပ်ပင်ပန်းနေကြတယ် ထင်တယ်၊ ပြောလိုက် . . မင်းဆရာကို ငါ ဖုန်းဆက်တယ်လို့"

သျှန် . . ဖုန်းပိတ်ပြီးချိန်မှာ အသားတွေ တဆတ်ဆတ်တုန်တာ ရင်တွေ ခုန်နေလေသည်။

ကြည့်မယ်ပါဦးကွယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ယောက်ျားတစ်ယောက်လုံး သူ့နံဘေးမှာ စက္ကတေရီရှိနေတာ ကိုယ်မသိသော ဘဝပါလား။

ယခုတလော . . သူနှင့်ကိုယ် မျက်နှာချင်း မဆိုင်ဖြစ်တာ ကြာပြီဟု သတိရမိ၏။

အစက . . 'အသည်းလေး' ဆိုတာ ပါးစပ်များကမချသူက . . သျှန့်ကို အသည်းလေးခေါ်ဖို့ဝေလာဝေး သျှန်နှင့်စကားဆယ်ခွန်းပြည့်အောင်မပြောဖြစ်ကြတာ ဘယ်လောက်ကြာပြီလဲ။

ပြည့်ဝေသျှန် . . .

ဟူသောအမည်နှင့်လာသော ဖုန်းက သူ့ဖုန်းနှင့်ရောက်လာလျှင် . . .

"ဖုန်းနံပါတ် ( . . . . . . . . . )ကိုဆက်ပါ"

ဟု သျှန်ရှေ့မှာရှိလျက် သူ့ဖုန်းကို ပေးကိုင်ခွင့်မပြုသူက စက္ကတေရီကိုတော့ ဖုန်းပေးထားသတဲ့။

သျှန့်ရင်ထဲမှာ နာကျင်စွာခံစားရလေသည်။ သူ့(ဖုန်းမြင့်နိုင်)ထံမှ ဖုန်းလာလျှင် စကားပြောဖို့ အသင့်စောင့်နေချိန်မှာ ဖုန်းရောက်မလာခဲ့ခြင်းက သျှန့်ရင်ကို ပိုမိုထိခိုက်စေခဲ့တာ 'ကို'သိနားလည်မှာမဟုတ်ခဲ့ပါ။

❀ ❀ ❀



## အခန်း(၂၈)

သျှန် . . အရမ်းကိုမျှော်လင့်တောင့်တခဲ့သော သျှန်တို့၏အိမ်ထောင် သုံးနှစ်ပြည့်ပွဲလေးက 'ကို' ပါဝင်ခြင်းမရှိဘဲ ပြီးဆုံးသွားခဲ့ရတာ ဘယ်လောက်စိတ်ထိခိုက် ခံစားရပါသလဲ။

"ကိုဖုန်းမြင့်နိုင်ရောဗျ"

"ဟာ . . ဒီလူ အလုပ်တွေရှုပ်နေတာဗျာ၊ ဒီကို့ ဘယ်လာအားမလဲ၊ ဟားဟား . . . ခင်ဗျားသိသားနဲ့"

သျှန့်ရှေ့မှာရှိနေပါလျက် သူ့ဗိုလ်အချင်းချင်း ဟားတိုက်ရယ်မောပြောဆိုသောစကားများမှာ အဓိပ္ပါယ်ပြည့်ရှိနေတာ သျှန် ကြေကွဲစွာ ခံစားရလေသည်။

www.burmeseclassic.com



"ကျွန်တော် . . သေသေချာချာ ဖုန်းဆက်ထားတာ သျှန်ရဲ့ အခု ထပ်ဆက်လိုက်ရမလား"

ပွဲစီစဉ်သူ ဒီဇိုင်နာက တီးတိုးကပ်ပြော၏။

"နေ . . သျှန် . . ဆက်မယ်"

သျှန်က ဖုန်းခလုတ် နှိပ်၏။ ခဏအကြာမှာ ဖုန်းပိတ်ထားပါသည်ဟူသော ကွန်ပျူတာမှပြေကြားချက်သာ ဝင်လာခဲ့၏။

တောက် . . .

ကြည့်စမ်း . . .

ဘယ်လောက်ဆိုးဝါးလိုက်တဲ့အဖြစ်ပါလဲ။

သျှန် ဒေါသဖြစ်တာ၊ ထိန်းမရအောင် ဖြစ်၏။

"ဘာမှ မဟုတ်ဘူး . . ဟိုကောင်မက တားထားလို့ သူမလာတာပဲဖြစ်မယ်"

"ဘယ်ကောင်မလဲ . . ဘယ်ကောင်မက တားရမှာလဲ"

'သျှန်' ကြားသာအောင်ပြောသောစကားမို့ သျှန် ဒေါသသံဖြင့်မေးတော့ သူဖြေကိုယ်ဖြေ မေးဆတ်ကြ၊ မျက်ခုံးပင့်ကြပြုံးမြစ်ကြလေသည်။

သျှန်တို့အသိုင်းအဝိုင်းမှာက အတို့အဆောင်





သမားတွေများကြလေသည်။

"ဘယ်သူဖြစ်မလဲ . . စတ္တာတောရီမပေါ့ သျှန်ရဲ့ အပါးတော်မြဲလေ၊ အမြဲတမ်း အနားကပ်နေရတာဆိုတော့ အဟာင်းဟောင်း . . သျှန့်ထက်တောင် အနီးကပ်အမြဲရှိနေတာ"

"ဟုတ်ပ"

ပြောသူက ပြော၏။ ထောက်ခံသူက ထောက်ခံ၏။

"ကြည့်လည်း အကာပ်ခံနော်၊ တော်နေကြာမှ . . ကိုယ်လုံးဝကပ်မရအောင်ဖြစ်သွားဦးမယ်"

"အမယ်လေ . . အလုပ်နဲ့ပတ်သက်ပြီးတွေ့ချင်တဲ့တောင် သူက အချိန်နာရီရွှေ့ပြီး ချိန်းပေးတာတဲ့၊ တေတော့ကို တွင်ကျယ်နေတာ"

"သျှန် . . သတိထားနော်၊ အလုပ်ထဲစိတ်နှစ်လုပ်တာတော့ လုပ်ပေါ့၊ ဒါပေမဲ့ . . ကိုယ့်လူ သူများလူဖြစ်သွားမှ ဟုတ်ပေ့ဖြစ်နေမယ်"

"ကိုဖုန်းမြင့်နိုင်က ဖြောင့်တယ်နော်၊ နိုင်ငံခြားရုပ်ရှင်မင်းသားလား အောက်မေ့ရလောက်အောင် ရုပ်ကဖြူ



www.burmeseclassic.com

www.burmeseclassic.com



တယ် သျှန်ရဲ့ ငွေကြေးစီးပွားရေးအရရော ဘာမှပြော စရာမရှိတော့ တင်ချင်တဲ့သူတွေက အများသား။ အဲဒီ အထဲမှာ . . အဲဒီတစ်ယောက်ဝင်သွားတာ"

သျှန်၏ရင်မှာ ဆိုင်ကလုန်းမုန်တိုင်း၊ တိုက်ဖုန်း မုန်တိုင်းဝင်မွှေ၏။

တစ်ယောက်တစ်ပေါက် ပြောကြ ဆိုကြသံတွေ က သျှန်၏နှလုံးသားကို မွှေမွှေကြွေစေ၏။

သျှန် . . ထိုညက တစ်ညဉ့်လုံး ငုတ်တုတ်ထိုင် စောင့်ပေမဲ့ . . 'ကို' လုံးဝပြန်ရောက်မလာခဲ့ပေ။

❀ ❀ ❀



## အခန်း(၂၉)

'ကို' ပြန်ရောက်လာချိန်မှာ သျှန် အိပ်မောကျ နေချိန်ဖြစ်၏။

"ဟ . . ရှူတင်မသွားဘူးလား၊ ဒီတစ်ယောက်က"

ကို့အသံအော်ကျယ် အော်ကျယ်ကာပဲ သျှန့်ကို လန့်နိုးစေခဲ့၏။

"မနက်က ဖုန်းဆက်ဖျက်လိုက်တော ကြားတယ်၊ ညက မအိပ်ဘူးလေ၊ ခုမှ အိပ်တာ"

အိပ်ဖော်ကောင်မလေးတို့ သူ ဘာပြန်ပြောမလဲ ဘာပြောမလဲ သျှန် နားထောင်နေခဲ့ပေမယ့် ဘာသံမှ မကြားရ



www.burmeseclassic.com

www.burmeseclassic.com



:ပါ။

"ဆရာ . . ထမင်းစားမလား"

"မစားဘူး၊ သွား . . ကားပေါ်မှာ သန္တာပါလာတယ်၊ အအေးတစ်ခုခုပို့လိုက်၊ ပြီးတော့ . . ခဏစောင့်လို့ပြောကြားလား"

"ဟုတ်"

သျှန် ငြိမ်နားထောင်နေရာမှ . . 'သန္တာ'ဆိုသောအသံကြားတာနှင့် ခေါက်ခနဲ ထထိုင်မိ၏။ သူက သျှန်ကို အလန့်တကြားလှည့်ကြည့်ပြီးမှ မသိသလို ပြန်လှည့်သွား၏။

"ဒီမှာ [illegible] ရှင် ဘာတဲ့ချိုးချိုးနေတာလဲ ကိုဖုန်းမြင့်နိုင်"

သျှန်ကပဲ စတင်စကားပြောရလေသည်။

"ဘာအ[illegible]ချိုးတာလဲ . . ဟုတ်လား၊ နေပါဦး . . အဲ့ဒီစကား[illegible]ဘယ်သူကပြောရမှာလဲ"

"ကျွန်မမေးနေပြီလေ . . ရှင်ဖြေပေါ့၊ ရှင့်မှာ မိန်းမရှိတာရော ရှင်သိသေးရဲ့လား"

"ဟုတ်လား . . ငါ့မှာ မိန်းမရှိသတဲ့လား"

[illegible] သခေါ်တော်တော်ဖြေသံက ပြေးရိုက်ဖို့ကောင်းလှလေသည်။





"ရှင် . . ရှင် ဘယ်လိုဖြစ်နေတာလဲ . . မထိတရိရဲ့ စော်ကားသလို ရိသလိုလုပ်မနေနဲ့နော်၊ ကျွန်မ သည်းမခံနိုင်တော့ဘူး . . သိလား"

"သည်းမခံနိုင်တော့လည်း လဲသေလိုက်ကွာ . . မတတ်နိုင်ဘူး၊ ဟူး . . အဲဒါတွေကြောင့် စိတ်ပျက်လို့ စိတ်ဆင်းရဲလို့ ပြန်ကိုမလာချင်တာ"

"ဟင် . . ဘာပြောတယ်၊ ရှင် . . ရှင် . . ဘာပြောလိုက်တယ်"

"မင်းကြားတဲ့အတိုင်းပဲ"

"ဟင်"

သျှန် ဒေါသဖြစ်တာ ရပ်၍ပင်မရဘဲ ခုတင်ပေါ်ပြန်ထိုင်ကျ၏။

"ဒါဖြင့် . . အပြင်မှာ သူများတွေပြောနေကြတာ ဆိုနေကြတာရော တကယ်ပဲလား"

"ဘာလဲ . . ဘာပြောလို့လဲ"

"ရှင့်စက္ကူတောရိမ့်နဲ့ ရှင်နဲ့အကြောင်း များမဆန်အောင်ကြားနေရတာတွေလေ၊ မိန်းမတောင် ပေးမတိုင်လို့ ရှင့်ဖုန်းတ ရှင့်ဟာမကျတော့ တိုင်ခွင့်ရှိတာကရော သူက



www.burmeseclassic.com

www.burmeseclassic.com



ဘာမို့လို့လဲ"

"ဟာ . . ဘယ်နှဲ့ . . သူများကို လိုက်တိုထွာနေရတာလဲ၊ အလုပ်ကိစ္စ တစ်ယောက်တည်းဒိုင်ခံပြောမနေချင်လို့ အပ်ထားတာ ဘာဖြစ်လဲ၊ မင်းက . . ဘာတွေ မနာလို ဝန်တိုဖြစ်နေတာလဲ၊ ဒီမှာ . . မင်းတစ်ယောက်တည်း ကြီးကျယ်နေလို့ဖြစ်မလား၊ မင်းမှာ ဒီဇိုင်နာရှိတယ် . . မိတ်ကပ်ဆရာရှိတယ် . . တောက်တိုမယ်ရလုပ်ပေးတဲ့ ကောင်မလေးရှိတယ်၊ မင်းတစ်ယောက်တည်း သုံးယောက်တောင်ကွာ၊ ငါကျတော့ . . စက္ကတေရီတစ်ယောက်မရှိသင့်ဘူးလား"

"အဲဒီစက္ကတေရီက ယောက်ျားဖြစ်လို့မရတော့ဘူးလား"

"မင်းကျတော့ရော . . မိတ်ကပ်ဆရာက ဘာလို့ ယောက်ျားဖြစ်နေတာလဲ . . ခင်ဗျားပြော"

"မနှိုင်းနဲ့ . . ဒါက အလုပ်သဘောပဲ ဒီလိုပဲ ရှိကြတာ ကျားမခွဲတာမဟုတ်ဘူး ဒါ . . ရှင်အသိဆုံးပါ ကိုဖုန်းမြင့်နိုင်"

"အေး . . ဒါကလည်း မင်းသိအောင်ပြောရဦးမယ်၊ မင်းအလုပ်မှာ ငါ ဝင်မစွက်ဘူး၊ ငါ့အလုပ်မှာ မင်း ဝင်မစွက်





နဲ့ . . ဒါပဲ . . နော် . . ဖုန်းမြင့်နိုင်ဘဝမှာ ဘယ်သူမှ အခွင့်ကြာမခံဘူးဆိုတာမင်းသိထားဖို့လိုပြီ မြည့်ဝေချွန်း မင်းကြိုက်သလိုမင်းနေ ငါကြိုက်သလို ငါနေမယ် ဒါပဲ"

"ဟင် . . ရှင် . . ဘာစကားပြောတာလဲ . . အဲဒါက၊ ချွန်က ဘယ်လိုနေလို့လဲ"

"နောင်ရိုးဆိုတဲ့ကောင်နဲ့ မင်းတို့ တဖူးတွဲတွဲလုပ်ခဲ့ပြီးပြီ၊ ခုလည်း ပြန်တွဲနေကြတာပဲ၊ မင်းတို့နှစ်ယောက် တတွဲတွဲဖြစ်နေတာတွေ ငါ မသိဘူးမှတ်နေသလား၊ ဟင်း မောင်မိန်းမက မကြားဘူးမှတ်နေသလား . . မင်းအကောင်နဲ့ မင်းတို့ခေါင်းချင်းဆိုင် အကြည်ဆိုက်ပြီးရိုက်ထားတဲ့ဓာတ်ပုံ မြို့ခန်းမှာချိတ်ထားတာတို မင်း ဘယ်လိုရှင်းမလဲ"

"ရှင်းရလောက်အောင် မကြီးကျယ်ဘူးဆိုတာ ရှင်အသိဆုံးပါ၊ နောင်ရိုးက သူ့နှသူငယ်ချင်းပဲ၊ သူ့ကို အနှံစာတက်မှ အနစ်နာခံပြီး ကူညီတဲ့သူငယ်ချင်းကို သူ့အမှတ်တရအနေနဲ့ချိတ်ထားတာ ဘာဖြစ်သလဲ၊ ဘာတစ်ခုမှ မဖုံးသားတာမရှိဘူး ရှင်ဆာ့ သံသယမရှိတဲ့သူ့ စည်းကမ်းမရှိတဲ့သူ"



www.burmeseclassic.com

www.burmeseclassic.com



"တော် . . မပြောနဲ့ မင်းဟာမင်း ထိပ်တန်းရောက်နေတဲ့မင်းသမီး မကလို့ ဘာကြီးပဲဖြစ်နေဖြစ်နေ မင်းလုပ်ချင်တိုင်း လုပ်နေတာကို ထိုင်ကြည့်နေမယ့် ခပ်ညံ့ညံ့ယောက်ျားထဲမှာ ငါမပါဘူး ပြည့်စေသျှန်၊ သုံးနှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်ကို သူများဖိတ်မှ ကိုယ်သိရတဲ့အဝကို ငါ ကြုံးခွေပြီ၊ ငါက မင်းလက်ထဲက သက်မဲ့ရုပ်တစ်ရုပ်မဟုတ်ဘူး"

"အင်း . . အဲဒီလိုပဲ . . ကျွန်မကလည်း ရှင့်လက်ထဲက သက်မဲ့ရုပ်တစ်ရုပ်မဟုတ်တာ ရှင်သိထားသင့်တယ် ထို ဖုန်းမြင့်နိုင်၊ ရှင် ဝမ်းသာပါစေ ကြည်နူးပါစေဆိုပြီး ကျွန်မ ဒီကိစ္စကိုစီစဉ်ခဲ့တာ၊ ရှင့်ဆီဖုန်းဆက်တဲ့အချိန်မှာ ရှင်အိပ်နေတယ်တဲ့ . . ကျွန်မကိုယ်တိုင် ရှင်နဲ့ဆ[illegible] သွယ်ခွင့်မရခဲ့ဘူး၊ ကဲလေ . . ကျွန်မက ဘာလဲ၊ ဟိုမိန်းမက ဘာလဲ . . ရှင်ပြောလေ"

"တော်ကွာ . . တော် . . မပေါင်းချင်ရင် မပေါင်း[illegible] မင်းသဘောပဲ . . ငါ ဘာမှမပြောတော့ မပြောနိုင်ဘူး . . ဒါပဲ"

ချာခနဲလှည့်ထွက်သွားသူကို သျှန် အငေး[illegible]





ကြည့်ပြီး မျက်ရည်ပြည့်လျှံထွက်လာခဲ့၏။

ကားထွက်သွားသံက ဝေးသထက်ဝေး၍သွား၏။

နှလုံးသားတစ်ခုလုံး ရင်မှ ခွဲနုတ်ခံရသူလို သျှန် ငေးကြောင်ကျန်ရစ်ရှာလေသွဲ့လို့ သျှန် ဘာမျှတတ်နိုင်ပါဦးမလဲကွယ်။

ရင်ထဲမှာ . . .

နှလုံးသားထဲမှာ . . .

ထိခိုက်ကြေကွဲရှာခံစားရသမျှ ရင်ဖွင့်ဖို့ သျှန်မှာ နောင်ရှိတလွဲ၍ ဘယ်သူရှိနိုင်ပါမလဲ။


❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၀)

ဝါးရိုပ်၏တောင့်စွန်းရှိစားပွဲခုံလေးမှာ လက်တစ်ဖက်ပေါ်ခေါင်းတင်စောင်းအိပ်ပျော်သွားခဲ့ရာမှ လန့်နိုးလာခဲ့ချိန်မှာ . . .

အဘဦးချစ်ပိုက မလှမ်းမကမ်းရှိ ပက်လက်ကုလားထိုင်မှာ ခေါင်းစောင်းအိပ်ပျော်နေခဲ့၏။

ဪ . . လင်းစပျိုးခဲ့ပြီ။

အမှောင်ရိပ်ကို တိတ်ဆိတ်ငြိမ်သက်ခြင်းက ဆက်တူလွှမ်းမိုးထားခဲ့၏။ အိမ်မြှောင်စုတ်ထိုးသံက သျှန့်ခေါင်းတည့်တည့်မှ အော်မြည်ခြင်းကြောင့် . . . သျှန့် လန့်သွား၏။

www.burmeseclassic.com



ခြော် . . ဒီလိုနှင့် တစ်ညလုံး အိပ်ပျော်သွားခဲ့ပါလား။ နာကျင်နေသော ခေါင်းကို သျှန် နှိပ်ပြီး ဖက်ချိုး၏။

သျှန် . . ဖြတ်သန်းကျော်ဖြတ်ခဲ့ရသောဘဝကို သျှန် ပြန်လည်တွေးတောရင်းမှ တစ်ညဉ့်ကုန်ဆုံးသွားရချိန်မှာ 'ကို'က သူ့ကောင်မလေးနှင့်ပျော်မွေ့နေမည်ထင်ပါရဲ့။

'ကို့'ကို သတိရမိသည်နှင့်အမျှ သျှန့်နှလုံးသားထဲမှာ ဝေဒနာပြင်းထန်စွာဖြတ်စီး၏။

သျှန့်ဘဝမှာ 'ကို'သာ ချစ်သူအဖြစ်တည်ရှိခဲ့ပါသည်။ 'ကို့'ကို သျှန် အလေးထားချစ်ခဲ့ပါသည်။

မာနနှင့် အတင်းခံခဲ့သမျှ ခွဲခွာဖို့ဆုံးဖြတ်ပြီးချိန်မှာ နှလုံးသားတစ်ခုလုံး လှစ်ဟာသွားလျက် သက်မဲ့ရုပ်တုတစ်ခုလို လှုပ်ရှားမှုကင်းမဲ့သွားရတာ . . .

'ကို့'ကို ချစ်လို့ပေါ့ ကိုယ်ရယ်။

သျှန်က စီးကျလာသောမျက်ရည်စီးကြောင်းကိုသုတ်၏။

'ကို'

ရင်နှင့်အမျှချစ်မြတ်နိုးခြင်းများစွာကို . . .

ကို သိစေချင်လှပါသည်။





ဟင့်အင်း . . .

အိမ်ထောင်ရေးဖောက်ပြန်မှုကိုတော့ သျှန်က ဘယ်လိုမှခွင့်ပြုနိုင်မှာမဟုတ်ပါနော်။

သျှန် ထိုင်ရာမှ ထလိုက်ချိန်မှာ အဘပိုက 'အင်း'ခနဲ နိုးလာခဲ့၏။

"ဟင် . . သမီး . . သျှန် . . နိုးနေပြီလား"

အိပ်ချင်မူးဝေမျက်လုံးများကိုပွတ်ရင်း လဲ့နေအနေအထားမှ ပက်လက်ကုလားထိုင်မှာထိုင်ဖို့ အဘပိုကြိုးစား၏။

"ဟုတ်ကဲ့ . . အဘပို၊ အားနာလိုက်တာ . . သျှန့်ကြောင့် အဘပို ဒုက္ခများသွားပြီ"

အိမ်မှာပြန်မအိပ်ရဘဲ သျှန့်ကိုစောင့်အိပ်ရာမှာ ဖြစ်သလိုအိပ်ရခြင်းအပေါ် သျှန် အားနာခြင်းဖြစ်လေသည်။

"ဘယ် . . ဒုက္ခဟုတ်မလဲ၊ ဒီလိုပဲပေါ့"

ဘပို ထိုင်ရာမှ ထ၏။

သျှန်က မီးဖိုဆီပြေး၏။

"နေ . . ဘပို့ သမီး လက်ဖက်ခြောက်နှပ် ရေနွေးကြည် ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . လုပ်တတ်လို့လား"

"ဖော . . အာလို့မလုပ်တတ်ရမှာလဲ ဘပိုရဲ့၊ တစ်ချိန်လုံး လုပ်လာခဲ့တဲ့ဟာ"

ဘပို သဘောကျစွာ ပြုံး၏။

"မတော်မတဲ့ကွယ် . . တို့ဆိုင်မှာ နာမည်ကြီးချင်ရှင်မင်း သမီး လက်ဖက်ရည်ဆော့ဖော်ရတာယ်လို့"

"ဒါဒီတော့လည်း . . ဘပိုတို့ဆိုင် မိုးရောင်းကောင်းမှာ ပေါ့ မဟုတ်ဘူးလား"

သျှန် . . ကလေးဆန်စွာ မေးလေးဆတ်ပြော တော့ ဘပို ခေါင်းတဆတ်ဆတ်ညိတ်ပြ၏။

ခဏအကြာမှာတော့

လက်ဖက်ရည်ဆိုင်က ကျောင်းလေး(ဝန်ထမ်း) တွေရောက်လာကြ၏။

အလင်းရောင်က တစ်ရွေ့တစ်ရွေ့ မြင့်တက် လာ၏။ ဆိုင်က ဆိုင်ပီသစွာ ဆူညံလာ၏။

ဂျစ်ကားတစ်စီးထိုးဆိုက်လာ၏။

"ဟော . . နောင်မိုးကွဲ့၊ နောင်မိုးလာပြီ"

ဘပိုက ဝမ်းသာအားရအော်၏။



"ခဏနော် . . ဘပို၊ သျှန်ရောက်နေတာ မပြောနဲ့ သိ လား"

သျှန်က နောင်မိုးဖဲ့အားသင့်အောင် ဗိုက်ကွယ်က ငြိမ်နေခဲ့၏။ ခဏအကြာမှာ . . မီနီးမတစ်ယောက်ဝင်လာ လေသည်။

"ဦးလေးချစ်"

ခေါ်သံ . . .

စီအိုသံ . . .

သျှန် ဘဲ့အားသင့်စွာ ခေါင်းလေးမြှုကြည့်မိရ ပြီ။

"ဟယ် . . အမြှူး"

အမေ

သျှန် . . မနေနိုင်ဘဲ ပြေးထွက်လာပြီး အမေ့ ကိုဖက်ငိုမိ၏။

"သျှန် . . သျှန် . . သမီးရယ်"

အမေက သျှန့်ကို ကျစ်ကျစ်ပါအောင်ဖက်နှိုင်း မျက်ရည်ကျ၏။

ရုတ်တရက်လိုက်လာ အမေရယ်၊ သျှန့်ကို . . ဒီလောက်

www.burmeseclassic.com



အကြာကြီး ပစ်ထားရတယ်လို့"

သျှန် ငိုယ်ဖြင့်ပြောသံက အသံလေးတွေတုန်နေလေသည်။

"ပစ်ထားတယ်တော့ မဟုတ်ပါဘူး၊ ဟိုတစ်ယောက်ကို စိတ်နာနာနဲ့ အမေထွက်သွားခဲ့တာ"

"ကိုင်း . . ထိုင်ဗျာ၊ စုံမယ့်စုံတော့ လူစုံတက်စုံပါပဲလား၊ နောင်ရိုးနဲ့က ဘယ်မှာတွေ့လာတာလဲ"

ယခုမှ . . နောင်ရိုးကို သျှန် ကြည့်မိ၏။ နောင်ရိုးပုံစံက ခရီးထွက်ရာမှပြန်လာတာ သိသာနေစေသည်။

"စစ်ကိုင်းမှာတွေ့တာ . . ကားတားစီးတာလေ ဒေါ်ဒေါ်ပြုံးက၊ အဲဒါ . . ကျွန်တော်က ဒေါ်ဒေါ်ပြုံးနဲ့တူပါတယ်ဆိုပြီး မေးစမ်းကြည့်ရာက ပြန်ခေါ်လာခဲ့တာ၊ အမယ်လေးဗျာ . . မလိုက်ပါဘူးလုပ်နေလို့ တစ်ရက်နှစ်ရက်စောင့်ပြီး ချော့ခေါ်လာရတာ"

"ဟုတ်လား . . အမေက"

ဒေါ်မြုံးသဇင် ရှက်ပြုံးပြုံး၏။

"ဟိုမှာက အခြေကျသလောက်ဖြစ်နေပြီလေ၊ သီလရှင်ဇရပ်မှာ ဝတ်ကြီးဝတ်ငယ်ပြုပြီး ငြိမ်းချမ်းနေတာ၊ သမီး





ကလည်း နာမည်ကြီးမင်းသမီးဖြစ်နေပြီဆိုတော့ . . အမေစိတ်ချသွားရပြီပဲ"

"ဒီလို ဘယ်ဟုတ်မလဲ အမေရယ်၊ အမေ့မှာတော့ သမီးတစ်အားရှိတာပေါ့"

"သမီးက အိမ်ထောင်ကျနေပြီမဟုတ်လား၊ ဒါကို ဘယ်တုန်းက . . . ."

မေမေက သျှန့်ကို စေ့စေ့ကြည့်ပြောခဲ့မှသာလျှင် သျှန်၏နှလုံးသားတွေ ကွဲကြေကာ အခုန်မြန်လာခဲ့၏။ ဝမ်းနည်းစိတ်ဖြင့် မျက်ရည်တွေရစ်ဝိုင်းကာ မေမေ့ကို သျှန်က ပြောခွင့်ရပြီ။

"သမီး . . သမီး . . သူနဲ့ကွာလာခဲ့ပြီ မေမေ၊ သူ့ဆီ သျှန် ဘယ်တော့မှပြန်မသွားတော့ဘူး၊ သျှန် မေမေနဲ့ပဲနေပါရစေ မေမေရယ် နော်၊ သျှန် မေမေနဲ့အတူနေပါရစေ"

"ဟဲ့"

ဒေါ်မြုံးသဇင် အံ့အားသင့်စွာ လန့်ဖျပ်သော်သကဲ့သို့ နောင်ရိုး အထိတ်တလန့်ကြည့်၏။

ဘာဖြစ်လာသလဲ . . .



www.burmeseclassic.com

www.burmeseclassic.com



သျှန် . . ဘာဖြစ်လာတာလဲ . . .

စိုးရိမ်စိတ်ကြီးစွာဖြစ်သွားမိ၏။ သျှန် ငိုနေတာကို မကြည့်ရက်နိုင်အောင် ခေါင်းငုံ့ ခံစားရပါသည်။

"ပြောပါဦး . . မမေ့ကို ဘာတွေဘယ်လိုဖြစ်သလဲဆိုတာ"

ကွယ်ဝှက်ထားသော သျှန့်မျက်နှာကို ဒေါ်ပြုံးသင်းဇင်က မြင်ရအောင်ကြည့်၏။

"ဒါ . . အိမ်ထောင်ရေးရှုပ်ထွေးတဲ့ ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ ကိစ္စ သမီးရဲ့၊ လွယ်လွယ်ဆုံးဖြတ်ပြီး လွယ်လွယ် လက်ထပ်လို့မရသလို . . လမ်းခွဲဖို့ဆိုတာလည်း လက်လွတ်စပယ် ဆုံးဖြတ်ဖို့မသင့်ဘူး တဲ့ . . ပြောပါဦး . . ဒီလောက်အောင်နားကြည်းလာခဲ့ရအောင် ဘာတွေဖြစ်လာခဲ့လို့လဲ"

"သူ . . သစ္စာမရှိဘူး။ သစ္စာဖောက်တယ်၊ တခြားကောင်မလေးတစ်ယောက်နဲ့တွဲနေတာ ကြာပြီ၊ သျှန် အရမ်းစိတ်ကုန်သွားပြီ မမေ့၊ သူ့ကို လုံးဝ ခွင့်မလွှတ်နိုင်အောင်ကို စိတ်ပျက်သွားခဲ့ပြီ"

"ဟင်" . . .





ဒေါ်ပြုံးသင်းဇင် . . မျက်နှာပျက်ကာ ဖင်ခံ၍ ချလေသည်။

"သေချာသလား . . ဗီဗွီ"

"သိပ်သေချာတယ် မမေ၊ သျှန်တောင် ကိုင်သုံးခွင့်မရှိတဲ့ Hand Phone တောင် အဲဒီကောင်မလေးကျတော့ ပေးသုံးတယ်၊ အဲဒီကောင်မလေးနဲ့ တတွဲတွဲဖြစ်နေတာ ကြာပြီ၊ သျှန် ဖုန်းဆက်တာကို သူ့ကောင်မလေးဖြန်ဖြေတာကြည့် . . သူ အိပ်ပျော်နေပါတယ်ရှင် . . တဲ့ . . ကဲ"

"ဟဲ့ . . ညဘက်လား . . အဲဒါ"

"နေ့ဘက်မှာ သျှန်ဆက်တာမေမေ၊ နေ့လယ်နေ့ခင်း သူ တစ်နေ့တစ်မှေးအိပ်တတ်တာ သျှန် သိပါတယ်၊ ဒါပေမဲ့ . . သျှန် မကျေနပ်တာက သူ အိပ်ပျော်နေချိန်မှာ တောင် အဲဒီကောင်မလေးအနားမှာရှိနေခဲ့တာတို့ပဲ၊ အဲဒီလောက် တပူးတွဲတွဲဖြစ်နေရအောင် သူတို့က ဘာတွေလဲ"

ဒေါ်ပြုံးသင်းဇင် ပင့်သက်ချ၏။ ဝဲလာသော မျက်ရည်ကို ပုတ်ခတ်ထိန်း၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးကျတော့ . . သမီးလည်း မေမေ့လိုပဲ အိမ်ထောင်ရေး ကံမကောင်းရှာဘဲကိုး၊ ထားတွယ် . . ဘယ်တတ်နိုင်မလဲ၊ မေ့လိုက်တော့ . . ဟုတ်လား၊ အခု . . မေမေပြန်ရောက်လာခဲ့ပြီပဲ၊ သမီးနားမှာ မေမေရှိနေခဲ့ပြီပဲ"

"တကယ်နော် မေမေ . . တတယ်ပြောတာနော်"

"တကယ်ပေါ့ . . သမီးရဲ့ နောင်နှိုးပြောပြလို့ မေမေ့ကို သမီးတို့လိုက်ရှာတာသိရတယ်၊ မေမေထင်သလို သမီးက သမီးအဖေကို ပစ်ပုံအားကိုးခဲ့တာမှ မဟုတ်ဘဲ၊ မေမေခွင့်လွှတ်ရမှာပေါ့ကွယ်"

"မေမေ . . မေမေရယ်"

ချွန်က မေမေ့ပါးပြင်နှစ်ဖက်ကို ကြူကြူပါအောင် မွှေး၏၊ ဒေါ်ပြုံးသဇင်နှင့် ချွန်တို့သားအမိ ပြန်လည်သင့်မြတ်ခြင်းအတွက် ဦးချစ်မိုရော နောင်နိုးပါ စိတ်ချမ်းမြေ့ပျော်ရွှင်သွားခဲ့ရတော့ အမှန်ပဲဖြစ်ပါသည်။

❀ ❀ ❀



## အခန်း(၃၁)

"ချွန်တဲ့ . . ပြည့်စေချွန်ဆိုပြီး လာလိုက်တဲ့ဖုန်းတွေ၊ ပြောရတာကြာတော့ . . ကျွန်မတောင် အားနာလာပြီ ဦးလေးချစ်ရယ်၊ ရုပ်ရှင်ရိုက်ရတ်တွေ ဒီလောက်ပျက်တာ ဘယ်ကောင်းမလဲ"

ဒေါ်ပြုံးသဇင်က ချွန်အစ်ထားသော ဆယ်လူလာဖုန်းကိုကိုင်တာ ဦးချစ်မိုသို့ ညည်းပြောပြောရင်း ပင့်သက်ချ၏။

"အေးလေ . . သူလည်း စိတ်ထိခိုက်နေတော့ စိတ်လွတ်ကိုယ်လွတ် အနားယူချင်ရှာတာပေါ့မှား၊ မှ . . ဘယ်

www.burmeseclassic.com



သွားလဲ . . ဒီကောင်မလေး"

"စိတ်ပြေလက်ပျောက်ဖြစ်အောင် နောင်ရိုးနဲ့ထွက်လည် ချေဆိုပြီးလွှတ်လိုက်တာပဲလေ၊ သူက မအေရှေ့ဦးလေး ချစ်ရှေ့မှာ ဟန်ဖျက်ပြီးနေတာ၊ ကွယ်ရာမှာ မှိုင်နေ တာမြင်ရတော့ စိတ်မကောင်းလို့ အဲဒီဝေဒနာကို ကျွန် မလည်း ခံစားရဖူးတော့ ကိုယ်ချင်းစာတယ် ဦးလေးချစ် ရဲ့ သဘောပေါက်တယ်၊ အင်မတန်ခံစားရတာပါ၊ နှ လုံးသားတစ်ခုလုံး လစ်ဟာနေသလိုပဲ"

"အေးဟာ . . အစကတည်းကသာ နောင်ရိုးနဲ့ယူခဲ့ရင် လူမချမ်းသာရင်သာရှိမယ် . . စိတ်ချမ်းသာမှာဟာ၊ ကောင်လေးက သျှန့်ကို တကယ်ချစ်ရှာတာ"

"ဟုတ်ပါရဲ့နော် . . သျှန် ကြီးမွားဖို့ဖြစ်လာတာလည်း နောင်ရိုးကောင်းလို့ပဲ၊ ဒီကောင်လေး ကြည့်ရှုအားပေးခဲ့ တာ"

"တကယ်ဆို . . ကောင်လေးက သျှန့်ကို လက်ထပ်ခွင့် တောင်းလာခဲ့ရင် ညည်းက ဘယ်လိုသဘောရသလဲ"

"သွားပါ . . ဦးလေးချစ်စိတ်ကူးတွေယဉ်မနေနဲ့၊ ဟိုနှစ် ယောက်က ဘာမှန်း ညာမှန်းသိသေးတာမဟုတ်ဘူး"





"ဘာလဲ . . သဘောမတူဘူးလား၊ နောင်ရိုးနဲ့ကို"

"တူပါတယ် . . ဘာသဘောမတူစရာရှိသလဲ၊ ကိုယ်ချင်း စိတ်ချင်း ဒီလောက်ညီညွတ်တဲ့ဟာ၊ ဒါပေမဲ့ . . ဘာဖြစ် လာမယ်ဆိုတာ ဘယ်သူမှ ပြောနိုင်တာမှမဟုတ်တာလေ ကံတရားအတိုင်းပဲပေါ့ . . မဟုတ်ဘူးလား၊ ကိုယ့်စိတ် ဆန္ဒထက် သူ့စိတ်ဆန္ဒက အရေးကြီးပဲ ဦးလေးချစ်ရဲ့ ဟော . . လာပြန်ပြီ . . ဒီဖုန်းက"

ဒေါ်မြို့သရင်က ဖုန်းတိုကောက်တိုင်လိုက်၏။

"ဟလို"

ထူးရင်းမှ . . မျက်လုံးလေး တောက်ပလာခဲ့ ၏။

"မဟုတ်ပါဘူးကွယ် . . အန်တီက သျှန့်ရဲ့အမေပါ၊ ဒေါ် မြို့သရင်ပါ . . ဟုတ်တယ်၊ ပြောလေ . . အန်တီဘာ ပြောပေးရမလဲ"

ဘယ်သူလဲ . . ဟူသောအမေးကြည့်ဖြင့် ဦးချစ် ကြည့်၏။

"ဖုန်းမြင့်နိုင် . . ဖုန်းမြင့်နိုင်"

ဒေါ်မြို့သရင်က စကားပြောခွက်ကိုပိတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်ခြောက်၏။

"ယော . . ."

ဦးချစ်ပိုမျက်နှာ ရှုံ့မဲ့သွားလေသည်။

နောင်မိုးရေ . . .

မင်း ကံကောင်းနိုင်ပါဦးမလားကွာ . . .

ရင်ထဲမှ လှမ်းပြောမိလေသည်။

* * *

တီရွှေခန်းရုံဝင်းအတွင်းရှိ Game City မှာ

တစ်ခုပြီးတစ်ခု သျှန်ဆော့နေရပေမယ့် . . .

စိတ်က ကိုယ်မှာပြိုတွယ်ခြင်းမရှိတာ သျှန်အ

အသိဆုံးဖြစ်၏။

"ထည့်လိုက်လေ သျှန်ရဲ့ အကြွေစေ့သုံးစေ့ထည့်ရမှာ

ထည့်"

နောင်မိုး လှုံ့ဆော်နေသဖြင့်သာ လွတ်

သွားသောစိတ်ကို တစ်ချက်တစ်ချက် ပြန်ဖမ်းမိခြင်းပဲဖြစ်

သျှန်တစ်ယောက်တည်းသာဆိုလျှင်ကတော့





ထဲမှာ လွင့်ပျံနေသလို လွင့်မျောနေမှာဖြစ်လေသည်။

ဝယ်ယူလိုက်သော ငွေအကြွေစေ့တွေ သေတ်ထဲ မှာ ပြွတ်ပြွတ်ပြွန်းလျက် မှကြာခဏတုန်၏။ မကြာခဏပြန်ဝယ် ရ၏။ ဒါပေမဲ့ . . အရှုံးသာအဖတ်တင်လေသည်။

ပြိုင်ကားအနီလေးမှာ နှစ်ယောက်အတူ ဝင်စီး မောင်းရတာ တစ်ခုကိုတော့ သျှန် နှစ်မြို့ကစိတ်ဖြစ်၏။

တကယ့်ကို လမ်းကြီးမှာ ကားမောင်းရသလို စိတ်လှုပ်ရှားရင်ခုန်လေသည်။

ဒီလိုနေရာမျိုးမှာ . . သျှန် လာရောက်ဆော့ ကစားလိမ့်မယ်လို့ ထင်မထားကြတာကြောင့်ရော . . သျှန် ကိုယ် တိုင်က ဆယ်ကျော်သက်ရွယ်ကောင်မလေးလို ရုပ်ဖျက်ပြင်ဆင် ထားတာကြောင့်ရော . . သျှန့်ကို ပြည့်ဝေသျှန်ရယ်လို့ သိသူမရှိ ကြပါ။

အောက်ဆုံးထပ်ရှိ အရုပ်ကောက်သည့်နေရာ ကျတော့ 'သျှန်' အသည်းယားလေသည်။ အကြွေစေ့ထည့်သည် နှင့်ခွညှစ်လိုပစ္စည်းက စုပုံထည့်ထားသည့်အရုပ်တွေထဲမှ အရု တစ်ရုပ်ကော်ယူပေးတာဖြစ်၏။

သို့သော် . . ညှပ်ခွတ အကြိမ်ကြိမ်ပြုလုပ်ထား

www.burmeseclassic.com



သဖြင့် ပါမြို့ထင်ပြီးကာမှ ပြုတ်ပြုတ်ကျကျန်ခဲ့တာ၊ 'ဟာ'ခနဲဖြစ်ရတာပါ။

အသည်းတယားယားဖြင့် အကြွေစေ့ထပ်ဝယ်ငွေထပ်တုန်ဖြင့် ငွေသွဲ့ယူရာနေရာဌာနဖြစ်၏။

"မတရားဘူးနော် . . ညစ်တ နည်းနည်းကြီးထားပြီး တမင်ကိုလွှတ်ကျအောင်လုပ်ထားတာ"

သျှန်က ကလေးဆန်လှစွာ မကျေနပ်စိတ်ဖြစ်၏။

"ဩော် . . သျှန်ရယ်၊ ဒါမှ လူတွေ အသည်းတယားယားနဲ့ပျော်မှာပေါ့၊ သူတို့အတွက်လည်း ကွက်စားချန်ရသေးတာပေါ့"

"အနိုင်အရှုံးမှာ အရှုံးများနေတော့ ဘယ်တရားပါ့မလဲ"

နောင်နိုး သဘောကျစွာ ရယ်၏။

"မတရားဘူးထင်ရင် မကစားနဲ့ပေါ့ သျှန်ရဲ့၊ သျှန့်တို့ ဘယ်သူက အတင်းကစားခိုင်းလို့လဲ၊ သူ့သဘောနဲ့သူ ကစားပြီး ခုမှ ဘာမကျေမနပ်ဖြစ်နေတာလဲ"

"တော်ပြီ . . ပြန်မယ်ကွာ"

"ဟွန်း . . သူ့စိတ်ကဖြင့် ဒီမှာမရှိဘဲနဲ့၊ သျှန် . . မှန်မှန်





ပြော၊ ကိုမှန်းမြင့်ကို လွမ်းနေတယ်မဟုတ်လား"

"အိုး . . မလွမ်းပါဘူး၊ ဘာလို့လွမ်းရမှာလဲ၊ ဒီလိုသစ္စာမရှိလို့ကတော့ . . (နိုး) No ပဲ"

"တကယ်ပြောတာမဟုတ်ရဲ့လား"

"တကယ်မဟုတ်ဘူး . . အကယ်တစ်ရာနှစ်ရာ"

"မြတ်တယ်ပေါ့"

"အင်းပါဆို . . ဘယ်လိုဖြစ်နေတာလဲ၊ နောင်နိုးနော်လာမစနဲ့ . . စိတ်ဆင်းရဲရတဲ့ကြားထဲမှာ"

ပြောရင်းမှ . . .

ကားပေါ် အတက် သျှန် မျက်ရည်ကျလာတော့ နောင်နိုး ပျာယာခပ်မှုဖြစ်သွား၏။

"ဆောရီး . . ဆောရီး သျှန်ရာ၊ သျှန် မကြိုက်ရင် မပြောတော့ဘူး၊ မငိုပါနဲ့ကွာ . . သျှန်ငိုရင် ကိုယ် တကယ်ခံစားရတယ်ကွာ . . မငိုနဲ့နော် . . တိတ်"

ကားက နောင်နိုး၏ကားနှင့်လိုက်ခဲ့တာပဲဖြစ်၏၊ သျှန့်ကားနံပါတ်အလွတ်ရနေသူတွေက ကားမြင်တာနှင့် 'သျှန်'ရယ်လို့ သိကြမှာလေ။

"သျှန် . . ပျော်နေစေချင်တယ်၊ သျှန် ပျော်နေတာပဲမြင်ချင်တယ် . . တကယ်ပြောတာ"



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် . . သူနာမည်ကို ထည့်စကားမပြောနဲ့ . . ကတိပေး"

"ပေးတယ်ဗျာ"

"တကယ်ပြောတာ . . သျှန် သူ့ကို သိပ်ချစ်တယ် နောင်ရိုးရဲ့၊ သူ့ကိုနာကြည်းစိတ်နဲ့ ခွဲနိုင်မယ်ထင်ခဲ့တာ၊ တကယ်ခွဲရတော့ ရင်ကွဲအောင်ခံစားရတယ်၊ ဒါပေမဲ့ သျှန့်ကို သူ သစ္စာဖောက်တာ စဉ်းစားမိရင် ရင်ကွဲတယ်"

"ဟောဗျာ . . ဒီစကားမပြောကြေးဆို သျှန်ရဲ့၊ ဘာလို့ပြောနေတာလဲ"

"ရင်ထဲရှိတာ ပြောတာလေ၊ ကတိတောင်းတာက နောင်ရိုးမပြောဖို့ ကတိတောင်းတာပဲဟာ၊ သျှန် မပြောဘူးလို့မှ မပါဘဲ"

"တောင်းဗျား"

နောင်ရိုးနှင့် တွေ့ရာလေးပါးစကားပြောနေချိန်မှာတော့ သျှန်၏ရင်ထဲမှအနာ သက်သာကာ ပေ့ဒနာလျော့ပါးလေသည်။

"ဟောဗျာ . . ညှို့သည်ရောက်နေပါလား"

❀ ❀ ❀



## အခန်း(၃၂)

နောင်ရိုးပြောမှ . . 'ဝါးရိုပ်' စားသောက်ဆိုင်ရှေ့မှာရပ်ထားသောကားကို သျှန် မြင်၏။

"ဟင် . . အဲဒါ သူ့ကားပဲ . . ကိုဖုန်းမြင့်ကား"

သျှန် အလန့်တကြားဖြစ်တာ မျက်လုံးလေးပင်ပြူး၏၊ ရင်တွေ အခုန်မြန်တာ ကိုယ်သာအသိဆုံးဖြစ်လေသည်။

"ကိုယ်ဘာလုပ်ပေးရမလဲ သျှန်၊ ကားမြန်မောင်းထွက်ရမလား"

"ဘာလာလုပ်တာလဲဆိုတာ သိချင်တယ် နောင်ရိုးရဲ့၊ ရပ်လိုက် . . ဒီမှာပဲရပ်ပါ . . ကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာ ကားတံခါးပွင့်လာ၏။ တို့ကားပေါ်မှ ဆင်းလာသူက ခေတ်မီလှပစွာမြင်ဆင်ခြယ်သထားသော မိန်းမချောမိန်းမလှလေးပဲဖြစ်၏။

"အဲဒီမိန်းကလေးက ဘယ်သူလဲ"

နောင်မိုးက ခပ်တိုးတိုးမေး၏။ သျှန်က ခပ်တိုးတိုးပြန်ဖြေလေသည်။

"သန္တာဆိုတာဖြစ်မှာပေါ့"

"ဟင် . . သေသေချာချာမသိဘူးလား။ ဘာလို့ဖြစ်မှာပေါ့ရတာလဲ"

"နှစ်ယောက် သေသေချာချာရင်ဆိုင်တွေ့ဖူးကြတာမှ မဟုတ်တာ"

"ဟောဗျာ . . အဆန်းအပြားပါလား"

"ဘာမှ ဆန်းပြားစရာမရှိဘူး၊ ဘယ်လိုကြီးလဲ သူက ဘာလာပြောတာလဲမသိဘူး"

"ကြည့်ရတာ တစ်ခုခုပြောချင်တာသေချာတယ် . . ရပ်နေပြီ၊ သျှန် ဆင်းသွားလိုက်မှကောင်းမယ်"

သျှန်က ကားပေါ်မှ မဆင်းချင် ဆင်းချင်ပုံစံမျိုးဖြင့် ခပ်လေးလေးဆင်း၏။ နောင်မိုး၏ကားရှေ့နားမှာ ရှမ်





ယောက်ဆုံမိကြလေသည်။

"သျှန်"

သန္တာက နူးညံ့စွာ ပြုံးလျက် စတင်ခေါ်၏။

"ကိုယ့်ကို သိမယ်ထင်တယ်"

သျှန် . . မဲ့ပြုံး ပြုံးလိုက်၏။

"သိတယ် . . သန္တာဆိုတာသိနေတာပဲ"

"သန္တာအနေနဲ့ပဲသိတာဖြစ်မယ်ထင်တယ်"

သျှန်၏ခေါင်းကလေး ဆတ်ခနဲမော့သွား၏။

"တခြား . . ဘယ်အနေနဲ့သိဖို့လိုသေးလို့လဲ"

"ကိုကိုညီမတစ်ယောက်အနေနဲ့ သိစေအားတာ အရမ်းအံ့ဩစရာကောင်းတာပဲ"

"ဟင် . . ဘာဖြစ်တယ် . . ဘာပြောတယ်"

သျှန် အံ့ဩတကြီးဖြစ်ကာ အော်မိ၏။

"မညာနဲ့ . . ကိုမှာ ဘာညီမမှမရှိဘူး၊ သူက တစ်ဦးတည်းသောသားပဲ"

"ဟုတ်တယ် မမှားပါဘူး၊ သူက တစ်ဦးတည်းသောသားဖြစ်သလို . . သန္တာက တစ်ဦးတည်းသောသမီးပဲ"

"ဘာတွေလဲ . . ဘာတွေလာပြောနေတာလဲ"

www.burmeseclassic.com



"မင်းအထင်မှားနေလို့ ငရဲကြီးမှာစိုးတာကြောင့် လာရှင်းပြတာလေ၊ ကိုကိုက သန္တာနဲ့ အဖေတူ အမေကွဲမောင်နှမပဲ"

ချွန် . . တံခါးအသင့်မှာ ကြောင်ကြည့်နေပြီးမှ ရယ်မောလိုက်၏။

"ပုံလာပြောတိုင်းယုံမဲ့အထဲမှာ 'တို့'မပါဘူး"

"မယုံရင်လည်း မတတ်နိုင်ဘူး ပြည့်ဝေချွန်၊ သန္တာနဲ့ အထင်လွဲပြီး မင်းတို့အိမ်ထောင်ရေးအဆင်မပြေဘူး ကြားလို့ ကိုကို့ကို မျှောင်းဖျပြီး ဒီအထိလိုက်လာခဲ့တာ"

"အဲဒီလိုပြောဖို့ တိုင်ပင်ပြီးတော့ပေါ့ . . ဟုတ်လား"

"အစိပ္ပါယ်မရှိတာ . . ဘာတိုင်ပင်စရာလိုသလဲ၊ မှန်တာပြောတာ ခင်းမယုံရင်နေ"

"ပြောပါဦး . . ကိုယ်တို့အိမ်ထောင်သက်သုံးနှစ်ပြည့်မှ ပေါ်လာတဲ့ယောက်မက အရင်က ဘယ်မှာရောက်နေတာလဲ"

"အမေရိကားမှာလေ"

"အမေရိကားမှာ"

ချွန် . . မျက်လုံးလေးပြူးသွား၏။





"ကိုအဖေက အမေရိကားမှာ ချွန်ရဲ့ အဖေတော တို
ငယ်ငယ်ကတည်းကဆုံးသွားခဲ့တာ၊ အဖေက နောက်
အိမ်ထောင်နဲ့လေ"

ဆိုသောစကားကို နားမှာကြားယောင်လာလေသည်။

"ကိုယ့်အိမ်ထောင်နဲ့စိတ်ဆိုးထွက်လာခဲ့တာလေ၊ ဒီကျ
တော့ စိတ်ပြေလက်ပျောက်ဖြစ်အောင် ကိုကိုမုန်းမြင့်
က သူ့အလုပ်တွေစိုင်းကူလုပ်မိုင်းခဲ့တာကြောင့် . . လုပ်
ပေးခဲ့တာ၊ မရောက်ဖူးတော့တဲ့နေရာတွေ ကိုကိုက လိုက်
ပို့ခဲ့တာ"

"ဟင်"

ချွန် အံ့ဩတကြီးဖြစ်ရလေသည်။

"ဒါဆိုရင် ဘာ့ကြောင့် ချွန်နဲ့မိတ်ဆက်မပေးခဲ့တာလဲ
ချွန့်ကို အသိမပေးရတာလဲ"

"သန္တာရောက်ခါစက ချွန်နဲ့တွေ့ဖို့ လိုက်လာခဲ့သေး
တယ် ချွန်မရှိဘူး၊ နယ်ထွက်နေတယ်ပြောတယ်"

"ဪ"

နေ့မီးညမီးဆက်အောင်နိုက်ကာရသော ရှုပ်ရှု



www.burmeseclassic.com

www.burmeseclassic.com



ကားတွေကြောင့် 'ကို'နှင့်တွေ့ခွင့်နည်းပါးခြင်းကို သတိရ၏။

"ဒါပေမဲ့ . . သန္တာ့အကြောင်း သျှန်မေးခဲ့သေးတာပဲ၊ အဲဒီအချိန်ကပြောရင် ရတာပဲ၊ သူလုံးဝမပြောခဲ့တာ"

သန္တာသဘောကျစွာ ရယ်လေ၏။

"အပြန်အလှန်စိတ်ဆိုး စိတ်ကောက်နေချိန်မှာ အရွဲ့တိုက် ဘုပြောတတ်တဲ့ကိုကို့အကျင့်ကို သျှန် သိသင့်ပါတယ်၊ သူ့အိမ်မှာလုပ်တဲ့ မင်္ဂလာနှစ်ပတ်လည်ပွဲကို သူ မှောင်မသိတော့ သဘာဝမှမကျဘဲ"

"မသိအောင်စီစဉ်တာက ဖြူနီးခနဲသိရင် အံ့ဩသွားအောင်လို့ပါ သန္တာ၊ သူရောက်လာရင် အံ့ဩဝမ်းသာသွားစေချင်တာပါ၊ ဒါပေမဲ့ . . သူ ရောက်မလာခဲ့ဘူး"

"စိတ်ဆိုးနေပါတယ်ဆိုမှ ဘယ်လာပါ့မလဲ သျှန်ရဲ့၊ အခု သန္တာက အမေရိကားပြန်တော့မှာမို့ လာနှုတ်ဆက်တာ"

"ဟင် . . ပြန်တော့မယ်"

"ပြန်တော့မယ်လေ . . ယောက်ျားကဖုန်းဆက်ပြီးတကျိကျိခေါ်နေပြီ သျှန်ရဲ့၊ ပြန်ချင်ပြီ၊ သျှန်တို့ သင့်မြတ်သွားရင် သန္တာ စိတ်ချမ်းသာပါပြီ၊ လောလောဆယ်တော့





ကိုကို့ကားကို သန္တာယူသုံးချင်လို့ ယူသွားတော့မယ်၊ သျှန့်ကားနဲ့ ကိုကို့ ပြန်လိုက်မယ်သိလား"

သျှန် ဘာတစ်ခုမျှ ပြန်ပြောခွင့်မရခင်မှာပင် သန္တာက ရပ်ထားသောကားဆီလှမ်းသွား၏။ ကားတံခါးတစ်ချပ်ပွင့်လာပြီး ဆင်းလာသူက 'ကို'ဖြစ်၏။

ဖုန်းမြင့်နိုင် . . ဖြစ်၏။

'သျှန်'

လှမ်းခေါ်ရင်း လျှောက်လာ၏။

'ကို'

ဖုန်းမြင့်နိုင်ကို သျှန်က ငေးမောကြည့်ပြီး ထပ်လှမ်းချင်းလျှောက်သွားချိန်မှာ . . သန္တာမောင်းထွက်လာသော ကားလမ်းပိတ်မနေရအောင် . . နောင်နှီးက ကားကို နောက်ဆုတ်ထွက်၏။

သန္တာက ဖုန်းမြင့်နိုင်နှင့်သျှန်၏နံဘေးအရောက်မှာ ကားကို အရှိန်လျှော့မောင်းကာ ငုံ့ကြည့်နှုတ်ဆက်၏။

"ရန်မဖြစ်ကြနဲ့တော့နော် . . သွားပြီ"

ရယ်မောနှုတ်ဆက်လေသည်။

သျှန်တာ . . ရှက်ပြုံးလေး ပြုံးကြည့်ကာခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



ရင်း မြန်အလှည့်မှာ ဖုန်းမြင့်နိုင်က ရယ်ပြီး ငုံ့ကြည့်နေသဖြင့် ရွက်မျက်တောင်လေးတို့ လိုက်လေသည်။

"ဘာကြည့်တာလဲ ... သွား"

"ဟောဗျာ . . ဘာလို့သွားရမှာလဲ၊ မသွားပါဘူး"

ဖုန်းမြင့်နိုင်၏ရင်ခွင်ထဲ သျှန် ခေါင်းလေးတိုး ဝေ့ဝင်ချိန်မှာ . . . နောင်ရိုး၏ကားက ကားလမ်းမပေါ် ရောက်ရှိသွားခဲ့ပါပြီ။ သျှန်တို့အိမ်ထောင်ရေး အဆင်ပြေသွားသည်ကိုပဲ နောင်ရိုးတစ်ယောက် ဝမ်းသာရမှာပါ သျှန်ရယ် . . . . .။ ။

စိတ်ချမ်းသာကိုယ်ချမ်းသာရှိကြပါစေ။

စာချစ်သူများ၏

မအေးလေး

၁၄-၁၂-၀၂



www.burmeseclassic.com